www.burmeseclassic.com

ရိုးစာပေ

# တကယ်နတ်မခံရသူ

မောင်သုဆွေ(သပြေရုံ)



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

စိုးစာပေ စာစဉ်အမှတ်(၁၈)

**စိုးစာပေ**

အမှတ်-၄၉၊ ကျောင်းကုန်း(၁)လမ်း၊ လှိုင်မြို့နယ်။
ဖုန်း - ၀၉ ၂၅၁၀၇၉၆၆၆၈

ဖြည့်လုံးကျွတ်ဖြန့်ချိရေး

**မိတ်ဆွေစာပေ**

အမှတ်(၆၁)၊ ဘုရင့်နောင်လမ်းမ၊ ရတနာလမ်းထိပ်၊
ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်။
ဖုန်း - ၀၉ ၈၆၂၀၇၅၃၊ ၀၉ ၂၅၀၆၆၁၃၀၃



www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

ပထမအကြိမ် - ၂၀၁၅ ဇွန်
အုပ်ရေ - ၅၀၀ အုပ်
တန်ဖိုး - ၅၀၀ ကျပ်
မျက်နှာဖုံးဒီဇိုင်း - ဦးကံကောင်း
ကွန်ပျူတာ - ကောင်းထက်(ရွှေပြည်သာ)
အတွင်းဖလင် - ADORN၊ ၀၉-၄၅၀၀၁၇၃၃၂
ထုတ်ဝေသူ - ဦးချစ်ညွန့် (၀၄၀၀၄)
ဇင်ရတနာစာပေ
၂၀၅၊ က/၄ လမ်း၊ မြို့သစ်
(က+ခ)ရပ်ကွက်၊ အင်းစိန်။
မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် - ဦးကျော်မင်းစိုး(မြဲ-၀၇၃၄၆)
စိုးမေတ္တာပုံနှိပ်တိုက်
အမှတ်(၁၇)၊ ၅၆ လမ်း
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

မောင်သုဆွေ(သပြေရှံ) ၃၉၈.၂
တကာယ်နတ်မခံရသူနှင့်အခြားဝတ္ထုတိုများ/မောင်သုဆွေ(သပြေရှံ)
ရန်ကုန်၊
ဇင်ရတနာစာပေ၊ ပထမအကြိမ်၊ ၂၀၁၅။
၂၁၇-စာ၊ ၁၂ x ၁၈ စင်တီ


# တကာယ်နတ် မ, ခံရသူ

# နှင့်

# အခြား ဝတ္ထုတိုများ

## မောင်သုဆွေ(သပြေရှံ)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ

၁။ အတူလေးရယ်တဲ့ ယှဉ်ကာပြိုင် - ၄
၂။ အနာ ဒိုင်ယာရီ - ၂၁
၃။ ကြိုက်ရာယူသုံး တစ်ပင်လုံး - ၃၅
၄။ အရိပ်နှင့် အလင်း - ၄၆
၅။ ဖုန်းခေါ်သံ - ၅၅
၆။ သူ၏နတ် - ၇၀
၇။ တို့ဆေးလား - ၇၈
၈။ မြှုံးထဲမှာ - ၉၁
၉။ ဆယ်ခါလွတ်စေသော် - ၁၀၀
၁၀။ သာသနာပြုနေသူများ၏ နယ်မြေ - ၁၀၉
၁၁။ မင်းကြီးဝေဿန္တရာကို အားကျမိခြင်း - ၁၂၀
၁၂။ သတိ ဆူးစူးတတ်သည် - ၁၃၂
၁၃။ တကယ်နတ်မ,ခံရသူ - ၁၄၃
၁၄။ အလှူတော် - ၁၅၈
၁၅။ ကျူးကျော်လာသော ဘီလူးများ - ၁၆၈
၁၆။ စေ့စေ့တွေး၍ ရေးရေးမြင်တော်မူ - ၁၇၉
၁၇။ ပို့အလှူတော် - ၁၉၅
၁၈။ အဝင်သွက်သွက် အထွက်ကြမ်းကြမ်း - ၂၀၆

BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

# အတူလေးရယ်တဲ့ ယှဉ်ကာပြိုင်

"ကိုးမြို့ရှင်နတ်နန်း နတ်ကနားပွဲအတွက် ၁တ်စွမ်းသမျှ အလှူငွေ ထည့်ဝင်ကြပါလို့ . . . "

နတ်ကတော် ခင်နန္ဒာတို့ အလှူခံသံ ချွဲပျစ်ပျစ်တွ ကြားကတည်းက ကြီးတော်မြ တစ်နေရာရာမှာ န်းခိုနေချင်လှပြီ။ သူမှာ ထည့်စရာ ငွေမရှိ။ ကိုးမြို့ရှင် ဂိုယ်တော်ကြီးအတွက်တော့ စေတနာရှိပါ၏။ ငွေ ခသပြာနတ္ထိ ဖြစ်နေတာက အခက်တွေ့နေသည်။



အလှူခံအဖွဲ့ သူ့ အိမ်ရှေ့မရောက်သေး။ ခင်နန္ဒာ၏ ယောက်ျားသံ ဩဩကြီးသာ မကြားချင် အဆုံးဖြစ်နေသည်။ ဘာမျှမကြာလိုက်။ သုံးလေးအိမ်အလှူခံပြီး မိန်းမလျာခင်နန္ဒာတို့အဖွဲ့ သူ့အိမ်ရှေ့ရောက်လာသည်။

"ကြီးဒေါ်မြ . . . ကြီးဒေါ်မြ . . . အစ်မတော်ကြီး ကြီးဒေါ်မြ အလိုတော် . . . **အသံ** မကြားပါလား"

"စွတ်ခေါ်မနေနဲ့အေ၊ **တံခါးကြီးပွင့်နေတာ** မမြင်ဘူးလား လူရှိမှာပေါ့"

" ကြီးဒေါ်မြ၊ **နတ်ကနားပွဲအတွက်** အလှူခံလေ ကြီးဒေါ်မြ "

**ကြီးဒေါ်မြလည်း** မှောင်မှာ ချောင်ခိုမနေအားတော့၊ **အိမ်ရှေ့ကို** မထွက်ချင်ထွက်ချင် ထွက်လိုက်ရသည်၊ **အရင်ဆုံး** ကြားရသည်မှာ ခင်နန္ဒာ၏ ဘယ်သံ ဩဩကြီးပင်၊

"အစ်မတော် ကြီးရယ်၊ အစ်မတော်ကြီးက

www.burmeseclassic.com

www.burmeseclassic.com



ခင်နန္ဒာတို့ ဒီလောက် အော်နေတာတောင် ဘာလို့ မထူးရတာလဲလို့”

“မထူးချင်လို့ မဟုတ်ပါဘူး ခင်နန္ဒရယ်၊ ကျုပ်မှာ ထည့်ဖို့ငွေ မတတ်နိုင်လို့ ညည်းတို့ခေါ်တာ မထူးမိတာပါ၊ ခုတောင် အားနာလို့ ထွက်တွေ့တာပါနော် ကောင်မ”

“အမယ် . . . အမယ်၊ အစ်မတော်ကြီးကလဲ ဒီလိုပြောလို့ ဘယ်ဖြစ်မလဲ၊ တစ်ကျပ်တစ်မတ်တော့ ထည့်အုံး”

“အမယ်လေး . . . ခင်နန္ဒာရယ်၊ ရှိမှားရှိရင် ပြောရမယ့် လူတွေလား၊ ဟဲ့ . . . ငါ့မှာ တစ်ကျပ်လဲ မရှိ၊ တစ်မတ်လဲ မရှိလို့ ပြောနေရတာတော့”

“အဘကိုးမြို့ရှင်က မေတ္တာ စေတနာနဲ့ ကြည့်ရှုစောင့်ရှောက်နေလို့ တစ်ရွာလုံး အေးချမ်းသာယာနေတာလဲ ထောက်ထားပါအုံး အစ်မတော်ကြီးရယ်၊ ဒီလိုသာ သူကလဲ မထည့်နိုင်၊ ငါကလဲ မထည့်နိုင်ရင် ဘယ်လိုလုပ် နတ်ကနားပွဲ၊ လုပ်နိုင်တော့မှာလဲ၊ နဲရောင်းများရောင်း



တောင်းပြည့်တင်းပြည့်ဆိုသလိုပဲ တစ်ကျပ်တစ်ပြားတော့ ထည့်ဝင်ပါအုံး”

“ဟဲ့-ငါ့လက်ထဲ အဲဒီတစ်ကျပ်ကို မရှိတာ၊ နင်တို့ ဘကြီးထွန်းကလဲ ရှိတဲ့လယ်တွေယာတွေကို သူရင်းငှား တူတော်မောင်တွေနဲ့ချည်း လွှဲထားပြီး ခုတစ်လော မူးလားမူးရဲ့၊ ကြက်ပွဲသွားလား သွားရဲ့ဖြစ်နေတာ နင်တို့ အသိပဲ မဟုတ်လား”

“ဟုတ်တော့ဟုတ်တာပေါ့၊ ကိုယ့်လူကိုလဲထိန်းအုံးလေ ကြီးဒေါ်မြရဲ့၊ နတ်ကနားပွဲအတွက် ငွေမထည့်လို့ကတော့ ကနားပွဲဝင်ပြီး ပျော်တော်မဆက်ရဘူး”

“နင်က လင်မယူဘူးတော့ ဘယ်ကိုယ်ချင်းစာတတ်မလဲ ခင်နန္ဒာရဲ့၊ မထည့်ချင်လို့ မထည့်တာမှ မဟုတ် ဘဲ၊ မထည့်နိုင်လို့ မထည့်ဖြစ်တာ မှန်း ညည်းသိပါတယ် အေး၊ ကနားပွဲကိုတော့ လာထမှ ဖြစ်မယ်အေး၊ သိလား ခင်နန္ဒာ၊ ခုကတဲက စရန် ရိုက်ထားတာနော်”

“အေးပါ . . . အေးပါ၊ ကြီးဒေါ်မြ ကြီးဒေါ်မြ

www.burmeseclassic.com

www.burmeseclassic.com



နဲ့. နာမည်သာ ကြီးနေတာ ကိုယ့်လင်ကိုယ်တောင် မထိန်းနိုင်ဘူးလို့ နတ်ကနားအတွက် တစ်အိမ်တက်ဆင်း အလှူခံရင်း တစ်ရွာလုံးကြားအောင် ဟာစ်ပစ်လိုက်မှာ နော်"

"အေး-ဟစ်လိုက်ကြ . . ဟစ်လိုက်ကြ၊ လင်တော်မောင် မောင်ဘိုးထွန်းက ဒီအတိုင်းနေမလား ထဲ့။ ဝါးရင်းတုတ်နဲ့. လိုက်ရိုက်မှ ညည်းတို့ အပြေးရလမ်းမှားနေမယ်၊ သူမူးလာရင်တော့ ငါလဲ တာဝန်မယူနိုင်ဘူး။ ဟယ် -ဟိုမှာ ပြောရင်းဆိုရင်း သိုင်းတွက်နင်းပြီး လာနေပြီ၊ သွားကြ . . . သွားကြတော့ . . . မယ်မင်းကြီးမတို့၊ တော်ကြာ ပြဿနာတက်နေမယ်"

ခင်နန္ဒာတို့တစ်သိုက် ဘကြီးထွန်းဆိုသည်နှင့်ပင် တိုးလန့်စာစား ဖြစ်နေကြပြီ။ ဘကြီးထွန်းကြိမ်လုံးကို သူတို့နတ်ဝင်သည်တွေ ထိဖူးကြုံဖူးထားကြတော့ ကြောက်နေကြသည်။ ဘကြီးထွန်းကလည်း အမြင်မတော်လျှင် မတော်သလို လက်မြန်သည်။ လေကုန်မခံ။



ဘကြီးထွန်း အသံကြားရုံဖြင့် မပြေးရုံတစ်မည် ထွက်သွားကြသော နတ်ဝင်သည်တွေကြည့်ပြီး ကြီးတော်မြ ပြုံးလိုက်မိသည်။ လင်တော်မောင် ကိုဖိုးထွန်း ကတော့ ဘယ်မှာ သဝေထိုးနေသည်မသိ၊ အရိပ်အယောင်တောင် မမြင်ရသေး။

* * *

ဘကြီးထွန်းဟော့ ဆိုလျှင် တစ်ရွာလုံး မီးသေသည်။ ကျေးရွာ သာရေး နာရေးဆိုလျှင်လည်း လက်မနှေး။ သို့သော် နတ်ဝင်သည်တွေနှင့်မူ ဘကြီးထွန်း အကြောမတည့်။ အထူးသဖြင့် နတ်ကနားပွဲရှိလျှင် ဝင်ဝင်ပူးတတ် ကတတ် ပျော်တော်ဆက်တတ်သော ကြီးတော်မြကြောင့်လည်း နတ်ဝင်သည်တွေ ခံရပေါင်းများပြီ။

နတ်ပူးခြင်းဝါသနာကိုလည်း ကြီးတော်မြက မစွန့်၊ သူ့အပူးတောင်း၍ အရိုက်ခံရပေါင်းများပြီ၊ ကိုယ့်အိမ်ကိုယ့်ရာမှာ ရိုက်ခဲ့ခြင်း မဟုတ်။ နတ်ကနားသို့ ဝင်၍ ပူးနေသော နတ်ပါမကျန်၊ နတ်ရုပ်တွေကော၊

www.burmeseclassic.com

www.burmeseclassic.com



အုန်းပွဲငှက်ပျောပွဲတွေရော ကြိမ်လုံးရှိ ကြိမ်လုံးဖြင့် ရိုက်သည်။ ကြိမ်လုံးမရှိလျှင် တွေ့ရာတုတ်ဖြင့် ကောက်ရိုက်သည်။

နတ်ဝင်သည်များ ဘကြီးထွန်းလက်ချက်မထိဘူးသူ မရှိချေ။ အလျော်ပေးကြေးဆိုလျှင်လည်း ကျိုးပဲ့သွားသော နတ်ရုပ်တွေအတွက်တော့ ကြီးတော်မြကဘကြီးထွန်းမသိအောင် လျော်ပေးသည်။ အရိုက်ခံရသူ နတ်ကတော်များကမူ ဘကြီးထွန်းကို အလျော်မတောင်းရဲ။

ငယ်နုစဉ်က ကာလသားခေါင်းပီပီ ကျေးရွာလူငယ်များပေါ်တွင် ဘကြီးထွန်း၏ ဩဇာ ကြီးမားခဲ့သည်။ ယခုကဲ့သို့ အရွယ်တော် သိသိဟိုင်းသော်လည်း စိတ်ဓါတ်အရှိန်အဟုန်က မကုန်သေး။ ထစ်ခနဲဆိုစိတ်ကလည်း ထောင်းခနဲ ရှိသေး။

ဘကြီးထွန်း ထန်းရည်ခါးတန်ခိုးဖြင့် သိုင်းကွက်မမှန်တမှန်နင်းလျက် အိမ်ပြန်လာသော် သူ့ဇနီးသည်ကြီးတော်မြက သာတောင့်သာယာ ဆီးကြို လိုက်တော့သည်။



"တကတဲတော် . . . ခွေးတိုက်လို့တောင်မသောက်တဲ့အရည်တွေ သောက်လာပြန်ပြီ။ တော့်လဲကိုယ့်လယ်ကိုယ်ယာ ဦးစီးဦးဆောင် လုပ်မယ်မရှိဘူး။ အားအားရှိ ဒီအရည်တွေ သောက်သောက်နေတယ်။ ကျုပ်လဲ သုံးဖို့စွဲဖို့ရအောင် စပါးဖြစ်ဖြစ်၊ ပဲဖြစ်ဖြစ် ရောင်းပေးပါအုံး"

"ဟာ - ဒီမိမယ်မြ၊ အေးအေးဆေးဆေး မနေချင်ဘူး။ ခွေးမသောက်တာက ကောင်းမှန်းမသိလို့မသောက်တာ။ တော်တော့ . . . အဲဒီနတ်ကနားပွဲထည့်မှာစိုးလို့ကို ငါ့မတ်ပဲတွေ မရောင်းသေးတာ။ အဲဒီပွဲပြီးမှ ရောင်းမယ်"

"တော်ဟာလေ . . . တကယ့် လူ့ခွစာကြီးပဲ။ ကျုပ်ဆို တစ်ပြားမှမထည့်နိုင်လို့ ခင်နန္ဒာတို့ ပြောဆိုသွားတာ ခံနေရတယ်။ တော် မရှက်ပေမဲ့ ကျုပ်ရှက်တယ်တော့"

"အေး-အေး၊ ရှက်ရင် လဲသေလိုက် မယ်မြ့ရေ။ နင်လဲ နတ်ကနားပွဲ မပြီးမချင်း စပါးတွေ ပဲတွေ ရောင်း

www.burmeseclassic.com



မယ်မကြဲနဲ့၊ ငါ့အကြောင်း နင် သိတယ် မဟုတ်လား”

“သိပါတယ် . . သိပါတယ်။ တကတဲ သူ့ကျ တော့ ထန်းရည်ခါးတွေ သောက်သောက်နေပြီး နတ်ကနားပွဲကျတော့ ထည့်မှာစိုးလို့လေး ဘာလေးနဲ့၊ အရှင်ကြီးတွေ မစလို့ ဒီလို နေရထိုင်ရတဲ့သူကများ၊ တော့်ဝီရိယမျိုးနဲ့ ခုလိုမျိုး နေရထိုင်ရမယ် အားကြီးကြီး”

“ကြီးကျယ်လိုက်တာ မယ်မြရယ်၊ ငါထန်းရည်သောက်တာ ဘာဖြစ်လဲ၊ မူးမယ့်မူး ငါတစ်ယောက်ထဲမူးတာ၊ တစ်ရွာလုံး မမူးဘူး၊ ငွေကုန်မယ့်ကုန် ငါတစ်ယောက်ထဲကုန်တာ၊ တစ်ရွာလုံး ကုန်တာမဟုတ်ဘူး၊ နင့်နတ်ကနားပွဲက တစ်ရွာလုံးကုန်တာဟဲ့၊ တစ်ရွာလုံးကို နတ်မှိုင်းတိုက်တာဟဲ့၊ တစ်ရွာလုံး မူးအောင် ဝေအောင် အကြံတုံး ဉာဏ်တုံးဖြစ်အောင် လုပ်တာဟဲ့ သိလား၊

နောက်ပြီးလဲ လည်တုန် ဇက်တုန်နဲ့ ခုန်လိုက်ပေါက်လိုက် လုပ်နေကြတာကိုက ကြည့်မရတာ၊ နင်တို့တွေကမှ တစ်ရွာလုံးကို နတ်မှိုင်းတိုက် နေကြတယ်ဆိုတာ သဘောပေါက်စမ်းပါ မိမယ်မြရယ်၊



ငါတို့ရွာသားတွေ အိမ်နဲ့ ဝိုင်းနဲ့ နွားနဲ့ လှည်းနဲ့ နေနိုင်တယ်ဆိုတာ နွေနွေမိုးမိုးဆောင်းဆောင်း ငါတို့ကြိုးစားကြလို့ နေနိုင်တာ၊ အေး ငါသာအားအားရှိ အရက်သောက်၊ ကြက်တိုက်၊ ဖဲရိုက်လို့ချည်းနေရင် မနက်စာ ထမင်းချက်ပြီးတာနဲ့ ညစာချက်ဖို့တောင် နင့်မှာ ဆန်ရှိမှာ မဟုတ်တော့ဘူး၊ အဲဒီလို အနေအထားမှာ ဘယ်ကိုးမြို့ရှင်မှ နင့်ကို မကယ်နိုင်ဘူးဆိုတာ မှတ်ထားမယ်မြ”

“အမယ်လေး၊ ပြောတတ်လိုက်တာ ကိုထွန်းရယ်၊ တော်သာ စိန်နားကပ်ရောင်နဲ့ ပါးပြောင် မနေပါနဲ့၊ တော့်အရွယ် အိုနာကျိုးကန်းနဲ့ တော်ဘာလုပ်နိုင်တာမှတ်လို့၊ တူတော်မောင်တွေ ကြိုးကြိုးစားစား လုပ်ကိုင်ပေးကြလို့ အခြေမပျက် အနေမပျက်နေနိုင်တာမှတ်ပါ၊

အဘိုးကြီးကိုထွန်း၊ ကိုယ့်ကိုယ်ကို ငယ်ငယ်တုန်းကလို လုပ်နိုင်ကိုင်နိုင်လှပြီ မထင်လိုက်ပါနဲ့၊ အဘကိုးမြို့ရှင်ရဲ့ အစောင့်အရှောက် ခံရလို့ပေါ့တော့

www.burmeseclassic.com

www.burmeseclassic.com



ဆတ်ဆတ်ထိ မခံဘူး၊ ကိုယ့်အသက်မှ အားမနာ ခုတစ်လော ထန်းတော်ဘက် ခြေဦးလှည့်နေတာ၊ မပြောချင်လို့ မသိချင်ယောင်ဆောင်နေတာ"

သည်တစ်ခါတော့ ဘကြီးထွန်း ဘာမှပြန်မပြောတော့၊ ပြောလျှင်လည်း ဇနီးသည် ငယ်ကျွမ်းဆွေကြီးတော်မြနှင့် ရန်ဖြစ်ဖို့သာ ကျန်တော့သည်၊ စိတ်ထဲကတော့ "ငါ့ခြေထောက်နဲ့ ငါလှည့်တာ၊ နင်ခြေထောက် ငှားလှည့်တာလား" ဟုတော့ ပြောလိုက်ချင်ချင်၊

* * * *

ကိုးမြို့ရှင် နတ်စင်က ချောင်းကမ်းပါးမှာ ရှိသည်၊ ကွေ့ကောက်တွန့်ခွေကာ တသွင်သွင်လျှင်လျှင် မြန်မြန် စီးဆင်းနေသော ချောင်းကလေးသည် ကျဉ်းသော်လည်း ဇောက်နက်သည်၊

အခုလည်း လူတွေ နတ်စင်ရှေ့ယောက်ယက်ခတ်နေကြသည်၊ ခင်နန္ဒာတို့ အုပ်စုကလည်း နတ်ပွဲအတွက် ငွေစုပြီး၍ ကနားပေးရမည့်ရက်ပင် သတ်မှတ်ပြီးနေပြီ၊ နတ်ကနားမကျှာပ်ထိုးမည့်နေ့ကျမှ တန်ခိုးကြီးလှ



ပါသည်ဟု ခင်နန္ဒာတို့ ပြောပြောနေသော ကိုးမြို့ရှင် နတ်ရုပ်ကြီး ပျောက်နေမှန်းသိကြသည်၊

ဘယ်လိုကဘယ်လို စပြီး ရှာရမှန်း မသိကြ၊ နှစ်တောင်သာသာမြင့်သော မတ်တတ်နတ်ရုပ်ကြီးကို မကြာသေးမီကမှ နတ်ကနားပွဲအမီ ဆေးခြယ်ထားသည်မို့ နတ်ဝင်သည်တွေ နှမြောတသသ ဖြစ်နေကြသည်၊

ထူးဆန်းနေသည်မှာ ဘကြီးထွန်း ဖြစ်သည်၊ ထန်းတောလည်း မသွားတော့၊ တူတော်မောင်တွေနှင့် အတူ အိမ်အလုပ်၊ လယ်အလုပ်တွေ အားတက်သရော လုပ်လာသည်၊

ဘကြီးထွန်း၏ လယ်စောင့်တဲသည် ကိုးမြို့ရှင်နတ်ကွန်းနှင့် သိပ်မဝေး၊ ဘကြီးထွန်း အခေါ်လွှတ်သည်ဆို၍ ကိုတောက်ထိန်နှင့်အတူ လယ်စောင့်တဲကလေးဆီ ရောက်ဖြစ်ခဲ့ပါသည်၊ တောင်ကျချောင်းကလေးသည် ကျဉ်းပင်ကျဉ်းသော်လည်း ရေအနက် လူတစ်ရပ်ကျော်ကျော်ခန့်ဖြင့် ခပ်မြန်မြန်စီးဆင်းနေသည်၊

"လာကြပေါ့၊ မောင်တောက်ထိန်တို့ ငါးခြောက်

www.burmeseclassic.com



ဖုတ်ဆီဆမ်းနဲ့ ရေနွေးကြမ်းသောက်ရင်း ပြောကြတာ ပေါ့"

ရာသီဥတုက ကြည်လင်သာယာနေသည်။ နံနက်ခင်း နေခြည်နွေးကြောင့် ချောင်းရေပြင်တစ်ခုလုံး တဖိတ်ဖိတ် တလက်လက် ငွေရောင်တောက်ပနေသည်။

"ဘာ့အကြောင်းများလဲ ဘကြီးထွန်းရဲ့"

တိတ်ဆိတ်မှုကို ကိုတောက်ထိန်က ဖြိုခွင်းလိုက်သည်။

"ဒီလိုရှိတယ် မောင်တောက်ထိန်တို့၊ မောင်သုဆွေတို့ရ။ တို့ရွာနတ်စင်က ကိုးမြို့ရှင် နတ်ရုပ် ပျောက်သွားတဲ့ကိစ္စ ပြောမလို့ကွ။ တစ်ရွာလုံးကလဲ ကိုးမြို့ရှင်မှ ကိုးမြို့ရှင် ဖြစ်နေကြတယ်မဟုတ်လား။ ဒါကြောင့် ပြောလို့ဖြစ်မယ့် မင်းတို့ ပြည့်စုံ မောင်တင်အေး တို့ကိုပဲ ပြောရတော့မှာပေါ့။ အဖြစ်က ဒီလိုကွ . . . "

* * * *

ထိုနေ့က ဘကြီးထွန်းတို့ လင်မယား တော်တော်ကြီးကို စကားများကြသည်။ ဘကြီးထွန်းလည်း ထန်းရည်



မူးသည်က နည်းနည်း၊ စိတ်ညစ်သည်က များများဖြင့် ပုဆိုးပိုင်းကလေး ပခုံးပေါ်တင်ရင်း ကျောအပြောင်သားဖြင့် နတ်စင်နား ရောက်လာသည်။

ကိုးမြို့ရှင် ရုပ်ထုကြီးကား ဘကြီးထွန်းကို ပြူးတူးပြဲတဲ ကြည့်နေသည်။ ဆေးအသစ်သုတ်ထားသဖြင့် ဟောက်တောက်ပြောင်ပြောင်ဖြစ်နေသည်။

အပေါ်ပိုင်း ဗလာကျင်းထားသော ကြေးညို ရောင်တောက်နေသည့် ဘကြီးထွန်း၏ အသွင် သဏ္ဌာန်သည် ကျနေ၏ ဆည်းဆာတွင် ခံ့ခံ့ထည်ထည် ရှိနေပါ၏။

"အရှင်ကြီး ကိုးမြို့ရှင်၊ အရှင်ကြီးဟာ တန်ခိုးကြီး တယ် . . . တန်ခိုးကြီးတယ်လို့ တစ်ရွာလုံးကလဲ ယုံကြတယ်"။ ကျွန်တော့်နေးသည် မယ်မြကလဲ အရှင်ကြီးရဲ့ အစွမ်းအစကို အနှိုင်းအဆမရှိ အထင်ကြီးနေလို့ အခုပဲ အရှင်ကြီးအတွက်နဲ့ လင်မယားချင်း စကားများခဲ့ရပါ တယ်၊ ဒီအတွက်လဲ ကျွန်ုပ်ရင်ဆိုင် မခံရပ်နိုင်ပါ၊ ဒါ ကြောင့် အစွမ်းအစချင်းပြိုင် ချင်လို့

www.burmeseclassic.com

www.burmeseclassic.com



အရှင်ကြီးဆီ လာခဲ့ တာပါ။

"ကျွန်ုပ် ရှုံးနိမ့်ခဲ့ရင် အရှင်ကြီးရဲ့ ဝေယျာဝစ္စကို အကုန်လုပ်ပေးပါ့မယ်။ ဖောင်းတော်တွေ၊ ဝတ်လဲတော်တွေ ဟောင်းရင် လဲပေးပါ့မယ်။ အုန်းပွဲ၊ ငှက်ပျောပွဲတွေ ညှိုးနွမ်းသွားရင် ပွဲတော်အသစ်ဆက်ပါ့မယ်။ မနက်ရေချမ်း စားတော်ကွမ်းနဲ့ နတ်နန်းသန့်ရှင်းရေးလဲ လုပ်ပေးပါ့မယ်။

"တကယ်လို့ ကိုးမြို့ရှင်နတ်မင်းကြီး ရှုံးနိမ့်ခဲ့ရင်တော့ အရှင်ကြီးကို ဟောဟိုက စီးခွေရစ်လည်ချောင်းကြောရှည်မှာ ချာချာလည်မော ပေါလောမျောအောင်မျှောရပါတော့မယ် အရှင်ကြီး"

ဘကြီးထွန်းသည် ပြောပြောဆိုဆိုဖြင့် နတ်ရုပ်ကြီးကို ဆတ်ခနဲ ပွေ့ပိုက်မကာ ပုဆိုးပိုင်းကလေးကို ရေစပ်ရှိ သစ်ငုတ်တိုပေါ် တင်လျက် ချောင်းထဲဆင်းသွားပါသည်။ ညနေခင်း၏ အလင်းရောင် မှိန်မှိန်တွင် ဘကြီးထွန်းနှင့် ကိုးမြို့ရှင် နတ်ရုပ်ထုကြီးကို ဘယ်သူမှ သတိမမူမိကြ။



ချောင်းရေအလျဉ်ကား ခပ်ကြမ်းကြမ်း စီးဆင်းနေသည်။ ဘကြီးထွန်းမှာမူ နတ်ရုပ်ကြီးကို ပွေ့ပိုက်ကာ ရေနက်ရာ ရေလယ်ခေါင်အထိ သွားနေသည်။

"အရှင်ကြီး၊ အခုချိန်ကစပြီး ရေငုပ်ပြိုင်ပါမယ်။ အရှင်ကြီးမှာလဲ အစွမ်းအစရှိတယ်၊ ကျွန်ုပ်ကလဲ ကိုယ့်ကိုယ်ကို အစွမ်းအစရှိတယ်လို့ ယုံပါတယ်။ အခု ပြိုင်ပွဲစပါတော့မယ်။ ကျွန်ုပ်ကလဲ ကတိတည်ပါတယ်။ ရှုံးခဲ့မယ် ဆိုရင် ဝေယျာဝစ္စတွေ အကုန်လုပ်ပေးပါ့မယ်"

ဘကြီးထွန်းသည် ပြောပြောဆိုဆို အရုပ်ကြီးကို ပိုက်လျက် လူတစ်ရပ်ကျော်နက်သော ချောင်းရေထဲ ခက်ခက်ခဲခဲ ငုပ်သွားပါသည်။ အောက်ခြေသဲတွေအထိ ရောက်အောင်ကို ငုပ်သည်။ အရုပ်ကြီးကိုလည်း သဲနှင့်ထိသည်အထိ ဆွဲပြီး ဖက်ထားရာမှ လွှတ်လိုက်ပါသည်။

ကျွန်းသားဖြင့် လုပ်ထားသော ကိုးမြို့ရှင် နတ်ရုပ်ကြီးကား အရင်ဆုံး ပေါလောပေါ်ကာ ခပ်ကြမ်းကြမ်း စီးဆင်းနေသော ရေစီးနောက် တွေ့ကာပတ်ကာ ဝေ့ကာ ဝိုက်ကာ ပါသွားလေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဘကြီးထွန်း ရေပေါ်ပေါ်ချိန်မှာတော့ မျောပါသွားသော နတ်ရုပ်ကြီးကို ခပ်ရေးရေးသာ မြင်နေရပါတော့သည်။ တစ်ညလုံး ရေစီးသန်သန်နောက် မျောပါသွားသော ထိုကိုးမြို့ရှင် နတ်ရုပ်သတင်းကို ယနေ့ထိ ဘာသံမှ မကြားရတော့ကြောင်း ဘကြီးထွန်း ပြောမှ ကိုတောက်ထိန်နှင့် ကျွန်တော်တို့ သိရပါတော့၏။

မခံနိုင်လွန်း၍ တူပြိုင်ပြိုင် ရေငုပ်ကြမယ်လေ ဟု စိန်ခေါ်ခဲ့သော ဘကြီးထွန်း သေဆုံးခဲ့သည်မှာ ကြာလေပြီ။ ကျွန်တော်တို့ ကိုတောက်ထိန်တို့မှလွဲ၍ ဘယ်သူမှ မသိကြသော ရေငုပ်ပြိုင်ပွဲကလေးကိုတော့ ဘာနတ်ရုပ်မှ မရှိတော့သည့် နတ်စင်နားရောက်တိုင်း တွေးမိရင်း လူ့ခွစာကြီးဟု သမုတ်ခံရသည့် ဘကြီးထွန်းကိုသာ သတိရနေမိပါတော့သည်။

➤ ➤ ➤

# အနာဒိုင်ယာရီ

(၁)

"လူချင်တာကတော့ ဟုတ်ပါပြီကွယ်၊ ငါ့တူကြီးဘူမကြီးတို့က ဘယ်လောက်များ ကုန်မယ်ကျမယ် မှန်းထားတာလဲ၊ ဘကြီးက ဆီဘယ်လောက်၊ ငရုတ်ဘယ်လောက်၊ ကြက်သွန်ဘယ်လောက်ကုန်မယ်ဆိုတာ တွက်ရ ချက်ရမှာမို့ မေးကြည့်တာနော်"

"ကျွန်တော်တို့ကတော့ စပါးတင်းငါးရာလောက် မှန်းထားပါတယ် ဘကြီးထွန်း"

"သာဓုဗျာ . . . သာဓု . . . သာဓု . . . ရုပ်ဆွေရုပ်မျိုးနဲ့ ဆွေမျိုးဉာတကာတို့ရဲ့ ပုံပိုးမှုနဲ့ဆိုရင်

www.burmeseclassic.com

www.burmeseclassic.com



တော့ အလှူကြီးတစ်လှူ လှုလှုပပဖြစ်သွားနိုင်ပြီပေါ့၊ ဒါထက် ဘာကျွေးမယ်များ မှန်းထားလဲကွာ”

“ပဲဟင်းချိုနဲ့ ငါးခြောက်ထောင်းပဲ မှန်းထားပါတယ်”

“အင်း . . . ခုခေတ် ငါးခြောက်ထောင်းဆိုတာကလဲ ငါးခြောက်ဈေးတွေ၊ ကြက်သွန်နီတွေကမြင့်တော့ အသားကျွေးတာထက်တောင် ဈေးပိုမြင့်ချင်သေးတယ်ကွ။ ဒါကြောင့်လဲ ဝက်သားလိုဟာမျိုးကအရာရာခိုလို့ရလို့ အလှူတွေမှာ ကျွေးချင်ကြတာကိုးကွ။

“ကိုယ့်အလှူကြောင့် သေပေးရတော့မယ့် ဝက်သတ္တဝါကို သနားရမှန်း မသိကြတော့ဘူး။ ဝက်သားကျွေးနဲ့ အလှူလုပ်တယ်ဆိုတာကိုပဲ ဂုဏ်ယူချင်ကြသူတွေ များသားဟုတ်လား။ မင်းတို့ ဝက်သားမကျွေးတာကိုဘဲ ဘကြီးက ဝမ်းသာတယ်။ ဟင်းချိုဆိုတော့ပဲတီချဉ်နဲ့ ငရုတ်သီးကြော်ပါ စီမံပေးရမှာပေါ့ ကောင်းတယ် . . . ကောင်းတယ်၊ ကိုင်း . . . ကိုင်း ဝယ်ရခြမ်းရမယ့် စာရင်းမှတ်လိုက်ကြရအောင်”



ဘကြီးထွန်းမှာ ဟင်းအိုးကြီးရွာသားဖြစ်သည်။ အနီးအနားရွာဖြစ်သည့် တယ်ပင်တစ်ရွာမှ ကိုအောင်နီ အလှူလုပ်ချင်၍ အကူအညီတောင်းမှုကြောင့် ချက်တတ် ပြုတ်တတ်ရုံမက ကုန်တျစရိတ်ကိုပါ အချိုးကျကျ အလိုအပိုမရှိ တွက်တတ်သူ ဘကြီးထွန်း တယ်ပင်တစ်ရွာသို့ ရောက်ခဲ့ခြင်းဖြစ်သည်။

ဘကြီးထွန်းပြောသမျှ အလှူရှင်ကိုအောင်နီ၏ သားကြီး မောင်မောင်စန်းက လိုက်မှတ်နေ၏။ မှတ်လို့ မှမဆုံးသေး၊ ခြေရင်းနှစ်အိမ်ကျော်မှ အသံတစ်သံက ဘကြီးထွန်းအသံအား ဖုံးလွှမ်းစပြုလာသည်။

(၂)

“ငါ့ညီတော် ညီမတော်တွေကို ဒီအတိုင်း ငါမထားဘူး၊ မတော့မယ် . . . စတော့မယ်ဟေ့ . . . သဘောပေါက်ကြပါလား”

“သဘောပေါက်ပါတယ်၊ ကိုယ်တော်ကြီးဘုရား။

www.burmeseclassic.com

www.burmeseclassic.com



ညီတော် ညီမတော်တွေကို အမြန်ဆုံးသာ စောင်မကြည့်ရှု မစတော်မူပါဘုရား"

ကိုဖိုးပိန်တို့ တစ်အိမ်လုံး လူတွေပြည့်ကျပ်နေသည်။ ထိုင်သူထိုင် ထသူထဖြင့် နတ်အယောကို စိတ်ဝင်စားနေကြသည်။ ဝင်ပူးနေသည်မှာလည်း မင်းကြီး (ကိုယ်တော့်ကြီး)နတ်မို့ "ဘာများဟောဦးမလဲ၊ ပြောဦးမလဲ" ဟု သိချင်ဇောတွေ ကပ်နေကြသည်။

"အေး. . . အေး မစရမှာပေါ့။ နတ်နဲ့နဂါး မလှည့်စားနဲ့တဲ့၊ ကြားဖူးတယ် မဟုတ်လား။ ကိုယ်တော်ကြီးသာ ညီတော်တို့ ညီမတော်တို့ ကြီးပွားချမ်းသာအောင် မစရင် ပျော်ပွဲ မပွဲ ပေးမယ်လို့များ ကတိပေးနိုင်ရဲ့လားဟဲ့"

နတ်ကတော် မိန်းမလျာကြီး ခင်စန္ဒာအသံက အလျှုရှင် ကိုအောင်နီ၏အိမ်ထဲ လုံးဝင်လာသည်။ ဘကြီးထွန်း မနေသာတော့၊ ဝယ်ရမည့်စာရင်းကို ပြီးအောင်လုပ်ပြီး ရှိုးရာနတ်တင်နေသော ကိုဖိုးပိန်အိမ်ဘက် ရောက်သွားသည်။





အိမ်ပေါ်မှာ လူတွေ တော်တော်များများ ရှိနေသည်။ နတ်ကတော်ခင်စန္ဒာရှေ့မှာ ဒူးတုပ်လျက်လည်း တုန်တုန် ဖက်တုန်တုန် ပူးနေသည့် နတ်ကတော် ခင်စန္ဒာ၏ မစားရဲခမန်း စကားလုံးကွန်ရက်အစေးတွင် ငြိကပ်တွယ်ဖက်နေကြပေပြီ။

နက်ဖြန်ခါ သုံးလုံးပေါက်နိုးနိုး၊ သန်ဘက်ခါ နှစ်လုံး "တည့်" ဝင်နိုးနိုးတွေးတောလျက် ကိုယ်တော်ကြီးအမ အစကို ယုံကြည်ကာ "သူတို့ ထိုးတာ တို့လဲ လိုက်ထိုး မယ်" ဟူသော အတွေးရှင်တွေကြောင့် ကိုဖိုးပိန်တို့ အိမ်ကလေး ဤမျှ လူစည်ကားနေခြင်း ဖြစ်သည်။

ကယ်ဆယ်မည့်သူ တွေ့ပြီဆိုသောအတွေးဖြင့် ကိုဖိုးပိန်ဇနီးသည် မရွှေမီ ဝမ်းသာကြည်နူးရင်းဒူးတုပ်ဦးတိုက် မိနေပေပြီ။ နောက်နားမှာ ဘကြီးထွန်း ရောက်နေသည်ကိုပင် သတိမထားမိကြသေး။

"ဘယ့်နှယ် ပျော်ပွဲ . . . မပွဲ ပေးနိုင်ကြမှာလား။ ညီဘွား မောင်ဖိုးပိန်နဲ့ ညီမတော် မိရွှေမိတို့ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"ငွေရေးကြေးရေးသာ ပြေလည်ရင် ညီမတော်တို့က ပျော်ပွဲရွှင်ပွဲ မပွဲ ပေးမှာပါဘုရား၊ ကိုယ်တော်ကြီးတသာ ပျော်ပွဲမပွဲ ပေးနိုင်လောက်အောင် မစပေးတော်မူပါဘုရား"

"ဟယ် . . . ညီတော် ညီမတော်တို့က တယ်နားဝေးတာပဲ၊ ကိုယ်တော်ကြီးကြားချင်တာက ကတိဟဲ့၊ ပျော်ပွဲ မပွဲ ပေးပါမယ်ဆိုတဲ့ ကတိ၊ နှမတော်ကြီး ကြားရဲ့လား"

"ကတိပေးချင်ပါတယ် ကိုယ်တော်ကြီးဘုရား၊ ညီမတော်တို့မှာလဲ ငွေရေးကြေးရေး အခက်အခဲ . . ."

"နှမတော်ကြီး တိတ်စမ်း၊ ဘာလဲ၊ ကိုယ်တော်ကြီးကို မစပေးနိုင်မယ်လို့ မယုံတာလားဟဲ့"

"မဟုတ်ရပါဘုရား၊ ငွေကြေးမပြေမလည်နဲ့မို့ ကတိ မပေးရဲသေးတာပါဘုရား"

"နှမတော်ကြီးက ပြောရဆိုရ တော်တော် လက်ဝင်တာပဲ၊ ကိုယ်တော်ကြီးဆိုတာ လက်ညှိုးညွှန်ရာ ရေဖြစ်တယ်ဟဲ့၊ ရွှေဆိုရွှေ ငွေဆိုငွေအထိ စွမ်းဆောင်နိုင်





တဲ့ ကိုယ်တော်ကြီးကိုများ ကတိကလေးတစ်လုံးပေးဖို့ မဝံ့မရဲ ဖြစ်နေလို့ ကိုယ်တော်ကြီးက မျက်မာန်တော် ရှချင်နေတာ"

"နှမတော်တို့က ကိုယ်တော်ကြီးကို ယုံကြည်ပြီးသားပါဘုရား၊ မျက်မာန်တော်မရှလိုက်ပါနဲ့ ဘုရား၊ စီးပွားရေး မပြေလည်သေးလို့သာ ကတိမပေးဝံ့တာပါဘုရား၊ ကတိပေးပြီးမှ မပြေလည်လို့ နတ်ကနား မပေးနိုင်ရင် ကိုယ်တော်ကြီးကို လှည့်စားသလို ဖြစ်နေမှာ စိုးလို့ပါဘုရား"

"ဩော် . . . ကိုယ်တော်ကြီးကိုများ မပြေလည်ရင်ဆိုတာ ထည့်လျှောက်ရသေးလား နှမတော်ကြီးရဲ့"

ဘကြီးထွန်း မှနေသာတော့၊ မိရွှေမိနှင့် ကိုယ်တော်ကြီး သူတစ်ခွန်း ငါတစ်ခွန်းပြောရင်း လုံးလည်ချာလည် လိုက်နေပေပြီ၊ ကနားပေးရန် အတင်းရော ဇွတ်ရော တောင်းနေသော်လည်း ကိုယ်တော်ကြီး မစရမည့်အပိုင်းအား အကောင်အထည်မပြဘဲ မစားရ ခေါမန်းလေလုံးထွားပြီးရင်း ထွားနေသော နတ်ကတော် ခင်စန္ဒာ



www.burmeseclassic.com

www.burmeseclassic.com



ကိုလည်း ဘကြီးထွန်း ကြည့်မရ။ မထိန်းနိုင်မသိမ်းနိုင်၍ ပြောဖြစ်အောင်တော့ ဝင်ပြောလိုက်သည်။

"ဒီလို ရှိပါတယ် ကိုယ်တော်ကြီးရာ၊ မောင်ဖိုးပိန်တို့ မရွှေမိတို့ လက်ရှိအနေအထားနဲ့ ကနားပွဲ ပေးရမယ် ဆိုတာ မဖြစ်နိုင်တဲ့အနေအထားပါ။ ဒီနေ့သာရှောဟဲ့ ငွေထုပ်ရွှေထုပ်လို့သာ လက်ဆုပ်လက်ကိုင်ပေး၊ မနက်ဖြန် ကနားပွဲ ဖြစ်ကိုဖြစ်စေရမယ်။ ဖြစ်အောင်လဲ တျပ်ကြားက ဆောင်ကြဉ်းပေးမယ်၊ လုံးဝတာဝန်ယူတယ်"

"အမယ် . . . အမယ်၊ ညီဘွားနဲ့ ဘာဆိုင်လို့ ကြားထဲကဝင်ပြီး လူတွင်ကျယ် လုပ်ရတာလဲကွ၊ ဒီလိုမျိုး လူတွင်ကျယ်လုပ်လို့ကတော့ ဒါပဲရမယ်"

ပြောလည်းပြော အမှတ်တမဲ့ နောက်လှည့်ကြည့်နေသည့် ဘကြီးထွန်းဇော်ပိုးကို သူ့လက်ဝါးကြမ်းကြီးဖြင့် လှမ်းရိုက်လိုက်သည်။ နံမည်ကသာ ခင်စန္ဒာ၊ ယောကျ်ားရင့်မကြီးမို့ အားဖြင့် အရိုက်ခံရသူ ဘကြီးထွန်းမသက်သာ၊ အရှိန်ဖြင့် အရိုက် ခံရသောကြောင့် တစ်ပါးလွဲ



ထိုင်နေသည့် အဆင့်ကလေးမှ လေးဖက်ထောက် ပြုတ်ကျသွားသည်။

နှစ်ပေသာသာမှ ကျ၍သာ တော်ပါသေးသည်။ အသားနာသွား၍ ဘကြီးထွန်း ရှုရှုရှဲရှဲ ဖြစ်သွားသည်။ လက်ဦးမှုကြောင့်သာ ဘကြီးထွန်းခံလိုက်ရသော်လည်း စိတ်က အလျှော့မပေး။ လေးဖက်ထောက်ကျရာမှ စမ်းမိစမ်းရာ စမ်းသည်။ ဓားတွေ့ဓားဖြင့် ခုတ်ရန် ဝါးတွေ့ဝါးဖြင့် လုပ်ရန် စမ်းခြင်းဖြစ်သည်။ ဓားကိုတော့ မတွေ့၊ ဝါးစိမ်းတုတ်သာတွေ့၍ ခင်စန္ဒာ သက်သာသွားသည်။ သို့သော် မသက်သာ။

"ငါက ကောင်းကောင်းမွန်မွန် ပြောရက်နဲ့ ငါ့ဇက်ပိုးရိုက်တဲ့ ကိုယ်တော်ကြီး၊ ငါကလဲ ဘာအရေးစိုက်စရာလိုလဲ။ ရိုက်တယ်ကွာ၊ ကိုယ်တော်ကြီးရိုက်ရော ဘာဖြစ်လဲကွာ"

လဲရာမှ ကုန်းထကာ ပူးနေသော ခင်စန္ဒာအား ကျွဲရိုက်နွားရိုက် ဝင်ရိုက်ပါတော့သည်။ မရှောင်သာ၊ ကောနေအောင်ခံရ၏။ နတ်တွေကို ရိုက်၍ ဝင်ဆွဲလျှင်

www.burmeseclassic.com

www.burmeseclassic.com



ဆွဲသူကိုပါ ရိုက်တတ်သော ဘကြီးထွန်းဒေါသကြောင့် ဘယ်သူမှ ဘကြီးထွန်းကို ဝင်မဆွဲရဲ၊ အားရပါးရရိုက်ပြီးမှ သူ့ရှာ ဟင်းအိုးကြီးကိုပြန်ရန် ဘကြီးထွန်း တာစူသည်။

"အေး . . . အေး . . . နင့်ကံမြင့်တုန်းတော့ ငါရိုက်ထားအုံးပေ့ါ၊ နင့်အပြန်လမ်းမှာ အကောင်ကြီးကြီးနဲ့ကို လိုက်တိုက်မယ်"

ခင်စန္ဒာ၏ မကျေမနပ် အသံဩဩကြီးက ဘကြီးထွန်းကျောနားကို ဖြတ်ကျော်သွားသည်။

(၃)

ညအရေးကောင်း လလေးကလည်း မစောင်းတစောင်းအချိန်ဖြစ်သည်၊ ဘကြီးထွန်းအဖို့ ညအရေးကောင်း မကောင်း စိတ်မဝင်စားအား၊ အပြန်လမ်းမှာ "အကောင်ကြီးကြီးနဲ့ လိုက်တိုက်မယ်" ဟူသောစကားက ဘကြီးထွန်းအား ခြောက်လှန့်နေသည်။

ကိုယ်တော်ကြီးအား မကြောက်၍ စိတ်လိုလက်ရ ရိုက်ခဲ့သော်လည်း ကိုယ်တော်ကြီး တိုက်မည့် အကောင်ကိုတော့ လန့်ချင်ချင် ဖြစ်နေသည်။ ရင်ဆိုင်ရမှာက အကောင်ကြီးကြီးမို့ သင်ပေါင်းသားကြီးကြီးကိုတော့ လက်ကမချရဲ။



"ဘာကောင်ကြီးနဲ့များ တိုက်မှာလဲ"

မယုံကြည်၍ စိတ်လိုလက်ရ လုပ်မိလုပ်ရာ လုပ်ခဲ့သော်လည်း လက်ထဲက သင်ပေါင်းသားတို တဆဆလုပ်ကြည့်မိသည်ထိ ဂနာမငြိမ်ဖြစ်နေ၏၊ လေတိုး၍ တစ်စုံတစ်ခု လှုပ်တုပ်တုပ်ဖြစ်နေသည်ကိုပင် အကောင်ကြီးကြီးလေလား . . . ၊ သေးသေးလား . . . ဟု ဝေဝေဝါးဝါး ဖြစ်ချင်နေသေး၏။

ရွာနှစ်ရွာကြားမို့ လူသွားလူလာပြတ်နေ၏၊ ကြီးဒေါ်မြ၏

"နင့်ဘကြီးထွန်းတော့ တယ်ပင်တစ်ရွာက မောင်အောင်နီတို့ အလှူအတွက် ဝယ်ရခြမ်းရမယ့် ပစ္စည်းစာရင်းတွက်ဖို့သွားတာ အခုထိ ပြန်မရောက်သေးဘူး မောင်တောက်ထိန်ရေ၊ လိုက်သွားပေးပါအုံး။

www.burmeseclassic.com

www.burmeseclassic.com



နင့်ဘကြီးထွန်း မမြင်မစမ်းနဲ့ လယ်ကွင်းတွေ ဖြတ်ပြန်ရမှာ၊ ဓာတ်မီးမပါ ဘာမပါနဲ့၊ ဘာပိုးကောင်မွှားထောင်မှ မကြောက်တတ်တဲ့ နင့်ဘကြီးအကြောင်း နင်အသိပဲ၊ ဓာတ်မီးယူပြီး လိုက် သွားပါအုံးဟယ်" ဟူသောအပြောကြောင့် ကိုတောက် ထိန် ဓာတ်မီးတစ်လက်ဖြင့်လိုက်ခဲ့ရ၏။

မည်းမည်းမြင်သမျှ ရိုက်ရန်တာစူနေသော ဘကြီးထွန်းမှာ သူမြင်နေသော မည်းမည်းအရာ၏ ဓာတ်မီးစူစူးအရောင်ကြောင့်သာ ရိုက်ချင်စိတ်ကို မျိုသိပ်လိုက်ရ၏။

"ဘကြီးထွန်း . . . ဘကြီးထွန်းလား"

"အေး . . . မောင်တောက်ထိန်၊ ကောင်းကွာ၊ ငါ့အိမ်အပြန် ဒီလောက်မိုးချုပ်ဖို့ မဟုတ်ပါဘူးကွာ၊ ဟိုယောက်ျားမဟုတ် မိန်းမမဟုတ် ခင်စန္ဒာကြောင့် မိုးချုပ်သွားတာ"

"တစ်ခုခုကြောင့် ဒီလောက်မိုးချုပ်သွားတာလို့ ထင်တော့ထင်သား ဘကြီးထွန်းရ"



"အေး . . . အေး . . . ကိုယ့်ကိုယ်ကိုလဲ ရှက်တော့ ရှက်မိပါရဲ့ကွာ။ ကိုယ်တော်ကြီး ဝင်ပူးရင်း နတ်ကနားပွဲ မပေးပေးအောင် ကြိမ်းမောင်း ခြောက်လှန့်နေတဲ့ ဟိုကောင်ခင်စန္ဒာကို အမြင်ကတ်ကတ် နဲ့ ဝါးစိမ်းတုတ်နဲ့ လှိမ့်ရိုက်တော့ နင်အိမ်အပြန် အကောင်ကြီးကြီးနဲ့ကို တိုက်မယ်လို့" ကြိမ်းလိုက်တာကွ။ မဖြစ်နိုင်မှန်းတော့ သိပါရဲ့၊ ဖြစ်လာရင် ခံသာအောင် ဆိုပြီး သင်ပေါင်းသားကြီးကြီး ကိုင်လာရတာသာ ကြည့်တော့"

"မျက်စိက စမ်းတဝါးဝါး၊ လမ်းက မမြင်တမြင်မို့ သင်ပေါင်းသားလေးလေးကြီးကို လွှင့်မပစ်ရဲပါဘူးကွာ။ ဒီမယ် မောင်တောက်ထိန်၊ ခုဆို တို့ဟင်းအိုးကြီးရွာတောင် ရောက်တော့မယ်။ ငါ့နောက် လိုက်တိုက်မယ်ဆိုတဲ့ အကောင်ကြီးကြီးမပြောနဲ့၊ လက်သန်းလောက် အကောင်သေးသေးလေးတောင် မတွေ့ခဲ့ရဘူး။ အမှတ်တမဲ့မို့ ခင်စန္ဒာ ငါ့ဇက်ပိုးအုပ်တာ ခံရတာကို မနာပါဘူးကွာ။ မဟုတ်နိုင်မှန်းသိရက်နဲ့ အကောင်ကြီးကြီးဆိုတာနဲ့ပဲ သွေးလေ ချောက်ချားပြီး သင်ပေါင်းသားကြီး

www.burmeseclassic.com

www.burmeseclassic.com



အလေးခံပြီး သယ်လာမိတာကိုတော့ နာလှသကွာ”

ပြောလည်းပြောပြီး တစ်ချိန်လုံး သူကိုင်လာခဲ့သော သင်ပေါင်းသားကြီးကိုလည်း စိတ်နာနာဖြင့် ရှိုးပြတ်တောထဲ လွှင့်ပစ်လိုက်ပါတော့သည်။

➤ ➤ ➤



# ကြိုက်ရာယူသုံး တစ်ပင်လုံး

(၁)

အမှန်တရားကို လူတိုင်း မြတ်နိုးတတ်ကြ၏။ ကြိုက်တတ်ကြ၏။ မှန်မှုလည်း သဘောကျကြ၏။

အများက မှန်သည်ဟု သတ်မှတ်ထားသော အများအကြိုက် အမှန်တရားလည်း ရှိ၏။ ဘုရားမြတ်စွာက မှန်သည်ဟု သတ်မှတ်ထားသော ဘုရားအကြိုက် အမှန်တရားလည်း ရှိ၏။ အများ၏ အမှန်တရားနှင့် ဘုရား၏ အမှန်တရားမှာ အရာရာတွင် တူညီနိုင်မည် မဟုတ်ပေ။



www.burmeseclassic.com

ဗုဒ္ဓမြတ်စွာ သတ်မှတ်ထားသော အမှန်တရားမှာ ပရမတ္ထသစ္စာဖြစ်သည်။ တာလဒေသ ပယောဂတွေပေါ် မူမတည်သော ထာဝရအမှန်တရားဖြစ်၏။ အများ၏ အမှန်တရားမှာ မှန်တန်နေရန် အခြေအနေတစ်ခုခု အပေါ် မူတည်နေရသေး၏။

(၂)

လူခွစာကြီး ဘကြီးထွန်းဆိုလျှင် ဟင်းအိုးကြီးရွာ တစ်ရွာလုံး အကြောင်းသိပြီး ဖြစ်၏။ ဘကြီးထွန်းတား ခေသူမဟုတ်။ မိုးကိုဒူးဖြင့်တိုက်မှ မှန်မည်ဆိုလျှင် မရ ရအောင် ဒူးဖြင့်တိုက်မည့် ဘကြီးထွန်းဖြစ်၏။ ထို့ကြောင့် ဘကြီးထွန်းအမည်မှာ ဟင်းအိုးကြီးမှာ သာမက ရွာနီး ချုပ်စပ်များဖြစ်သည့် တယ်ပင်တစ်၊ တယ်ပင်နှစ်၊ တယ် ပင်သုံး၊ သက်ရွာသစ်တို့ထိ လူသိများပြီးဖြစ်သည်။

ဘကြီးထွန်းကတော် ကြီးဒေါ်မြကြောင့်လည်း ဘကြီးထွန်းပို၍ နာမည်ကြီးရသည်ဟု ပြောမည်ဆိုသော်



ပြောနိုင်ပါသေးသည်။ ကြီးဒေါ်မြသည် နတ်ဝါသနာပါ သူဖြစ်သည်။ ဟင်းအိုးကြီးရွာမှာ သာမက တယ်ပင်တစ်၊ တယ်ပင်နှစ်၊ သက်ရွာသစ်တို့တွင် ရှိရှိသမျှ နတ်ကနားပွဲ အားလုံး ကြီးဒေါ်မြ ဝင်မကဘူးသည့် နတ်ကနားပွဲ မရှိ ပါ။ ဘကြီးထွန်းကလည်း နတ်ကနားပွဲဆိုလျှင် တူးတူး ခါးခါး ကြည့်မရသူ ဖြစ်ပါ သည်။

အများအမှန်နှင့်ပတ်သက်၍ အကြိုက်တူသည့် လင်မယားများအား နတ်ဖက်သော လင်မယားဟု ပြော တတ်ကြ၏။ ဘကြီးထွန်းနှင့် ကြီးဒေါ်မြမှာမူ ဘာဖက် သော လင်မယားဟု အပြောရခက်သော်လည်း နှစ်ဦး စလုံး၏ ပျားလည်းစွဲသာ ရှဥ့်လည်းလျှောက်သာ နေ တတ်မှုကြောင့် အိမ်ထောင်သက်ပင်နှစ်လေးဆယ်ကျော် ရှည်ခဲ့ပြီးဖြစ်သည်။

အမှန်တရားအတွက် သူမှန်ကိုယ်မှန်လွန်ဆွဲရင်း တင်းလွန်းမှုကြောင့် မပြတ်ရန် လျော့လွန်းမှုကြောင့် မပတ်ရန် ထိန်းချုပ်နိုင်ခဲ့ကြပါသည်။ ထို့ကြောင့် သားသမီးငါးယောက် ထွန်းကားလာသည်ထိ အိမ်

www.burmeseclassic.com

www.burmeseclassic.com



ဆောင်ရေး သာယာမှုအား ပြောပလောက်အောင် မထိခိုက်ခဲ့ပါ။

အမှန်တရားလည်း သူ့ဟာသူနေ၊ ဘကြီးထွန်းတို့ လင်မယားလည်း ကိုယ့်ဟာကိုယ်နေကြသည် မျိုးတော့မဟုတ်။ အမှန်တရားထိလည်း ရောက်စေ၊ ကြီးဒေါ်မြလည်း အရိုက်ခံရမှုမှလွတ်စေ၊ ဘကြီးထွန်းအဖို့လည်း ဒေါသထွက်ရ သက်သာစေဟူသည့်သားရေပင်စည်းမျှဉ်းစည်းတမ်းတို့ဖြင့် လိုအပ်သလိုကျဉ်းတန်ကျဉ်း၊ ကျယ်တန်ကျယ်၍ သာယာသော အိမ်ထောင်ရေး တည်ထောင်တတ်ကြသည်မှာလည်း ဩချစရာဖြစ်နေပါသည်။

(၃)

"နှမတော်ကြီးသား ကျောပူခေါင်းပူ ဖြစ်နေမှာပေါ့၊ အိမ်တွင်းအုန်းက ရှဉ့်ကိုက်ရာပါနေတာကိုး"

ဘကြီးထွန်းအလစ်၊ နတ်ကတော်ခင်စန္ဒာကိုခေါ်ကာ သားကြီး ကျောပူခေါင်းပူကိစ္စအား နတ်မေးဖြစ်



၏။ ချက်ခနဲဆိုလျှင် နားခွက်က မီးတောက်သော နတ်ကတော်ခင်စန္ဒာမှ လျှင်သောမျက်စိက ရှဉ့်ကိုက်ရာပါနေသည့် အိမ်တွင်းအုန်းအား သတိထားမိသွားသည်။

ထို့ကြောင့်လည်း အရေးကြုံလာတော့၍ သက်လုံကောင်းလိုက်တော့သည်။ ဘယ်ယိမ်းညာခွေ ဝင်ပူးရင်း အိမ်တွင်းနတ်က ပြောသလိုလိုဖြင့် ဓားယိမ်းလိုက်ဘသားယိမ်းလိုက် လုပ်လိုက်သည်။

ထိုအုန်းသီးကို လဲထားသည်မှာ မကြာသေး။ ရှဉ့်ကိုက်ရာပါသည်ဆို၍ အသစ် ထပ်မံလဲလိုက်ရပြန်သည်။ "ဗေဒင်ဆန်ခွက် မေးတိုင်းထွက်" မို့ မေးလိုက်စမ်းလိုက်တိုင်း တစ်ခုခုတော့ ထွက်ထွက်နိုင်သည်ချည်း ဖြစ်နေတော့၏။

မည်မျှထွက်လာလာ ကြီးဒေါ်မြ အမှတ်မရှိ၊ သမီးငယ်မျက်စိနာစဉ်ကလည်း "အိမ်တွင်းအုန်းသီးကိုင်ပေါ့" ဖြစ်နေသည်ဆို၍ အသစ်ထပ်မံ လဲလိုက်ရသေး၏။ ထိုအကြောင်းတွေကို ဘကြီးထွန်း မသိမဟုတ်။ သိနေ၏။ အိမ်ခေါင်းရင်းအုန်းပင်မှ အုန်းသီးတွေ ချက်ပိုင်း

www.burmeseclassic.com



အတွင်း တစ်လုံးပြီးတစ်လုံး ပျောက်ချက်သား ကောင်းနေကတည်းက ဖြစ်ရပ်မှန်ကို ရိပ်မိ၏။

ပြောပြန်လျှင်လည်း ဇနီးသည်နှင့် ကတောက်ကဆ ဖြစ်ရတော့မည်။ ခက်နေသည်က အငယ်မ .။ နှာရည်တရွှဲရွှဲ ဖြစ်နေသေးသည်။ သူ့ အလစ်တွင် ကြီးဒေါ်မြ နတ်မေးတော့မှာ မြေကြီးလက်ခတ်မလွဲ။

နတ်အုန်းသီး ကြွက်ကိုက်ရာပါနေသည်။ ကြွက်မြီးခြောက်နေသည်၊ ကျိုးနေသည်၊ တိုနေသည်၊ အရည်ချောင်နေသည် . . . စသည်ဖြင့် တစ်ခုမဟုတ်၊ တစ်ခုတော့ ပြောစရာတွေ ရှိနေပေလိမ့်မည်။

မထူးတော့ . . . လူ့ခွစာကြီးဖြစ်မည့်အတူတူ ဘကြီးထွန်း အလုပ်တစ်ခုတော့ လုပ်ဖြစ်အောင် လုပ်လိုက်သည်။

(၄)

ကလေးတွေ ရှုတ်ရှုတ်ရှုတ်ရှုတ်ဖြင့် အိမ်ခေါင်းရင်း အုန်းပင်အောက်မှာ ဆူညံနေ၍ ကြီးဒေါ်မြ လှမ်းဝေါက်လိုက်သည်။

"ဟဲ့ . . . ကလေးတွေ၊ ဆူညံဆူညံနဲ့ ဟယ်၊ ဘာတွေဖြစ်နေကြတာလဲ"

"ဖွားဖွားမြ၊ ဖွားဖွား အိမ်တွင်းနတ်စင်ကြီး အုန်းပင်ပေါ် ရောက်နေလို့ စက်သီးနဲ့ ဆွဲထားတာ"

"ဘာ . . . ဟိုလူကြီး ကိုထွန်းတော့ မဟုတ်ကဟုတ်က လုပ်တော့မယ်၊ ဟဲ့ . . . အိမ်ထဲမှာ ဘယ်သူရှိလဲ၊ အိမ်တွင်းနတ်စင်ကို ပြန်ချပေးစမ်းပါဟယ်"

"မချရဲဘူး အဖွားမြ၊ ဘကြီးထွန်းက 'ချရဲတဲ့သူချကြည့်၊ အုန်းပင်တစ်ပင်လုံး ငါအရှင်ကြီးကို အပ်ထားတာ' လို့ ပြောသွားတယ်"

"လူ့ကန့်လန့်ကြီးကတော့ လုပ်ပြီ၊ ကြဲကြဲဖန်ဖန် အိမ်တွင်းနတ်စင်ကိုများ စက်သီးနဲ့ဆွဲပြီး အုန်းပင်ပေါ် ရောက်အောင် တင်ရတယ်လို့၊ ကြားမကြားဘူးပေါင်တော်။ ရွာဦးကျောင်းဆရာတော် သွားလျှောက်အုံးမှပဲ၊ ကိုထွန်း . . . ကိုထွန်း . . . အသက်သာကြီးလာတာ . . . အသိမကြီးသေးပါလား"



www.burmeseclassic.com

www.burmeseclassic.com



ဖျစ်တောက်ဖျစ်တောက် ပွစိပွစိပြောရင်း ရွာလူကြီးလည်း တိုင်ဖြစ်အောင် တိုင်သေး၏။ အရှင်ကြီး အပ်ထားသည်ဆိုသည်နှင့်ပင် ဘယ်သူမှ ပြန်မချရဲ။ ဘကြီးထွန်း အကြောင်း တစ်ရွာလုံးကသိနေ၍ ပြန်မချရဲတာလည်း ပါသည်။

"ဟဲ့ . . . မယ်မြရဲ့၊ မောင်ထွန်းလုပ်ထားတာဆိုရင်လဲ ဒကာကြီးမောင်ထွန်းကို ငါ့ဆီခေါ်လာခဲ့ပေါ့။ ဘုန်းကြီး ကြည့်ပြောပေးပါ့မယ်"

အိမ်တွင်းနတ်စင်မှ ရွာပန်းနီစကလေးက လေအဝေ့တွင် တနီနီ တလှုပ်လှုပ် ဝှေ့ယမ်းလျက် . . .၊ မော့ကြည့်နေသူများကို ကျုပ်ဒီမှာရှိတယ်ဟု အုန်းလက်တွေကြားမှ နှုတ်ဆက်နေသယောင် ထင်ရ၏။

(၅)

ဘုန်းကြီးခေါ်သည်ဆို၍ ဘကြီးထွန်း ကျောင်းမှာ ရောက်နေသည်။ ကြီးဒေါ်မြကလည်း ဘကြီးထွန်း နောက်နားမှာ ကျုံ့ကျုံ့ကွေးကွေးကလေးထိုင်နေ၏။





"ဒကာကြီး၊ အုန်းပင်ပေါ် အိမ်တွင်းနတ်စင်ကို စက်သီးနဲ့ ဆွဲတင်ထားတယ်ဆို"

"မှန်ပါတယ်ဘုရား"

"ဘယ်လိုဖြစ်နေတာလဲ မောင်ထွန်းရယ်၊ အကျိုးအကြောင်းလျှောက်စမ်းပါအုံး"

"ဒီလိုပါဘုရား၊ တပည့်တော်ကလေးတွေ တစ်ခုခုဖြစ် နေထိုင်မကောင်းတိုင်း တပည့်တော် ဒကာမမယ်မြက နတ်ဝင်သည်ဆီ သွားသွားပြီးမေးပါတယ်။ နတ်ဝင်သည်ကလဲ နတ်အုန်းသီး ရှဉ့်ကိုက်ပါလို့၊ လက်လေးလို့၊ အသားနုလို့၊ ကြွက်မြီးကျိုးလို့၊ ကြွက်မြီးအဖျားခြောက်လို့ ဆိုပြီး တစ်ခုပြီးတစ်ခု အကြောင်းပြပါတယ်။ ဒါနဲ့ ကြိုက်ရာရွေးသာ သုံးဆောင်ပါ၊ မိသားစုတစ်ယောက်မှတော့ နေမကောင်းထိုင်မသာ ဖြစ်အောင် မလုပ်ပါနဲ့' ဆိုပြီး အိမ်တွင်းနတ်စင် တစ်စင်လုံး အုန်းပင်ပေါ် တင်ပေးလိုက်ပါတယ်၊ အုန်းပင်တစ်ပင်လုံး အပ်ထားတာတော့ တပည့်တော် မလွန်ဘူး ထင်ပါတယ်ဘုရား"

"ဟဲ့ . . . မောင်ထွန်းရဲ့ မင်းဟာမင်းတော့

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်နေတာပါပဲလား။ ဒကာမကြီး မယ်မြကကော တလေးတွေ ကျောပူခေါင်းပူဖြစ်နေတာကို တတ်ကျွမ်းတဲ့ ဆေးဆရာတွေ၊ ဆရာဝန်တွေနဲ့ မပြဘဲ ဒကာကြီးပြော သလို နတ်ဝင်သည်ပဲ မေးနေတော့တာပဲလား"

"တပည့်တော်မက ကိုထွန်းပြောသလိုမျိုး . . . အမြဲတမ်း မေးမနေပါဘူးဘုရား"

"မယ်မြရယ်၊ မေး . . . မေးတယ်ပေါ့၊ ဆရာ တော်ရှေ့ကျမှ ဘာ အမြဲတမ်းမေးမနေပါဘူးလဲ။ မောင်ထွန်းကို မသိလို့ငြိမ်နေတယ် မထင်နဲ့ဗျာ၊ လျှင်ပြီး သား ပါးပြီးသား"

"တဲ . . . တဲ . . . မောင်ထွန်းကလဲ အိမ် တွင်းနတ်စင်ကြီး ပြန်ချလိုက်၊ အမှန်တရားဆိုတာ ရှိတယ် မောင်ထွန်း၊ အမှန်တရားဆီ အရောက်သွားတဲ့ နေရာမှာ သူလဲ မထိခိုက်၊ ကိုယ်လဲ လိုရာရောက်လေ ကောင်းလေ ပါပဲ။ လောကဘက်ကကြည့်ရင်လဲ တရားမျှတ၊ ဓမ္မဘက် က ကြည့်ရင်လဲ အမှားမကျမှ သဘာဝကျတော့မှာပေါ့။ သွားသွား . . . မောင်ထွန်းကလဲ အုန်းပင်ပေါ်က



နတ်စင်ကြီး ပြန်ချပေးလိုက်၊

"မယ်မြကလဲ ထစ်ခနဲဆို . . . ဟိုနတ်ကတော် ယောက်ျားမဟုတ် မိန်းမမဟုတ်ဆီသွားပြီး နဖူးဦးတင် မလုပ်နဲ့၊ ကိုယ်ပိုင်ဉာဏ်နဲ့ ချင့်ချိန်ကြည့်အုံး၊ တဲ . . . တဲ . . . ပြည့်စုံပြီမဟုတ်လား၊ သွားကြတော့ သွား ကြတော့၊ ကျန်းမာချမ်းသာကြပါစေကွယ်"

ဆရာတော့အမိန့်ကို မလွန်ဆန်ရဲ၍သာ နတ်စင် ကို ချပေးလိုက်ရသည်။ ဘကြီးထွန်း အိမ်တွင်းအရှင်ကို အရွဲ့တိုက်တိုက်ဖြင့် ဆက်ပြီးထားချင်သေး၏။

"အရှင်ကြီး ကြိုက်ရာယူ၍ သုံးဆောင်တော်မူ ပါ" ဟု သဘောရှိ ကရောဟိပေးထားပါလျက်နှင့် သူ့ မိသားစု တစ်ခုခုဖြစ်ခဲ့လျှင် ဘာဆက်လုပ်မည် ဆိုသည် မှာလည်း မတွေးရဲစရာပင် ဖြစ်နေပါတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

# အရိပ်နှင့်အလင်း

ထိုနေ့က ကျွန်တော့်အိမ်ရှေ့ကနေ၍ မော်တော်ဆိုင်ကယ်များ တစ်စီးပြီးတစ်စီး ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြသည်။ တစ်ခုခုတော့ တစ်ခုခုဟု ထင်ထားမိသော်လည်း ဘာတစ်ခုခုမှန်း မသိခဲ့သေးပါ။

အမှန်မှာ သူတို့ မောင်သုဆွေ (သပြေရုံ) ကိုရှာနေခြင်းဖြစ်သည်။ ထိုမြို့ကလေးတွင် နေသည်ဆိုသော်လည်း မိမိသည် အိမ်မှာ အနေနည်း၍ အခြားမြို့နယ်များ



မှာသာ လုပ်ငန်းအခြေအနေအရ ပြောင်းလဲနေသောသူဖြစ်သောကြောင့် ကျွန်တော့်နာမည်အရင်းကို သိပ်မသိကြပါ။

ထိုမြို့ကလေးတွင် စာရေးဆရာ တော်တော်များများ ရှိပါသည်။ ထိုသူများကို တစ်ယောက်ပြီး တစ်ယောက် မေးခဲ့ပြီး၍ မောင်သုဆွေ မဟုတ်မှန်း သိနေကြပြီ။

သူတို့အဘယ်ကြောင့် ထိုမျှ ယောက်ယက်ခတ်နေသနည်းဆိုသော် ၂၀၀၉- ခုနှစ်၊ ဇန်နဝါရီလထုတ် မမှုရုံသီ မဂ္ဂဇင်းတွင် ပါလာသော "နဂါးတို့သက်သေ" ဆောင်းပါးကြောင့် ဖြစ်ပါသည်။ ဘာသာတရားနှင့် ဆန့်ကျင်နေသော အမြင်မတော်မှုများကို ထုတ်ဖော်လျှက် ဇာတ်လမ်းဆင်ထားသည်ဖြစ်၍ အနာပေါ်တုတ်ကျသွားကာ မြို့နယ်သံဃနာယကဥက္ကဋ္ဌထံ တိုင်ကြားသည်ထိ ဖြစ်ခဲ့ပါသည်။

ခက်သည်က မောင်သုဆွေ (သပြေရုံ) ဘယ်သူမှန်း မသိခြင်းပင် ဖြစ်သည်။ နောက်ဆုံးဥက္ကဋ္ဌ ဆရာတော်

www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင် မဂ္ဂဇင်းတိုက်သို့ ဖုန်းဆက်သည်။

အယ်ဒီတာချုပ် ဘဘဦးလေးမြိုင်ကလည်း "နာမည်ရင်းကို မဂ္ဂဇင်းမှအရ ပြောခွင့်မရှိပါ။ မကျေလည်လျှင် တရားသာစွဲလိုက်ပါ ဘုရား။ မောင်သုဆွေ ထွက်လာပါလိမ့်မည်" ဟု ပြန်လည်လျှောက်ခဲ့သည်ဟု သိရသည်။

သို့သော် လက်မလျှော့ပါ။ လေးငါးခြောက်ခါကြိုးစားရင်း ကံအားလျော်စွာ မြို့အမည်သိသွားပါသည်။ ဖြေခဲ့သူကလည်း လိပ်စာအတိအကျမသိ။ မြို့နာမည်သာသိ၍ ရှာပုံတော်ဖွင့်ရန် အခက်တွေ့နေကြသည်။ မေးရင်းမေးရင်းနှင့်ပင် စာပေရေးသားသော ကျွန်တော့်အစ်မကြီးနှင့် တွေ့သွားကြသည်။ "မောင်သုဆွေဟာ ဆရာမကြီးလား' ဟု မေး၍ "ကျွန်မ မဟုတ်ဘူး။ ကျွန်မမောင်လေး" ဟု ပြောမှပင် ကျွန်တော်မှန်း သိသွားကြသည်။

* * * *



"ဟေ- မင်းဟာ မောင်သုဆွေလား"

"မှန်ပါ့ဘုရား"

"မင်းဟာ ငါ့ဆွမ်းဒကာပဲ။ သီထားတာတ ခြေကျိုးထားလို့ ဘယ်မှမသွားနိုင်ဘူးလို့ သိနေတာ၊ မင်းရေးထားတာက တကယ့် ခရေစေ့တွင်းကျ လေ့လာပြီး တိတိကျကျ အသေးစိတ် ရေးထားတာကွ။ အဲဒီစာမူပါလာတဲ့နေ့ကစပြီး ကျောင်းဝင်းထဲမှာ ရေချမ်းလဲတဲ့သူနဲ့၊ ပန်းကပ်မယ့်သူနဲ့၊ ပုတီးစိပ်တဲ့သူနဲ့ စည်တားနေတဲ့ဘုရားကလေးနှစ်ဆူမှာ လူအသွားအလာ ကျဲသွားတော့တာပဲ။ မင်းကို ဘာသာ၊ သာသနာ့ရေးခင်မှုနဲ့ အရေးယူလို့ ရတယ်ဆိုတာကိုတော့ ဒကာကြီးသိလား။ နေပါအုံး။ အသေးစိတ်ရေးရအောင် ဘယ်သူမြောက်ပေးတာလဲကွ"

"တပည့်တော် အသက်အရွယ်က မြောက်ပေးတိုင်း၊ လုပ်ရမယ့်အရွယ် မဟုတ်ပါဘူး ဘုရား။ တပည့်တော်က လမ်းသာမလျှောက်နိုင်တာပါ။ စက်ဘီးတော့ စီးနိုင်ပါတယ်ဘုရား။ စက်ဘီးစီးရင်းရောက်လာပြီး

www.burmeseclassic.com

www.burmeseclassic.com



မဖွယ်မရာတွေကို တွေ့ရတာပါဘုရား။ တပည့်တော် ရေးမိတာက နောင်လာ နောင်သားတွေအတွက်ပါ ဘုရား။ ဒီလိုမျိုး ကိစ္စတွေကို လုပ်ကောင်းတယ်ထင်ပြီး အမွေဆက်ထိန်း မှာ စိုးရိမ်လို့ ရေးမိခဲ့တာပါ ဘုရား”

“ဒကာကြီး၊ ဒီမြို့ကလေးနဲ့ ပတ်သက်ပြီး ရေးထားတဲ့ အခြားစာမူတွေရှိရင်လဲ ဘုန်းကြီးကိုပြပါအုံး”

ဓမ္မရံသီ၊ ဓမ္မရတနာ၊ မြတ်ပန်းရဂုံတို့တွင် ပါပြီး သား ကျွန်တော့်ဆောင်းပါးများကို မိတ္တူကူးပြီး အသင့် ယူလာခဲ့သဖြင့် ပြဖြစ်ပါသည်။ ၂၀၀၈-ခုနှစ်၊ ဧပြီလထုတ် ဓမ္မရတနာတွင် ဖော်ပြခဲ့သည့် “ကမောက်ကမ ပြုပြင်ကြစို့” ဆောင်းပါးအား မျက်မှောင်ကြုတ်၍ ဖတ် ကြည့်နေပါသည်။ ကျွန်တော်တို့မြို့၏ ဘာသာ သာသနာပေါ် ကမောက်ကမ ပြုမူနေသည်ကို ဖော် ထုတ် ရေးသားထားသော ပြုပြင်ရေးဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။

“အင်း- သကြိန်တွင်း ရပ်ကွက်ဆွမ်းလောင်း မဏ္ဍပ်တွေ ညသန်းခေါင်ကျော်ဆွမ်းလောင်းတဲ့



အကြောင်း ရေးထားတာပဲ။ အဲဒါမျိုးတော့ ရေးသင့် တယ်ကွ”

“မှန်ပါ့ဘုရား၊ ‘နဂါးတို့သက်သေ’ ဟာလဲ အဲဒီ စိတ်ဓာတ်မျိုးနဲ့ ရေးတာပါဘုရား”

“ဘုန်းကြီးတို့ဘက်ကလဲ ကျောင်းတိုက်တွေကို အရုဏ်မတက်မချင်း ဆွမ်းခံမထွက်ဖို့ အကြောင်းကြားပြီး သားပါ”

“တိတိကျကျ လိုက်နာတာကတော့ ပညာရေး မိသားစုပါဘုရား။ ပင့်စာပို့ကတဲက နံနက်ငါးနာရီကျော် မှ ဆွမ်းအလှူခံကြွတော်မူကြပါဘုရားလို့ ထည့်ရေးပြီး ပင့်ဖိတ်ခဲ့တာပါဘုရား။ တန်ခူးလရဲ့ အရုဏ်တက်ချိန် ဟာ နံနက် ငါးနာရီပါ ဘုရား”

“ကောင်းတယ်. . . ကောင်းတယ်၊ ပညာရေး မှူးက ဘုန်းကြီးတပည့်ကွ။ ဒါကြောင့် သိနေလို့ အဲဒီလို ဖိတ်တာ။ ဘုန်းကြီးက ဒီမြို့နယ်ရဲ့ သံဃနာယကအဖွဲ့ ဥက္ကဋ္ဌကွ။ မင်းဒီလို စိတ်ထားကောင်းကောင်းနဲ့ ရေးမယ် ဆိုရင်တော့ ဒီပြင်ကျောင်းတွေ ရေးချင်သလို ရေးကွာ။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးရဲ့ကျောင်းတော့ လက်ရှောင်ပေးကွာ။ အေး အေး . . . ကျန်းမာပါစေကွာ”

“ထပည့်တော်ကို ပြန်ခွင့်ပြုပါအုံးဘုရား”

* * * *

သွားရင်းလာရင်း တဒုန်းဒုန်းထုရိုက်သံကြား၍ လှည့်ကြည့်မိလိုက်ရာ ဥက္ကဌဆရာတော်ကိုယ်တိုင် အန်းတုန်းရုပ်ထုကြီးအား ဆယ်ပေါင်တူဖြင့် ထုနေသည်ကို တွေ့လိုက်ရပါသည်။ ဘုရားဝင်း ရင်ပြင်တော်တွင် ရှိနေသည့် ထုလုပ်ပြီးစ ရုပ်ထုကြီးဖြစ်ပါသည်။ ဘာသာသာသနာအတွက် အမှိုက်သရိုက်များဖြစ်၍ အုပ်ချုပ်သူတစ်စုံတစ်ရာက ဖယ်ရှားပေးရန် တာဝန်သိသိပြောခဲ့ဟန်တူပါသည်။

ထိုပြောခဲ့သူ၏ အမည်ကို ရွတ်ဆို၍ “. . . အမိန့်နဲ့ ဖျက်တာကွ၊ . . . အမိန့်နဲ့ ဖျက်တာကွ” ဟု အားရပါးရ ရွတ်ဆိုရင်း ထုဖြိုနေပါသည်။ မြင်ရကြားရသည်မှာ မသက်သာ။





ရဟန်းတော်များမှာ ကိုးကွယ်မှုဆိုင်ရာတွင် ဆရာသမားများဖြစ်ပါသည်။ လမ်းမှားနေသော ဒကာ၊ ဒကာမများအား ထိန်းကျောင်းတည့်မတ်ပေးရပါမည်။ ဒကာ၊ ဒကာမများ၏ မှားယွင်းသော ဆန္ဒအလိုသို့ မလိုက်ဘဲ အမှန်တရားမှ သွေဖည်မသွားရန်၊ ဓမ္မနှင့် အညီ ဆုံးမပဲ့ပြင်ပေးရန် တာဝန်အပြည့်အဝရှိနေပါသည်။

ထိုတာဝန်ကို ပီပီပြင်ပြင် ယူခဲ့မည်ဆိုပါက ထိုရုပ်ထုကြီး စတင်ဖြစ်ပေါ်လာစရာပင် မရှိပါ။ ယခုကဲ့သို့ အကောင်အထည်ပေါ်လာမှ ဖျက်ချရသည်မှာ ကြည့်မကောင်း ရှုမကောင်းတော့သည်သာ။

မည်သူ့အမိန့်ပေး၍ ဖျက်ဖျက်၊ ဖျက်ဆီးနေသည်မှာ မိမိကိုယ်တိုင်ပင်ဖြစ်နေပါသည်။ မီးခွက်ငယ်သည် ပတ်ဝန်းကျင်အား အလင်းပေးနိုင်စွမ်းရှိသော်လည်း အနီးစပ်ဆုံး မိမိအရိပ်ကိုမူ လင်းစေနိုင်စွမ်းမရှိပါ။ ကိုယ့်ကြောင့်ဖြစ်သော ကိုယ့်အရိပ်သည် ဤမျှအသိ အန္တရာယ်ကြီးမားပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုမြို့ကလေး၏ အဝေးတွင် ရောက်နေ၍ ထိုကျောင်းဝင်းအတွင်း နတ်ပွဲတွေဆက်ရှိ-မရှိ မသိတော့သော်လည်း ထိုဆရာတော်ကြီးကား မရှိတော့ပါ။ ပျံလွန်တော်မူခဲ့ပါပြီ။

ဆရာတော်၏ ရေးခွင့်ပါမစ် (Permit) ရခဲ့ ပြီမို့ ကျွန်တော်ရေးခဲ့မိပါပြီ။ လက်မရှောင် ဖြစ်တော့ပါ။

➤ ➤ ➤



# ဗုန်းခေါ်သံ

ငါးများချိတ်တွင် ငါးစာတပ်ပြီး ငါးများသကဲ့သို့ လောဘ တရား၏ ပင်ကိုယ်ဗီဇ လိုချင်မှုကို အသုံးချလျက် လူတို့ကို အချဉ်ဖမ်းနေသည်များ မြင်နေတွေ့နေကြားနေရ၏။

တစ်ကျပ်ခွဲသားခန့်ရှိသည့် ရွှေဆွဲကြိုးကြီးအား နှစ်ဦးပြိုင်တူ ကောက်ရသလိုမျိုး ဖန်တီးကာ ဝေစု အတူတူခွဲရအောင်ဟု စကားစရင်း-

"ဒီလိုလုပ်ပါလား တူမကြီးရယ်၊ ဦးကြီးအနေနဲ့တောကလာရတာဆိုတော့ ရွှေဆိုင်တွေဘာတွေမှာ



www.burmeseclassic.com

www.burmeseclassic.com



ဒီဆွဲကြိုးရောင်းရအောင်ကလဲ အသိမရှိဘူးလေ၊ ဒီတော့ သာတယ်နာတယ် သဘောမထားပါဘူး၊ တူမကြီးလဲ မနစ်နာအောင် အလုပ်လဲဖြစ်အောင် ငါ့တူမလက်စွပ်က လေးနဲ့ ပါသမျှငွေပဲ ပေးခဲ့ပါ။

"ဦးကြီးမှာလဲ ဆက်ရမယ့်ခရီးက တန်းလန်းမို့ အဆင်ပြေအောင် ပြောတာပါကွယ်၊ သာတယ်နာတယ် သဘောမထားပါဘူး၊ ရောရော ဒီဆွဲကြိုးကလေး တူမကြီးသာ အပိုင်ယူလိုက်ပါ"

အဝတ်အစား စုတ်စုတ်ပြတ်ပြတ်ဖြင့် တဘက်ကြီး ခေါင်းပေါင်းထားသော ထိုတောသားကြီးအား ကိုတောက်ထိန်အသိ ဒေါ်ခင်ကြွေလည်း သူမ ရွှေလက်စွပ် တစ်မတ်သားရော ပါလာသည့်ငွေ ထောင့်ငါးရာ မပြည့်တပြည့်ရော ပေးလိုက်ပြီး ဝမ်းသာနေ၏။

"အင်း . . . ရွှေဆွဲကြိုးကြီးကလဲ လက်ရာတော့ ကောင်းပ" ဟု ကြည်နူးနေသမျှတို့ ရွှေဆိုင်ရောက်မှ ကြက်ပျောက်ငှက်ပျောက် ပျောက်ကုန်ကြ၏။

ရွှေတစ်မတ်သား လက်စွပ်ကတော့ ရှောရှော





ရှူရှူ ပါသွားခဲ့လေပြီ။ ရွှေဆွဲကြိုးအတု တစ်ကျပ်ခွဲသားငါးစာတွင် တန်းလန်းတန်းလန်း ငြိမ်သွားသော လောဘတရား၏ အကျိုးဆက်တည်း၊ ထိုကိစ္စနှင့် ပတ်သက်၍ တို့ဆေးမိတာဟု ပြောသူကပြောသည်။

လောဘတရား၏ ကွန်ရက်တွင် ဆင်ခြင်တုံတရားတို့ ပျောက်ပျက် ပြယ်လွင့်ကုန်ကြသည်၊ ဆုံးရှုံးမှုကြောင့် ငိုကြွေးနေသော ဒေါ်ခင်ကြွေကို ကြည့်ရသည်မှာ သနားစရာကောင်းလှ၏။ မြို့ကို အရောက်အပေါက်များသူဖြစ်လျက် အလွန်း၍ ခံရတာမဟုတ်၊ လောဘကြီးလွန်း၍ ခံရတာ၊ နည်းတောင်နည်းသေးဟု ဆိုသူတဆိုကြသည်။

လှည့်လည်လိမ်နေသူတို့ လိမ်နည်းပေါင်းစုံ သုံးကြသည်၊ လောဘသားတို့မှာ လှည့်ကွက်တွင် သွတ်သွတ်ခါအောင် လည်ကြရ၏။

လိမ်သူတို့၏ လိမ်လုံး လှည့်လုံးများကလည်း အလိမ်ခံချင်စရာ ကောင်းလောက်အောင်ကို လှပသေသပ်လွန်းပါသည်။ "မယုံမရှိနဲ့ ကိုယ်တွေ့ဗျ" ဟု ပြောရ



www.burmeseclassic.com

www.burmeseclassic.com



လောက်အောင် ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ပုဒ်ကို ဖောက်သည်ချချင်ပါသည်။

ကိုတောက်ထိန်ကြီးကိုယ်တိုင် ကြုံတွေ့ခဲ့ရသော တကယ့်ဖြစ်ရပ်မှန် ဇာတ်လမ်းတစ်ခု။

* * * *

"ဟဲလို . . . ဖုန်းနံပါတ်ကလား ခင်ဗျာ"

"ဟုတ်ပါတယ် . . . အမိန့်ရှိပါ"

"ဟုတ်ကဲ့ - ကျွန်တော်တို့ . . . . . ထီဆိုင်ကပါ။ မင်္ဂလာသတင်းစကားလေးတစ်ခု ပြောချင်လို့ ဖုန်းလှမ်းဆက်လိုက်တာပါ ခင်ဗျာ။"

"ကြားရတာ ဝမ်းသာပါတယ်။ အကျိုးအကြောင်း သိပါရစေ။"

"အခု စကားပြောနေတာ ဘယ်သူပါလဲ ခင်ဗျာ။ လုပ်ရကိုင်ရ အလွဲလွဲအချော်ချော် မဖြစ်အောင် မေးရတာပါ။ စိတ်မရှိပါနဲ့။ လိပ်စာနဲ့ မှတ်ပုံတင်နံပါတ်လဲ တစ်ချက်သိပါရစေ"





"ကျွန်တော်က ဦးတောက်ထိန်ပါ။ နေတာကတော့ ကြို့ပင်ကောက်မြို့ သပြေရုံကျေးရွာကလေးမှာပါ။ မှတ်ပုံတင်က ၇/ဘီကေ - . . . . . . "

"ဟုတ်ကဲ့ ဦးတောက်ထိန်ခင်ဗျား၊ ထီများ ထိုးထားပါသလား"

"ကျွန်တော် ထီဝါသနာမပါပါဘူး။ လွန်ခဲ့တဲ့ နှစ်လလောက်ကတော့ ပြည်မြို့ကိုသွားရင်း ကျွန်တော့် အမျိုးသမီးက ထီထိုးချင်တယ်ဆိုတာနဲ့ တစ်စောင်တော့ ထိုးဖူးပါတယ်။ ဒါပေမဲ့ ထီပေါက်တယ်လို့လဲ ထီဆိုင်က အကြောင်းမကြားပါဘူး"

"ဟုတ်ပါတယ်၊ အဲဒီမင်္ဂလာသတင်းစကားပြောပြချင်လို့လဲ ဦးတောက်ထိန်ဆီ ဖုန်းဆက်လိုက်တာပါ။ ကျွန်တော်တို့ထီဆိုင်ကနေ ကိုယ့်ထီဆိုင်မှာ ထီထိုးတဲ့ သူတွေကို ခြောက်လတစ်ကြိမ် မဲဖောက်ပေးလေ့ရှိပါတယ်။ အခု ဦးတောက်ထိန်နာမည်နဲ့ အဝတ်လျှော်စက် မဲပေါက်နေပါတယ်"

"ဟုတ်လား၊ ဝမ်းသာပါတယ်။ အဝတ်လျှော်



www.burmeseclassic.com

www.burmeseclassic.com



စက်ကို ဘယ်မှာလာထုတ်ရမှာလဲ”

“ရန်တုန်က ကျွန်တော်တို့ထီရုံးကို လာထုတ်ရမှာပါ။ ဒါ့ပြင် ဒီထက်ဝမ်းသာစရာကောင်းတဲ့ ဒုတိယသတင်းကောင်းတစ်ခုကိုလဲ ကျွန်တော်တို့ ထီဆိုင်မန်နေဂျာက ဦးတောက်ထိန်ကို ပြောပြအုံးမှာပါ။ တလေးတစားကို ဝမ်းသာအားရ ပြောပြပေးမှာပါ။ ဖုန်း ခဏကိုင် ထားပေးပါ။ ဖုန်းတော့ ချမပစ်ပါနဲ့ ဦးတောက်ထိန်”

တပေါင်းလဆုတ် ရက်များ၏ နွေနေ့ခင်းများသည် ထင်သည်ထက်ပင် ပိုမိုပူပြင်းနေပါသည်။ ပူအိုက်မှုကို ယပ်တောင်တစ်ချောင်းဖြင့် ခုခံနေစဉ် တယ်လီဖုန်းခေါ်သံကြောင့် ကိုတောက်ထိန်ကြီး အလုပ်ရှုပ်သွားသည်။

“အဝတ်လျှော်စက် မဲပေါက်သည်” ဟူသောအသံကြောင့် သူ့သူငယ်ချင်း ကိုဇော်ဝင်းမြင့်ကို သတိရသွားသည်။

စင်ကာပူတွင် အလုပ်လုပ်စဉ်က သူ့သူငယ်ချင်း ကိုဇော်ဝင်းမြင့်ထံ စာတိုက်မှ ကားသော့ကလေး တစ်ခု



ရောက်ရှိလာသည်။ ကားသော့ အစစ်တော့မဟုတ်။ ကားသော့ကို စာအိတ်ထဲထည့်ပြီး စာကလေးတစ်စောင်နှင့် အတူ ရောက်လာခြင်းဖြစ်သည်။

“ ဤစာအုပ်ဆိုင်မှ စာအုပ်များကို လစဉ်ဝယ်ယူအားပေးနေသောသူများအား မဲဖောက်လျက် လတ်ဆောင်များ ပေးနေလေ့ရှိရာ ဦးဇော် ဝင်းမြင့်ကားတစ်စီးမဲပေါက်၍ ကားရပိုင်ခွင့် ရနေပြီဖြစ်ကြောင်း ကြိုတင်ဝမ်းသာနိုင်ရန် ကားသော့ပုံစံတူတစ်ခုကို ပေးပို့လိုက်ခြင်းဖြစ်ကြောင်း၊ အကယ်၍ ကားနှင့်ပတ်သတ်ပြီး အသေးစိတ်သိလိုပါလျှင် မိမိတို့ဆီ လာရောက်ဆက်သွယ်စေလိုကြောင်း” စသည်ဖြင့် မစားရဝခမန်း ရေးသားထားသည်ကို ကိုတောက်ထိန် ဖတ်ခဲ့ရဖူးသည်။

ကားတစ်စီးရလိုဇောဖြင့် သွားခဲ့မိသော ကိုဇော်ဝင်းမြင့်အား ကားရလိုပါလျှင် ဘာထပ်ဝယ်ပါ။ ညာထပ်ဝယ်ပါဖြင့် ဆွယ်ကြသည်များ ကြုံရသည်။ ဝယ်နိုင်းသည်များ မဝယ်လိုသောကြောင့် ကားကိုစွန့်လွှတ်ခဲ့သည့် ကိုဇော်ဝင်းမြင့်၏ အတွေ့အကြုံသည် ကိုတောက်ထိန်အဖို့

www.burmeseclassic.com

www.burmeseclassic.com



ပူပူနွေးနွေးပင် ရှိနေပါသေးသည်။

အဝတ်လျှော်စက် ရလိုစိတ်တို့ သွေးအေးနေဆဲ . . . ကိုင်ထားသော ဖုန်းခွက်မှ အသံထွက်လာသည်။

*　　　*　　　*

"ဟဲလို-ဦးတောက်ထိန်၊ စောင့်နေရတာ တော်တော်ကြာသွားလား။ ကျွန်တော် အလုပ်နဲနဲရှုပ်နေလို့ ချက်ချင်းစကားမပြောဖြစ်တာ ခွင့်လွှတ်ပါ"

"ရပါတယ် . . . ပြောပါခင်ဗျာ၊ ကျွန်တော့်အတွက် ခဏလောက်စောင့်နေရတာ သိပ်အပန်းမကြီးပါဘူး"

"ဒီလိုပါ၊ အခု ကျွန်တော်တို့ ထီဆိုင်ကနေ တစ်ပြည်လုံးက ကံထူးရှင် တစ်ရာ့ငါးဆယ်ကို ခြောက်လတစ်ကြိမ် ကံစမ်းမဲဖောက်ရွေးပြီး ရေခဲသေတ္တာတို့၊ ဗွီစီဒီ ပလေယာတို့၊ အဝတ်လျှော်စက်တို့၊ လျှပ်စစ်ထမင်းအိုးတို့ကို မေတ္တာလက်ဆောင်ပေးနေတာမို့ ဦးတောက်ထိန်လဲ အဝတ်လျှော်စက် မဲပေါက်တာတော့ သိပြီးပြီထင်ပါတယ်"





"ဟုတ်ကဲ့ သိပြီးပါပြီ။ လာထုတ်ရင် ကျွန်တော့်မှာ ထီလက်မှတ်တော့ ပြစရာမရှိဘူးနော်။ ထီမပေါက်မှန်းသိလို့ လွှင့်ပစ်လိုက်ပြီ"

"ဘာထီလက်မှတ်မှလဲ ပြစရာမလိုပါဘူး။ မှတ်ပုံတင်ယူလာရင်ပဲ ရပါပြီ။ ကျွန်တော်ပြောချင်တဲ့ ဒုတိယ ဝမ်းသာစရာ တစ်ခုကတော့ ဦးတောက်ထိန်ရဲ့ ထီပေါက်ကံအကြောင်းပါပဲ။ စိတ်ရှည်ရှည်နဲ့ နားထောင်ပေးပါ။

"ကံထူးရှင်တစ်ယောက်အနေနဲ့ ဦးတောက်ထိန်ကို ဆရာတော်ကြီးက ရွေးချယ်ပေးလိုက်တာပါ။ ကျွန်တော်တို့ ကိုးကွယ်နေတဲ့ ဆရာတော်ကြီးဟာ ဘားအံမြို့နယ်ထဲက ထုံးကျောက်လိုဏ်ဂူတစ်ခုမှာ သက်သတ်လွတ်စားပြီး သိဒ္ဓိပေါက် ကျင့်ကြံနေတဲ့ ဆရာတော်ကြီးပါ။ မီးထုံ ရေထုံကူးပြီးသား အောင်မြင်ပြီးသားမို့ အကျင့်စရဏအနေနဲ့ လက်ဖျားခါလောက်တဲ့ ဆရာတော်ကြီးပေါ့။

"တောစဉ် တောင်စဉ်တွေလှည့်လည်ပြီး ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကျင့်ကြံနေတာ ကြာပါပြီ။ လောလောဆယ်တော့ ဘားအံ မြို့ရဲ့ တောထဲက ထုံးကျောက်လိုဏ်ဂူမှာ ထွက်ရပ်ပေါက်ကျင့်ကြံနေတာနဲ့ လွန်ခဲ့တဲ့အပတ်က ဆန်ခါတင် မဲလိပ်တစ်ရာ့ငါးဆယ် ရွေးယူပြီး ဆရာတော်ကြီး ခြေတော်ရင်းဆီ ရောက်ခဲ့ပါတယ်"

"ဟုတ်ကဲ့ နားထောင်နေပါတယ်၊ ဆက်ပြောပါ"

"အဲဒီမဲလိပ် တစ်ရာ့ငါးဆယ်ထဲမှာမှ ဆရာတော်ကြီးက ဦးတောက်ထိန်မဲလိပ်ကို လက်ညှိုးညွှန်ပြီး အဲဒီပုဂ္ဂိုဟ်ဟာ ပဋ္ဌာန်းဆက်ရှိတဲ့ တကယ့်မဟာကံထူးရှင်ပဲ၊ ဒီဘဝမှာပဲ ဒီရုပ်ခန္ဓာနဲ့ ထီပေါက်နိုင်စွမ်းရှိတယ်လို့ အမိန့်တော် ချမှတ်ခဲ့ပါတယ်ခင်ဗျာ။ တစ်ဆက်တည်းမှာပဲ ဦးတောက်ထိန်အတွက် ကံကောင်းစေမယ့် မင်္ဂလာ ထီနံပါတ်များကိုလည်း အက္ခရာနဲ့တကွ ရွေးချယ်ပေးခဲ့ပါသေးတယ်။

"မင်းတို့ မဟာကံထူးရှင် ဦးတောက်ထိန်နဲ့ ဆက်သွယ်ဖြစ်အောင် ဆက်သွယ်ကြ၊ သူဟာ ဘာသာသာသနာကို မြင့်သည်ထက် မြင့်အောင် စွမ်းဆောင်နိုင်တဲ့သူ၊ မင်းတို့ဟာလဲ သူ့ပါရမီကို ဖြည့်ဆည်းတဲ့အနေနဲ့ အစွမ်းကုန်ကူညီကြလို့ မိန့်တော်မူတာနဲ့ အခု ဦးတောက်ထိန်ကို ဆက်သွယ်လိုက်ရတာပါ"



"ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်"

"အခု ကျွန်တော်တို့ဆီမှာလဲ ဦးတောက်ထိန်အတွက် ဆရာတော်ကြီး ရွေးချယ်ပေးထားတဲ့ ဂဏန်းတွေ အစုံလိုက် စုံစုံညီညီ ရှိနေပြီးသားပါ။ ကျွန်တော်တို့ဆရာတော်ကြီး အလိုတော်ကျ အရာအားလုံး စီမံပြီးပါပြီ။ ဦးတောက်ထိန်ဆန္ဒ သိပါရစေ"

"ဟုတ်ကဲ့ပါ၊ ကျွန်တော်က ထေရဝါဒ ဗုဒ္ဓဘာသာဝင်တစ်ယောက်ပါ။ အဲဒီ ထေရဝါဒလမ်းကြောင်းက သွေဖည်သွားတဲ့ ထုံးကူးတာတွေ၊ သက်သတ်လွတ်စားပြီး အမိဋ္ဌာန်တာတွေ စိတ်မဝင်စားပါဘူး။ ဒါကြောင့် ခင်ဗျားတို့ဆရာတော်ရဲ့ ထီဂဏန်းတွေကို ထိုးဖြစ်မယ် မဟုတ်ပါဘူး။

"ကျွန်တော်ထီကစားတဲ့သူလဲ မဟုတ်ပါဘူး။ အခုလို အချိန်ယူပြီး ဖုန်းဆက်ပြောတာကိုလဲ ကျေးဇူး

www.burmeseclassic.com

www.burmeseclassic.com



တင်လှုပါပြီ။ ခုလိုပြောရတာ စိတ်မရှိပါနဲ့။ ထီထိုးရမှာ ဝါသနာမပါလို့ကို မထိုးတာပါ"

"ကျွန်တော်တို့က ဆရာတော်အမိန့်ရှိလို့ လှမ်းဆက်သွယ်တာပါ၊ ထီထိုးတာ မထိုးတာကတော့ ဦးတောက်ထိန် ဆန္ဒအတိုင်းပေါ့။ ဒါဆို ဒါပဲနော် ဦးတောက်ထိန်"

"ဟုတ်ကဲ့ပါ၊ ကျေးဇူးတင်ပါတယ်ခင်ဗျာ"

* * *

"မောင်လေးရယ် . . . နင်ကလဲ၊ ကျွန်တော်မဲပေါက်ထားတဲ့ အဲဒီအဝတ်လျှော်စက်သာ ပို့လိုက်ပါ။ ကုန်ကျစရိတ်ကို ဘဏ်ကနေ ကျွန်တော် ငွေလွှဲပေးပါ့မယ်လို့ ပြောရောပေါ့"

"ဟာ - မမကြီးကလဲ၊ သူတို့ ကျွန်တော့်ဆီ ဖုန်းဆက်တာကိုက အဝတ်လျှော်စက်ပေးချင်လို့ ဆက်တာမှ မဟုတ်တာ။ တကယ်တော့ ထီရောင်းချင်လို့ ဂမ္ဘီရ ဖြီးလုံးမက်လုံးတွေပေးပြီး ဆွယ်နေတာ၊ ဆရာတော်ကြီးကို



အထင်ကြီးပြီး လောဘတန်းလန်းနဲ့ လိုက်လာမလားလို့ စမ်းကြည့်တာ။

"သူတို့ တကယ်ပေးချင်မှဖြင့် ဘာထီထိုးဖို့ ဆွယ်တရားဟောစရာ လိုတော့လဲ။ ရှိုးရှိုးသားသားအကြောင်းကြားပေါ့။ ကျွန်တော်သာ ရန်ကုန်လိုက်သွားကြည့်၊ ကျွန်တော့်သူငယ်ချင်း ကိုဇော်ဝင်းမြင့် ကြုံသလိုမျိုး ကြုံရတော့မှာပဲ"

"အေး. . . နင့်ပြောမယ့်သာ ပြောရတာပါဟယ်။ ဒီနည်းတွေက ရိုးအီနေပါပြီ။ နင်က လောဘသတ်နိုင်လို့။ နတ်တွေ၊ ဘိုးတော်တွေ၊ ဂမ္ဘီရတွေ၊ ယတြာတွေဆိုတာ လုပ်စားနေတာမှန်း သိနေလို့ တော်သေးတာပေါ့။ နင် အဲဒီအကြောင်းကလေးတော့ အခြားအလားတူ ကြုံမယ့်သူတွေအတွက် သတိပြုနိုင်အောင် မောင်သုဆွေကို ရေးခိုင်းသင့်တာပေါ့"

"ရေးခိုင်းရမှာပေါ့၊ သူကလဲ ဒါမျိုးရှာနေတာ။ တကယ့် သည်းထိတ်ရင်ဖိုပဲ မကြီးရာ။ အဲဒီထီသမားက သိပ်အပြောကောင်းတာ။ အဲဒီဆရာတော်ကြီးကို

www.burmeseclassic.com

www.burmeseclassic.com



တကယ့် ဝိဇ္ဇာခိုရုံကြီးဖြစ်အောင်ကို လေအေးအေးနဲ့ ရှင်းပြနေတာ မမကြီးရေ၊ တကယ်ရှိ-မရှိတော့ မသိဘူး။ သတင်းကြားရုံနဲ့တင် သွားပြီးဖူးချင်စရာ ကောင်းလောက်အောင်ကို ပြောနေတာလေ"

"ဟုတ်ပ မောင်လေးရယ်။ နင်သာ လောဘ တန်းလန်းနဲ့ အဝတ်လျှော်စက် သွားထုတ်ရင်တော့ ထိုးလိုက်ရမယ့်ကိတွေ . . .၊ ငါတော့ တွေးတောင် မတွေးရဲဘူးဟေ့။ ရင်တွေတုန်လိုက်တာဟယ်"

မမကြီး အေးမိစံသာမက ကျွန်တော်ပါ တုန်လှုပ်မိပါသည်။ လောဘသားတွေအကြိုက်မက်လုံးပေးပြီး ဖုန်းခေါ်သူတွေ ရှိနေကြပါပြီ။ ငါးသည် ငါးစာသက်သက်သာမြင်၍ အာသာငမ်းငမ်းဖြင့် ငါးစာအား ကမန်းကတန်း မျိုမိသဖြင့် မျှားချိတ်တွင် အမိခံနေရဆဲ . . .

ကျွန်တော်တို့မှာ လူသားများဖြစ်သည်။ လူသားဟူသည် တပ်မက်စရာသာမြင်၍ အန္တရာယ်မမြင်သူများ မဖြစ်ရလေအောင် မိမိကိုယ်ကို မိမိစောင့်ရှောက်နိုင်စွမ်း ရှိရပါမည်။



ကိုတောက်ထိန်ကတော့ ဖုန်းခေါ်သံကြားရတိုင်း ထိဆိုင်တပါဟု အပြောခံရမည့်သူများ "လောဘ မကြီးကြပါနဲ့" ဟု စတားလက်ဆောင်ပါးချင်နေရှာသည်၊

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

# သူ၏နတ်

ကိုကြီးချစ်ခင်နှင့် အစ်မဒေါ်ရှင်ဘုတ်တို့၏ လယ်စောင့်တဲကလေးမှာ ရွာမကြီးနှင့် ရွာဦးချောင်းကြား လယ်ကွင်းထဲတွင် ရှိနေပါသည်။ တဲသာသာလေးပင်အိမ်နိမ့်ကလေးသဘောမျိုး ဆောက်ထားသည်။ နွေနွေ မိုးမိုးဆောင်းဆောင်း အနေကောင်းသဖြင့် လယ်စောင့်တဲအိမ်ကလေးမှာသာ သူတို့နေဖြစ်ခဲ့ကြသည်။

သူတို့အိမ်က တော်တော်ကြီးကို နိမ့်သည်။ မွေးထားသောခွေးများပါ အိမ်ပေါ်တက်ပြီး အိပ်ချင်အိပ်





ကြသည်။

နေ့လယ်စာပင် မစားကြရသေး၊ နေပူဒဏ်ကပြင်းထန်လွန်းလှသည်။ အရိပ်ကောင်းသော ဘူးစင်ရှိပ်အောက် ဝါးပက်လက်ကုလားထိုင်တွင် စတိုင်ကျကျထိုင်ရင်း ပြောင်းဖူးဖက်ဆေးလိပ်ဖွာနေစဉ် ဇနီးသည်ဒေါ်ရှင်ဘုတ် အသံထွက်လာသည်။

“ကျုပ်ဝက်သားအိုး ကျက်ပြီနော်၊ မီးဖိုဘေးမှာမီးအေးအေးနဲ့ နှပ်ထားတယ်၊ ခွေးစားသွားအုံးမယ်၊ ကျုပ် ဆရာတော်ဦးဝိလာသကျောင်းကို ခဏသွားအုံးမယ်၊ ဘုံကထိန်ပွဲမှာ ကျွေးဖို့မွေးဖို့ သူများတွေ ပြင်ရဆင်ရအောင် သွားကြတာကြာပြီ၊ ကျုပ်မှာတာ မမေ့နဲ့နော်၊ တော့်ခွေးတွေ ဂရုစိုက်၊ ဟင်းအိုးလှန်စားသွားမယ်”

ပြောလည်းပြော ရှုပန်းနီကာထားသော အိမ်တွင်းအုန်းကို နံ့သာရည်ဖျန်းကာ ရိုးတံရှည် ဝါးယပ်ဖြင့်သုံးလေးချက်ခတ်နေပါသည်။ ကိုကြီးချစ်ခင်သာမြင်ဖြစ်အောင် မြင်လိုက်ပါသေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"နင့်နှယ်ဟယ်၊ ဘုန်းတော်ကြီးကျောင်း သွားခါနီးလာခါနီးများ"

"မသိရင် မသိသလိုသာနေပါ ကိုချစ်ခင်ရယ်၊ တော်မသိပါဘူး။ တော့်ဟာတော် ခွေးသာဂရုစိုက်ပါ"

* * * *

ကိုကြီးချစ်ခင်က အစ်မဒေါ်ရှင်ဘုတ်ကို မကျေနပ်ပါ။ သူ့မှာ စပါးစိုက်လိုက်၊ ပဲစိုက်လိုက်၊ ဖရဲစိုက်လိုက်နှင့် အားရသည် မရှိဘဲ ခွေးတလုံးလုံး ရုန်းကန်နေရသည်။ မိမိကိုတော့ ယပ်တောင်တစ်ချက် ခပ်ပေးဖော်မရ။ အိမ်တွင်းအုန်းသီးကြီးကို မခွဲတရို့ ယပ်ခတ်ပေးနေပုံကိုက မျက်လုံးထဲက မထွက်။ "မသိ မသိသလိုနေ" ဟုတောင် အပြောခံခဲ့ရသည်။

ကိုယ့်ရွာသားတွေ ရွာဦးကျောင်းသို့ အိမ်ရှေ့မှဖြတ်သန်းသွားလာနေသောကြောင့် ပူညံပူညံမဖြစ်လို့၍သာ ဒေါသတွေ ရင်ထဲမျိုချထားခဲ့ရသည်။ မကျေနပ်၊ သိပ်အစာမကြေချင်။





အရေးထဲ ကျောင်းတော်ကြီးမသွားရဘဲ လယ်တဲမှာ စောင့်နေရသည်ကိုလည်း အလိုမကျ။ မစောင့်လို့လည်း မဖြစ်။ ဖရဲခင်းက ရှိနေသည်။ လူစောင့်မရှိ မရှိသလို ခိုးချင်ကြသည်။ တစ်ဝမ်းတစ်ခါး စားသွားသည်က အရေးမကြီး။ အနုမှန်းမသိ၊ အရင့်မှန်းမသိ ဒရောသောပါးခိုးယူသူများကြောင့် အနွယ်တွေပြတ်ကာ အပင်နာသည်။

ထို့ကြောင့်လည်း လူရိပ်လူယောင် ပြရသည်။ ပြရင်းပြရင်း အိပ်ချင်လာသည်။ ရိုးပြတ်တောကို ဖြတ်တိုက်လာသော လေနုအေးအေးကလည်း အိပ်ချင်စိတ်ကို အားပေးနေသည်။ ထိုင်နေသည်မှာလည်း ဝါးပက်လက်တုလားထိုင်မို့ မွေးခနဲ အိပ်ပျော်သွားသည်။

* * * *

မည်မျှ အိပ်ပျော်သွားသည် မသိ။ ဂလုံဂလုံအသံတွေကြားမှ မိန်းမမှာသွားသော ဟင်းအိုးကို သတိရသည်။ ကမန်းကတန်း မီးဖိုထဲဝင်ကြည့်တော့

www.burmeseclassic.com

www.burmeseclassic.com



တင်းရှည်တွေ ဝေကျံနေသော ကြမ်းပြင်၊ ဟင်းတစ်ဖတ်မှ မရှိတော့သော တစောင်းမှောက်နေသည့် ဝက်သားဟင်းအိုး၊ သွားပြီ၊

ဒေါသဖြစ်ဖြစ်နှင့် ခွေးပိန်မ မိနီအား ခါးဖြင့်လိုက်ပစ်ဖြစ်သည်၊ မိနီမ အပြေးကောင်း၍သာ ခါးစာမမိခြင်းဖြစ်သည်၊

“အလိုတော် . . . ကိုချစ်ခင်၊ ချွေးသံရွှဲရွှဲနဲ့ မောကြီးပန်းကြီး နိုင်လှချေလား၊

“မိနီပေါ့၊ ဟင်းအိုးလှန်စားသွားလို့ ခါးနဲ့လိုက်ပစ်နေတာ”

“တော် . . မေ့မှာစိုးလို့ သတိတောင်ပေးသွားသေးတာပဲ၊ ပက်လက်တုလားထိုင်ပေါ် တော်အိပ်ပျော်သွားလို့နေမှာပေါ့၊ တော့်ကိုက ကျုပ်စကားမှ ဂရုမစိုက်တာ”

“ဘာ - မယ်ရှင်ဘုတ်၊ စကားကြည့်ပြောနော်၊ မင်းကတော့ မင်းဟာတွေလောက် ငါ့ဂရုစိုက်လို့လား၊ လူကသာ ဘုန်းတော်ကြီးကျောင်းသွားတော့မှာ၊ မသွား



ခင်ကလေး ခဏမှာတောင် အရေးတယူယပ်ခတ်ပေးရတာနဲ့၊ နံ့သာရည်ဖျန်းပေးရတာနဲ့ အကဲကိုပါနေတာပဲ၊

“မင်းအားကိုးတကြီး အရေးယူနေတဲ့ အဲဒီဟာကတော့ . . .၊ ငါ့ကို ပြုစုယုယပေးတဲ့ မောင်းမတော်ကြီးရဲ့ ဟင်းအိုးကလေးတော့ စောင့်ရှောက်ပေးအုံးမှပဲဆိုပြီး ငါအိပ်နေတုန်းမှာ တစ်စက်ကလေး စောင့်ရှောက်ဖော်ရရင်တောင် ဝက်သားဟင်းအိုး အခုလိုမျိုး ခွေးပိန်မမိနီ အစားမခံရဘူးကွသိလား၊

“မင်းစကား ဂရုမစိုက်ဘူးလို့ ငါ့မပြောနဲ့၊ မင်းဟာတွေကတော့ မင်းကိုဂရုစိုက်လို့လား၊ ခွေးပိန်မမိနီတိုတော့ခါးနဲ့ လိုက်လို့ပြီးသွားပြီ၊ မင်းဟာတွေကို ခါးနဲ့ခုတ်ဖို့ပဲ ကျန်တော့တယ်”

“ဟယ်-ကိုချစ်ခင်၊ မလုပ်ကောင်းတာတွေ မလုပ်ပါနဲ့တော်”

အစ်မဒေါ်ရှင်ဘုတ် အသံမှမဆုံးသေး အိမ်တွင်းအုန်းကတော့ ကိုကြီးချစ်ခင်၏ စိတ်နာနာနှင့် ခုတ်ဖေ့သော ခါးချက်များကြောင့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



သွားပါသည်။ ကြည့်ရင်းကြည့်ရင်း အစ်မ ဒေါ်ရှင်ဘုတ် လန့်နေသည်။

အိမ်တွင်းနှတ်ကို မလေးမစားလုပ်မိ၍ စီးပွား ရေး၊ ကျန်းမာရေးတွေ ဆုတ်ယုတ်တော့မှာ ကြောက်နေ သည်။

ထိုနှစ်က ဖရဲသီးတွေ အထွက်စော၍ ဈေး ကောင်းမိသည်။ စပါးလည်းကောင်း၊ ပဲလည်းကောင်း၍ လူလူသူသူ နေထိုင်နိုင်သည့်ပြင် ရွှေတွဲလွဲ ငွေတွဲလွဲဘဝမို့ အိမ်တွင်းနှတ်ပင် မေ့ချင်ချင်။

နေ့တွေ ရက်တွေ နာရီတွေ ရာသီတွေ အလီလီ ရွေ့ခဲ့သော်လည်း ဘာဆိုးကျိုးမှ မခံစားရ။ ကြောက်သ ဖြင့်သာ ပြုခဲ့မိသည့် ပသမှုများအပေါ် အစ်မ ဒေါ်ရှင် ဘုတ် အသိအမြင် ပြောင်းလဲလာဟန်တူပါသည်။ ဘာအိမ်တွင်းနှတ်အိုးမှလည်း မရှိတော့။

ဘူးစင်မှဘူးသီးတွေကလည်း ခွေးလေးတွေ နို့စို့ သလို တပြွတ်ပြွတ်သီးနေသည်။ ခူးမနိုင်။

"တော်ကလဲတော်၊ ဗီလောက် အိုက်စပ်နေတာ၊



စွပ်ကျယ်ကလေး ဘာကလေးလောက်တော့ ဝတ်ထားမှ ပေါ့"

ပါးစပ်က ဗျစ်တောက်ဗျစ်တောက် ပြောနေ သော်လည်း သူ၏အိမ်ဦးနတ် ကိုကြီးချစ်ခင်၏ တျော ပြောင်ပြောင်မည်းမည်းကြီးကိုတော့ ယပ်ခတ်ပေးနေ သည်။ လူ့ခွစာ ကိုကြီးချစ်ခင်မှာ တင်ပျဉ်ခွေထိုင်ရင်း ရေနွေးပူပူတစ်ခွက်ကို အားရပါးရ မှုတ်သောက် နေပါတော့သည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

# တို့ဆေးလား

“တော်စမ်းပါ မယ်မြ၊ အိုကြီးအိုမ အရွယ်ကြီးနဲ့ ငိုမနေစမ်းပါနဲ့၊ နားငြီးတယ်။ ပါတိတ်ဝမ်းဆက်တို့၊ သူရသတီရှပ်တုတို့ လက်ဆောင်ရမယ်ဆိုတော့ ငမ်းငမ်းတက် လိုချင်လိုက်တာ။ လောဘသမားကို လောဘနဲ့ မျှားတော့ ဘာတတ်နိုင်သေးလဲ၊ ကောင်းတယ် . . . သိပ်ကောင်းတယ်။ ဘာတို့ဆေးမိတာမှ မဟုတ်ဘူး မယ်မြ။ နင် အ,လို့ ခံရတာ”

လင်တော်မောင် ဘကြီးထွန်းစကားကြောင့် ကြီး



တော်မြ ငိုနေရင်းမှ ထောင်းခနဲ ဒေါသထွက်သွားသည်။ ဆုံးရှုံးသွားသော ရွှေလက်ကောက် နှစ်ကွင်း၊ စတီးငါးဆင့်ချိုင့်၊ ပလတ်စတစ်လက်ဆွဲခြင်း အနီတို့ အတွက် တွေးမိလေတိုင်း နှမြောလို့မဆုံး။ မိမိအပေါ် နားမလည် ရကောင်းလားဟု စိတ်မကောင်းဖြစ်ရင်း မထိန်းနိုင် မသိမ်းနိုင်သော သံစဉ်တို့ ကျယ်ကျယ်လောင်လောင် လွင့်ထွက်သွားသည်။

“အမယ် . . . ကိုထွန်း၊ မတရားမပြောနဲ့။ ဘာမှ အ-လို့ ခံရတာမဟုတ်ဘူး။ တို့ဆေးမိတာတော့ သိလား။ တို့ဆေးမိတာ။ မိမယ်မြတို့ ကိုယ့်လက်မှာ ဝတ်ထားတဲ့ လက်ကောက်ကို ချွတ်ပေးလိုက်ရအောင် ဘယ်တုန်းကမှ မရက်ရောခဲ့ဘူး။ တော်သိထားဖို့က တော့်ဟာမကြီး တို့ဆေးတို့ပြီး စိတ်ညို့ယူသွားတာဟဲ့။ သိရဲ့လား။

တော်က သူများနဲ့ ကိုယ့်မိန်းမ ယှဉ်လိုက်ရင် အမြဲတမ်း သူများအကောင်းချည်းပဲ။ ကျုပ်သာ မကောင်းတာဆိုတာ သိပြီးသားပါ။ တော် အဲဒီလို ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ ပြောတော့ဆိုတော့မယ်ဆိုတာ ကြိုတွေးပြီးသားပါ တော်"

ပြောလည်းပြော ငိုလည်းငိုနေသော ကြီးတော်မြကိုကြည့်ပြီး ဘကြီးထွန်း စိတ်တုန်သွားသည်။ ဒေါ်သအလျောက် မှိုက်နှက်ခဲ့လျှင်လည်း တစ်ပူပေါ် နှစ်ပူဆင့်ရှုံသာ ရှိတော့မည်ဟု တွေးမိသောကြောင့်သာ ကြီးတော်မြ သက်သာရာရနေခြင်း ဖြစ်သည်။ နတ်ကတော်တွေနှင့် အရောရာအနှော့နှော နေလိုနေ၊ ရွာထဲမှာ နတ်ကနားရှိပါက လစ်လျှင်လစ်သလို ပါဝင်နွှဲတတ်သည့် ကြီးတော်မြကို ဘကြီးထွန်း သိပ်မျက်နှာကြော မပသည့်လှ။

ကြီးတော်မြ ငိုသံကြားတတည်းက ပြည့်စုံ ကိုတင်အေးတို့၊ ကိုတောက်ထိန်တို့ ဘကြီးထွန်းအိမ်ရောက်နေကြသည်။ အကြောင်းသိတွေမို့ ခြေလွန်လက်လွန်မဖြစ်ဖို့ ဖျောင်းဖျောင်းဖျဖျ ဖေးဖေးမမပြောဆိုညှိနှိုင်းပေးကြရန် ရောက်နေကြခြင်းသာ။

"ဘယ်လိုဖြစ်ရတာလဲ ဘကြီးထွန်းရယ်"

"မင်းတို့ ကြီးတော်မြလေကွာ၊ ပြည်မှာ လူလိမ်





ခံခဲ့ရတယ်တဲ့ မောင်တောက်ထိန်ရယ်၊ ဒီအရွယ်ကြီးကျမှ ဘာမဟုတ်တဲ့ ပါတိတ်ဝမ်းဆက်နဲ့ သူရသတီရုပ်တုဝင်ပြီး အလိမ်ခံရတာတော့ ပြောရမှာတောင် ရှက်ဖို့ကောင်းနေပါသေးတယ်ကွာ။ ရွှေဆယ့်ငါးကျပ်သားလောက် မက်မောမိတာနဲ့ ကိုယ့်ရွှေတစ်မတ်သား ပါတာကမှ ခံသာသေးတယ်မဟုတ်လား။ ညံ့ကိုညံ့တဲ့ မယ်မြပါကွာ"

ဘကြီးထွန်းလည်း ဆူကောင်းတုန်း၊ ကြီးတော်မြလည်း ငိုကောင်းတုန်း။ ထစ်ခနဲရှိ စိတ်လိုက်မာန်ပါ လုပ်တတ်သော ဘကြီးထွန်း ရိုက်မောင်းပုတ်မောင်းမလုပ်၍သာ တော်နေသည်။ ပြည့်စုံကိုထင်အေးနှင့် ကိုတောက်ထိန်တို့ ပြန်သာ လာခဲ့ကြသော်လည်း ကြီးတော်မြ၏လင်ညီအစ်မ ဗေဒင်ဆရာမ ဒေါ်ညွှန့်ညွှန့် ကို မတွေ့ခဲ့မိသည်မှာ ထူးဆန်းနေသည်။

တကယ့်တကယ်မှာမူ ဤဇာတ်လမ်းသည် ဒေါ်ညွှန့်ညွှန့်ကို အခြေခံ၍ ဖြစ်ခဲ့ရသည်၊ ဘကြီးထွန်း၏ညီအရင်းခေါက်ခေါက် ဘလေးလွန်း၏ ဇနီးဗေဒင်



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ ဒေါ်ညွှန့်ညွှန့်သည် ရှစ်စပ်က ဂျင်ခြေလည်သူ တစ်ဦး ဖြစ်သည်။ ပေဒင်ဟောခကို သူများတွေထက် လျှော့ယူတတ်သော်လည်း ယတြာချေ ဖို့ သိုက်ပွဲဆက်ဖို့ ဘိုးတော်ပွဲ့ ဖို့ စသော ဖို့ပေါင်းများစွာ အတွက်ကိုမူ စိစိပိပို ယူတတ်လေသည်။

*       *       *       *

" မမမယ်မြကို မိတ်ဆက်ပေးရအုံးမယ်။ သူက ဒေါ်ဒေါ်ခင်လေ၊ ပြည်ဈေးကြီးမှာ ဈေးရောင်းတယ်။ မြီးခဲ့ တဲ့နှစ်က ယတြာလုပ်ပေးရင်း သိုက်ပွဲပါဆက်ပေးလို့ စီးပွားတက်လာတာ ကျေးဇူးလာဆပ်တာတဲ့။ ဒေါ်ဒေါ် ခင်ရေ၊ မမမယ်မြကတော့ ကျွန်မနဲ့ လင်ညီအစ်မလေ"

စောစောစီးစီး ဒေါ်ညွှန့်ညွှန့်၏ ပေဒင်ဟောခန်း ထဲတွင် စကားလက်ဆုံကျနေကြသည်။ ဒေါ်ညွှန့်ညွှန့် ကလည်း အပြောအဟော ကောင်းကောင်း၊ ဒေါ်ဒေါ်ခင် ကလည်း စိန်နားတောင်း တဖျပ်ဖျပ်ဖြင့် မစားရ ဝခမန်း တွေ ပြောနေကြသည်။





"ကဲ-ကဲ၊ ပြောလို့ဆိုလို့လဲ ကောင်းပါရဲ့၊ ဆရာမ ညွှန့်ညွှန့်နဲ့ မမမြတို့ ကျွန်မကို ခွင့်ပြုကြပါအုံး၊ ဆရာမ တို့လဲ လက်ဆောင်တစ်ခုခုပေးချင်တယ်၊ ဒီက မမမြတို လဲ ပါတိတ်ဝမ်းဆက် လက်ဆောင်ပေးလိုက်ရအောင်လို့ မမမြပါ ပြည်ကိုလိုက်ခဲ့လေ။ ဆရာမကတော့ အလုပ်ခန်း ရှိနေလို့ မမမြကိုပဲ ဆရာမအတွက် လက်ဆောင်ပေး လိုက်ပါ့မယ်"

"အို . . . . နေပါစေ၊ ခုလို ပြောဖော်ရတာကို ပဲ ကျေးဇူးတင်လှပါပြီ ဒေါ်ဒေါ်ခင်ရယ်၊ လိုက်လို့ မဖြစ် သေးပါဘူး၊ စားဖို့သောက်ဖို့ ချက်ရပြုတ်ရအုံးမှာပါ"

ကြီးတော်မြ စကားအဆုံးမှာတော့ ပေဒင် ဆရာမ ဒေါ်ညွှန့်ညွှန့်ကလည်း ပြည်ကိုလိုက်သွားဖို့ အတင်းဝင်တိုက်တွန်းသည်။

"မမမယ်မြရယ်၊ ပါတိတ်ဝမ်းဆက် လက်ဆောင် ပေးချင်လို့ဆိုတာများ လိုက်သာသွားလိုက်ပါ။ ဒေါ်ဒေါ် ခင်ရေ ပေးမယ်ဆိုလဲ သူရသတီရုပ်ထုကိုတော့ အမြင် တစ်ထွာလောက်အောက် မလျော့စေနဲ့ သိလား"



www.burmeseclassic.com

www.burmeseclassic.com



"မလျော့စေရပါဘူး ဆရာမရယ်၊ ဆရာမ အကြိုက် သိပြီးသားပါ။ ကဲပါ မမမြရယ်၊ လိုက်သာ လိုက်ခဲ့စမ်းပါ။ ဘာမှ စဉ်းစားမနေနဲ့။ ဟင်း အတွက်ကတော့ စတီးချိုင့် ငါးဆင့်ချိုင့်သာ ယူလာရင် ပြီးပြီ။ ဘာမှ ချက်စရာမလိုအောင်ကို အပြည့်ပြန်ထည့်ပေးလိုက်ပါမယ်"

ပါတိတ်ဝမ်းဆက် လတ်ဆောင်ရမည်ဆိုတတည်းက ကြီးတော်မြ ပြည်ကိုလိုက်သွားဖို့ စိတ်ပါနေသည်၊ အဝတ်အစားလဲသည်။ ပလတ်စတစ်ခြင်းအနီထဲ ငါးဆင့်ချိုင့်ထည့်ပြီး ပြန်အထွက် ဘကြီးထွန်းနှင့် တန်းတိုးတော့သည်။

"မယ်မြ . . . ဒါဘယ်လဲ၊ ငါ့လဲ ဘာမပြောညာမပြောနဲ့။ ထမင်းဟင်းတော မချက်တော့ဘူးလား"

"ကိုထွန်းရယ်၊ အရေးတကြီးကိစ္စရှိလို့ ပြည်ကို အသိတစ်ယောက်နဲ့ လိုက်သွားမလို့ပါ။ ကျုပ်ပြန်လာရင် တော်စားဖို့ပါ အသင့်ဖြစ်စေရမယ်။ ထမင်းအိုးတစ်အိုးသာ တည်ထား"

"အင်း . . . မယ်မြနော်၊ နင့်ကြည့်ရတာ သိပ်မဟန်ဘူး။ ရှုပ်ရှုပ်ယှက်ယှက်သာ လုပ်လာရင် လူသာနေမယ်၊ ငါ့ကြိမ်လုံးက မနေဘူး။ နင်တို့ ပြောဆိုနေသံတွေ ငါကြားတန်သလောက် ကြားတယ်နော်။ ကိစ္စဝိစ္စပြီးတာနဲ့ ပြန်သာလာခဲ့၊ ထမင်းအိုးတစ်အိုးတော့ ငါတည်ထားလိုက်မယ်"

ကြီးတော်မြတို့ ပြည်ဈေးရောက်တော့ နံနက်ဆယ်နာရီပင် ခွဲနေပါပြီ။ ပူအိုက်သောရာသီဥတုကို ခံနိုင်ကြရန် ကြံရည်အေးအေးကလေး သောက်ကြသည်။ နှစ်ယောက်သား ဆွဲခြင်းကိုယ်စီ ယှဉ်ချရင်းသောက်မြိုင်ကြသည်။

"မမြ၊ ဒီဆိုင်ကပဲ ခဏစောင့်နေအုံးနော်။ ဆရာမဒေါ်ညွှန့်ညွှန့်ဖို့ သူရသတီမယ်တော်ကြီးသွားရှာလိုက်အုံးမယ်။ အဲဒီအရောင်းဆိုင်က ဒီနားကလေးတင်"

သောက်လက်စ ကြံရည်ခွက်ကို ကုန်အောင် သောက်မသွား။ ဈေးရုံကြီးထဲသို့ ဒေါ်ဒေါ်ခင် ဝင်သွားသည်။ ခဏကြာတော့ ဒေါ်ဒေါ်ခင် ကြံရည်ဆိုင်ထဲပြန်ရောက်လာသည်။ ကြီးတော်မြခြင်းကို လက်ကဆွဲ

 



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ ဘာပစ္စည်းမှမပါသော သူ့ခြင်းထဲသူ့ခေါင်းမှ တဘက်တစ်ပတ်နွမ်းကို ခေါက်ပြီး ထည့်လိုက်သည်။ ထိုခြင်းကို ကြီးတော်မြနား တိုးပေးရင်း

"မမြ၊ ခဏစောင့်နော်။ ပြီးမှ အထည်ဆိုင်သွားကြမယ်။ ဟိုလေ ရုပ်တုအရောင်းဆိုင်က သူရဿတီမယ်တော်ကြီးကို ရွှေရည်ငွေရည်လောင်းပြီးမှ ပူဇော်ရင် ပိုပြီး အစွမ်းထက်တယ်တဲ့။ ဆိုင်မှာလဲ သူရဿတီမယ်တော်ရုပ်တု နှစ်ခုတွေ့တာနဲ့ နှစ်ခုစလုံးပဲ ဝယ်လိုက်မယ်လေ။ တစ်လက်စတဲ မမြအတွက်ပါ လက်ဆောင်ပေးလို့ရတာပေါ့။

"ရွှေရည်ငွေရည်လောင်းရအောင် ကျွန်မမှာ လက်စွပ်ပဲပါတယ်။ မမြလက်ကောက်ပါ ခဏပေးလိုက်ပါအုံး။ သိပ်မကြာဘူးနော်၊ ဒီဆိုင်မှာပဲစောင့်နေ သိလား။ ပြီးမှ ပါတိတ်ဝမ်းဆက်ဝယ်၊ ဟင်းချက်ပြီးသား ဝယ်ကြတာပေါ့"

ပြောပြောဆိုဆို သူကြံရည်လက်ကျန်ကို ခပ်မြန်မြန်သောက်ချလိုက်သည်။ ကြီးတော်မြကလည်း သူ့





လက်ကောက်ကို ကျေကျေနပ်နပ်ကြီးကို ချွတ်ပေးရင်း ပါတိတ်ဝမ်းဆက်ဝယ်လျှင် ဘာရောင်ရွေးရမလဲဟု စဉ်းစားနေသည်။

အိမ်မှာရှိနေသည့် လုံချည်ရောင်များ၊ အကျႌရောင်များ၊ ဖိနပ်ရောင်များ၊ ထီးရောင်များအား စဉ်းစားရင်း လိုက်ဖက်မည့် ပါတိတ်ဝမ်းဆက်ကို မှန်းဆလျက် စိတ်ကူးဖြင့် ရွေးနေသည်။ တစ်နာရီကြာသော်လည်း ဒေါ်ဒေါ်ခင် ရောက်မလာ။ နှစ်နာရီကျော်သော်လည်း အရိပ်အခြည် မမြင်ရသေး။

* * * *

"ဒေါ်ကြီး၊ ဘယ်သူ့စောင့်နေတာလဲ။ နေ့လယ်နှစ်နာရီခွဲဆိုတော့ ကျွန်တော်တို့ ကြံရည်ဆိုင်သိမ်းတော့မယ်"

ကြံရည်ဆိုင်မှ ကောင်ကလေးစကားကြောင့် ကြီးဒေါ်မြ အချိန်အခါကို အမှတ်ရသွားသည်။ ဘေးဘီကိုကြည့်ရင်း မိမိခြင်းကိုရှာသည်။ စတီးငါးဆင့်ချိုင့်



www.burmeseclassic.com

www.burmeseclassic.com



ထည့်ထားသော မိမိခြင်းအသစ် မဟုတ်တော့။ တဘက်ကာစ်ပတ်နွမ်းထည့်ထားသော ဒေါ်ဒေါ်ခင်ခြင်းသာ မိမိအနားမှာ။ မိမိခြင်းကို ဆွဲသွားသည်ကိုတော့ သိပါ၏။ ဟင်းဝယ်ထည့်ဖို့ ယူသွားသည်ဟု လွဲမှားစွာ နားလည်လိုက်သောကြောင့် ဘာမှ မပြောလိုက်မိခြင်း ဖြစ်သည်။

ထိုခြင်းကိုသာယူရင်း မအီမသာ ပြန်လာခဲ့ရသည်။ ကြုံခဲ့ရသမျှ အဖြစ်အပျက်တို့ ယုံချင်စရာပင်မရှိ။ ကချို့ကတော့ တို့ဆေးမိတာဟု ပြောကြသည်။

ကိုတောက်ထိန်တို့ ပြည်စုံကိုတင်အေးတို့ကတော့ သက်ဆိုင်ရာကို အကြောင်းကြားပြီး ဗေဒင်ဆရာမဒေါ်ညွန့်ညွန့်ကို ဖမ်းကာ အချုပ်ထဲထည့်ပြီးစစ်လျှင် ဒေါ်ဒေါ်ခင်ဆိုသော မိန်းမလည်ကြီးလိပ်စာသိလောက်သည်ဟု ဘကြီးထွန်းကို အကြံပြုသည်။

"ဟာ . . . မိညွန့်လို ကောင်မအလည်မျိုး အချုပ်ခန်းထဲထည့်ထားလဲ အလုပ်မရှိ အကိုင်မရှိ ငါ့ညီ ငလွှန်း ငတ်ပြတ်ပြီး ငါ့အိမ်မှာ သောင်တင်နေမှာပဲ အဖတ်တင်မယ်။ ဟိုကောင်မ ရှာဖွေကျွေးလို့ ဒီကောင်



ငလွှန်း စားသောက်နေရတာကွ။ ရုံးတွေ ဂတ်တွေလဲ တိုင်မနေချင်တော့ပါဘူးကွာ။

"ဗေဒင်ဆရာမကလဲ လုပ်စားနေတာ ကြာပြီ ငါ့တူရေ။ ဒီလိုပဲ လက်တစ်လုံးခြား လှည့်နေတာ။ ဘယ်သူ့အပြစ်မှ မဟုတ်ပါဘူး။ မယ်မြအပြစ်ကွ။ မိညွန့်အကြောင်းလဲ သူသိသိကြီးနဲ့ မယုံကြည်သင့်တာကို သွားယုံတာ။

"ကိုယ့်မှာလဲ အဝတ်ချို့ချို့တဲ့တဲ့၊ အစားချို့ချို့တဲ့တဲ့ မဟုတ်ဘဲနဲ့များ ပါတိတ်ဝမ်းဆက်နဲ့ အစားအသောက်မက်ပြီး ပြည်အထိတောင် လိုက်သွားတာ အံ့ပါရဲ့ကွာ။ ဗေဒင်ဆရာမကြောင့် ကြီးပွားချမ်းသာရင် ဗေဒင်ဆရာမသာ ကန်တော့မှာပေါ့။ ဘယ်သူကများ လင်ညီအစ်မကို မဆီမဆိုင်ကန်တော့ လက်ဆောင်ပေးမှာလဲ။ စဆိုကတဲက လိမ်ဆင်ကြီးကွ။ မိညွန့်နဲ့ အဲဒီ ဒေါ်ဒေါ်ခင်ဆိုတဲ့ ဟာမကြီးပေါင်းလိမ်သွားတာလေ။

"ပြောလိုက်သေးတယ်၊ သူရသာတီရုပ်ပုံများ ရွှေရည်ဖွဲ့ရည် လောင်းရတယ်တဲ့။ ကောင်းတယ်၊ နှာဆို

www.burmeseclassic.com

www.burmeseclassic.com



ဟပ်ဟပ်ထိုးနေတဲ့ မယ်မြတော့ ကိုယ်နဲ့တစ်ခါမှ မကြုံမသိတဲ့ သူကိုများ လက်ကောက်ချွတ်ပေးရလောက်အောင် အတဲ့ နုံတဲ့ ဟာလေ။ မယ်မြကိုများ ကလေးသေးသေးကလေးလောက်သာဆို အချင်အုံးဟဲ့ နုံချင်အုံးဟဲ့ ဆိုပြီး တင်ပါးကို နာနာရိုက်လိုက်ချင် သေးသဟေ့"

နတ်ဆိုလျှင် သဲသဲလှုပ်လေ့ရှိသော ကြီးတော်မြအား မည့်သည်နတ်ကမျှ အရေးတယူလုပ်ပြီး မကယ်အားတော့။ ဘကြီးထွန်းဆူလျှင် တစ်ခွန်းမခံပြန် ပြန်ပြောလေ့ရှိသော ကြီးတော်မြထံမှ ဘာသံမျှ မကြားရ၍ ကြီးတော်မြ ဘာများပြန်ပြောမှာလည်းဟု ကြီးတော်မြကို ကိုတောက်ထိန် လှမ်းပြီး ကြည့်ဖြစ်အောင် ကြည့်လိုက်ပါသေးသည်။ အိပ်မောကျနေပြီမို့ ဘကြီးထွန်းအသံသာ တစ်အိမ်လုံး လွှမ်းနေပါတော့သည်။

➤ ➤ ➤



# မြို့ထဲမှာ

တောင်ပေါ်ရှိနေစဉ်က ဗုဒ္ဓဝင်ဖွားတော်မူခန်းလေးတင်ခန်းနှင့် ရာမာယနဇာတ်တို့ကို ဝါတွင်းသုံးလပတ်လုံး တစ်ပတ်နှစ်ရက်ကြည့်ရ၏။ ဖွားတော်မူခန်းလေးတော်တင်ခန်း တစ်ရက်ကို ပထမနေ့၌ပြ၏။ ထိုနေ့သည် သောကြာနေ့ဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရားဖွားတော်မူသော နေ့ဖြစ်သောကြောင့် ဖွားတော်မူခန်းကို စတင်ပြထားသည်လားမသိပါ။

တောင်ပေါ်၌ သီတင်းသုံးကြကုန်သော ရဟန်းတော်များ၊ ရှင်သာမဏေများ၊ သီလရှင်များ၊ လူပုဂ္ဂိုလ်



www.burmeseclassic.com

www.burmeseclassic.com



များပါ မကြည့်မနေရသောကြောင့် ကြည့်ဖြစ်ကြ၏။ ပထမတစ်ရက် စကြည့်ကြည့်ခြင်းတော့ အားကြိုးမာန်တက်ကြည့်ဖြစ်ကြသည်။ ညခုနစ်နာရီမှပြလျှင် ည၌ ဆယ့်တစ်နာရီမှ ပြီးလေ့ရှိသည်။

ဒုတိယအကြိမ်ပြလျှင်တော့ သိပ်မကြည့်ချင်တော့၊ ကြည့်သူတွေလည်း နည်းသထက်နည်းလာတော့၏။ သို့သော် လူမကြည့်လျှင် နတ်တွေကြည့်သည်ဟူသော ခံယူချက်ဖြင့် စက်ဆရာလည်းဆက်ပြ၏။ ဗုဒ္ဓဝင်ဖွားတော်မူခန်းအား ကြည့်ရင်းကြည့်ရင်း ဘဝင်မကျသည်များလည်း တွေ့လာရ၏။

မယ်တော်မာယာနတ်ရွာစံသောအခါ မယ်တော်မာယာ၏ရုပ်ကလာပ်အား ကပိလဝတ်နှင့် ဒေဝဒဟနှစ်ပြည်ထောင်တို့ အလောင်းလုပွဲကျင်းပနေခြင်းသည်လည်း ကြည့်ရင်းကြည့်ရင်း စိတ်မသက်သာစရာဖြစ်နေ၏။

မယ်တော်မာယာမှာ သားတော်အား ဖွားမြင်ပြီးလျှင်ပြီးချင်း နတ်ရွာစံခဲ့သည်မဟုတ်၊ ခုနစ်ရက်ကြာ



ပြီးမှ နတ်ရွာလားရသည်ဟု ဖတ်ဖူးမှတ်ဖူးနေပါ၏။ ယခုမူ လုမ္ဗိနီသာမောခက်ချင်းယှဉ်သည့် အင်ကြင်းတောမှာပင် နှစ်ပြည်ထောင်မင်းတို့ လွန်ဆွဲသလိုဆွဲကြရင်း အလောင်းကြီး အလိုအလျောက်ပျောက်သွားတော့၏။

ကြည့်သူများအား အယူမှားအတွေးမှားဖြစ်စေနိုင်ပါသည်။ ထိုအခန်းအားတစ်ညတာ ကြည့်မိသူတို့ရင်ထဲစွဲလမ်းသွားသောအသိမှားအတွေး မှားကားတရားဟောမဗ္ဗကထိကတို့ အတွေးမှန်အမြင်မှန် ပြန်လည်ရအောင်မည်မျှအထိ ဟောပြောရမည်ကို မှန်းဆကြည့်နိုင်ပါသည်။

မယ်တော်မာယာသည် စုတေပြီးနတ်သားဖြစ်သည်ဟု စာရေးသူဖတ်မှတ်၍သိထားပါသည်။ သို့သော် သိဒ္ဓတ္ထမင်းသားလေးတင်ခန်း၌ မယ်တော်မှာ နတ်သားမဟုတ်ဘဲ နတ်သမီးဖြစ်နေပါသည်။ နတ်သမီးဟန် နတ်သမီးအသံဖြင့် သရုပ်ဆောင်နေသည်။

ဗုဒ္ဓဝင်အားကြည့်ရသည်မှာ သရုပ်ဆောင်မှု ပြောင်မြောက်လေကြည့်ရသူအား အန္တရာယ်များလေဟု

www.burmeseclassic.com

www.burmeseclassic.com



မြင်နေမိပါသည်။ နီးစပ်သူ ခင်မင်ရသူများအား သိနေသမျှ မျှဝေသော်လည်း မျှဝေမှုကို ခံယူချင်စိတ် သိပ်မရှိကြပါ။

အမှန်မှာ ဖွားတော်မူခန်းသည် သုဒ္ဓေါဒနဘုရင်ကြီး၏ ရုပ်လုံးက ပိုမိုကြွရွနေသောဇာတ်သာဖြစ်ပါသည်။ အလောင်းတော်နှင့် ပါရမီဖြည့်ဖက်၏ ဂုဏ်ယူဖွယ်၊ အတုယူဖွယ်တို့အား ဖော်ညွှန်းနိုင်သော ဇာတ်တော့ မဟုတ်ပါ။ လေးတော်တင်ခန်းမှာလည်း မောင်ကာဠုနှင့် ဗကဘိုးဘိုးကြီးတို့၏ သရုပ်သာ ပီပြင်တက်ကြွနေပါသည်။ အဘယ့်ကြောင့် တစ်ကြိမ်မက၊ နှစ်ကြိမ်မကကြည့်စေသည်ကို သဘောမပေါက်၍ နီးစပ်ရာအားတိုင်ပင်ကြည့်ဖြစ်ပါသည်။

"မဟုတ်သေးဘူး ဒကာကြီး၊ ဒီဇာတ်ထုပ်ကို ဘယ်သူရေးတာလဲ"

"အမယ်ကြီးအို အောင်စိန်ပါဘုရား"

"တကယ်မသိတော့ ပြောရခက်တယ်ဆိုတာ အဲဒါပေါ့၊ ဒီဇာတ်ကို ဘိုးတော်ဘုရားရေးတာ၊ ဘိုးတော်





ဘုရားက အမယ်ကြီးအိုအောင်စိန်ကို နာမ်ချဉ်းပြီး ရေးခဲ့တာ၊ ဘိုးတော်အောင်မင်းခေါင် ကိုယ်တိုင်ရေးခဲ့လို့လဲ ဆရာတော်က ဒကာကြီးတို့ကို အပတ်တိုင်းကြည့်ခိုင်းတာပေါ့။ ပေါ်တော့တော့မမှတ်နဲ့ ကြည့်ရင်းပေးတဲ့ အသိပညာရအောင်ယူ ဒကာကြီး"

ထူးပေဆန်းပေသောစကားများကို ကြားနာ မှတ်သားလိုက်ရ၍ စာရေးသူနှုတ်ဆိတ်လိုက်ရပါတော့သည်။

* * * *

ပထမနေ့ဗုဒ္ဓဝင်ပြီးလျှင် ဒုတိယနေ့ ရာမာယနန်းတွင်းဇာတ်ကိုပြလေ၏။ ဝါတွင်းသုံးလပတ်လုံး ထိုဇာတ်ထုပ်နှစ်ထုပ်နှင့်ပင် တဝဲလည်လည်ဖြစ်နေတော့၏။

"ရာမမင်းသားဟာ ဆရာတော်ပဲ" ဟုပြောသည့် ကိုယ်တော်ကပြော၏။ ယိုးဒယားကို ရောက်ခဲ့စဉ်က လက်ရှိယိုးဒယားဘုရင်အား အမှတ်- ၉ ရာမမင်းသား (Yama -9) ဟု စွဲလမ်းသူများနှင့် ကြုံခဲ့ဖူး၏။

ယိုးဒယားဘုရင်၏ ဓာတ်ပုံအား ယုံယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



ကြည်ကိုးကွယ်ပါက စီးပွားတက်သည်၊ လာဘ်လာဘ ပေါ်များသည်၊ လုပ်ငန်းဆောင်တာ အဆင်ပြေသည် ဟု ယူဆပြီး ဘုရင့်စာတ်ပုံအားပုံ အကြီးကြီးချဲ့လျက် ဘုရား ကျောင်းဆောင်နှင့် အပြိုင်ချိတ်ကာရှိခိုး ဦးတင်ကြသည့် မြန်မာများကို ယိုးဒယားမှာသာမက စင်ကာပူမှာပါ တွေ့ ခဲ့ဖူး၏။

ကြည့်ရှင်းကြည့်ရင်းကပင် နန်းတွင်းဇာတ်တော် ကြီးအား တန်ခိုးအရာတွေ မိုးမွှန်နေသောဇာတ်ကြီး တစ်ဇာတ်အဖြစ် ခံစားလာရပါတော့သည်။ မဖြစ်နိုင်မှု တွေများလွန်းသော ထိုဇာတ်အားစိတ်ဝင်စားမှု လျော့ နည်းချိန်တွင် ၂၀၀ ၁ ခု စက်တင်ဘာလထုတ် အပွမာ ဒမ္မရသမဂ္ဂဇင်း အတွဲ-၁၄၊ အမှတ်-၉မှ မဟာစည် ဆရာတော်ဘုရားကြီး၏ သလ္လေခသုတ်တရားတော် ကြီး ကိုဖတ်ဖြစ်ပါသည်။

ကောင်းမြတ်သည့်စကားကိုပင်၊အချိန်အခါ ကြည့်လျက်ပြောသင့်သည့်စကားကိုသာပြောတတ်ရမည်။ တော်သင့်ရုံသာချိန်ပြီးပြောတတ်ရမည်။အလွန်အကျွံ





မပြောရ၊ မနာချင်တဲ့သူကို မပြောရဟု ဆုံးမထားပါ သည်။

ဇင်းအပြင် ရာမာယနနှင့်ပတ်သက်၍လည်း စာမျက်နှာ-၁၄တွင် အောက်ပါအတိုင်းရေးထားပါ သည်။

"နောက်ပြီးတော့ ရာမာယနကျမ်းမှာလည်း ရာမ၏ ကြင်ရာတော်သီတာဒေဝီကို ရာဝဏဘီလူး ကိုစစ်တိုက်ပြီး သီတာဒေဝီကိုပြန်ယူလာပုံစသည်တွေကို အလွန်ခမ်းနားစွာပြထားတယ်။

"အဲဒါတွေကိုလဲ အစစ်အမှန်အနေဖြင့် ယုံ ကြည်ပြီး အဖန်ဖန်ရွတ်ဖတ်ကြားနာဖို့ ညွှန်ကြားထား တယ်။ အဲဒီလိုရွတ်ဖတ်ကြားနာခြင်းဖြင့် သေသောအခါ တောင်းကင်ဘုံနတ်ပြည်ကိုရောက်တယ်လို့လဲ ပြဆိုထား တယ်။

"အမှန်စင်စစ်ကတော့ အဲဒီဘာရတမင်းတို့၏ စစ်တိုက်ပုံ၊ သီတာဒေဝီကိုဆောင်ပုံ အကြောင်းအရာ များဟာ (မိရိုးဖလာဟိန္ဒူဝါဒရှိသူမဟုတ်လျှင်)ပညာရှိ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းပင် အဲဒါတွေကို ဖတ်ကြည့်လျှင် ကြံဖန်ရေးထား သောဒဏ္ဍာရီများသာဖြစ်ကြောင်း ထင်ရှားသိနိုင်ပါတယ်။ ယုတ္တိမရှိကြောင်း အလွန်ထင်ရှားပါတယ်။

"အဲဒါတွေ အစစ်အမှန်အနေဖြင့် စွဲလမ်းနေလျှင် တရားလမ်းမှန်အကျင့်ကို မကျင့်နိုင်တဲ့အကျိုးမဲ့တွေများစွာ ဖြစ်သွားနိုင်ပါတယ်။ ဒါကြောင့် အဲဒါမျိုးတွေ သူတစ်ပါးအား အစစ်အမှန်အနေဖြင့် ယုံကြည်အောင် ပြောလျှင် အပါယ်ဒလေးပါးကျတတ်တယ်"

မဟာစည်ဆရာတော်ဘုရားကြီးကမူ ရာမာယနနန်းတွင်းဇာတ်တော်ကြီးအကြောင်း ပြောဆိုမှုကို သမ္ဖပ္ပလာပထဲ ထည့်သွင်းထားပါသည်။ သမ္ဖပ္ပလာပစကားအပြောများ သူကွယ်လွန်ပြီးလူဖြစ်လာပါကလည်း သူ့စကားကို သူများတမယုံမကြည် ဖြစ်တတ်သည်ဟု ဆုံးမထားပါသည်။

ဇင်းပြင် ပြောသူကပြော၊ ကပ်ပြသူကကပြသော်လည်း အစစ်အမှန်အနေဖြင့် ယုံကြည်မှုသာ ဇာ်မြောက်သည်ဟု ပေဟာပြခဲ့သောကြောင့်သာ ရင်မောပြေခဲ့ရ



ပါသည်။

မဟာစည်ဆရာတော်ဘုရားကြီး၏ သံလွှေ့သုတ်တရားတော်ကြီးအား ရာမာယန ကြည့်ဖော်ကြည့်ဖက် သံဃာတော်များ၊ လူပုဂ္ဂိုလ်များအား မျှဝေလိုက်ချင်ပါသည်။ ငှား၍ ဖတ်စေချင်ပါသည်။ သို့သော် အများစုမှာ ထောင်ထားသည့်မြှုးထဲ ရောက်သည်နှင့် တူနေပါသည်။ နားဝင်ကြလိမ့်မည် မဟုတ်တော့ပါ။

ထို့ကြောင့် မြှုးမိမခံချင်သူများ အတွက်သာ ဤဆောင်းပါးကို ရေးဖြစ်ပါသည်။

➤ ➤ ➤

www.burmeseclassic.com

www.burmeseclassic.com

# ဆယ်ခါလွှတ်စေသော်

"ညီညီ . . . ဒီနေ့ ဘာတစ်လုံးကောင်းလဲကွ"

ရုတ်တရက်မေးလိုက်သော ဦးဦးမိုး အမေး ကြောင့် ဆာဆာနှင့် သင်္ဘောသီးသုပ် ပလုတ်ပလောင်း စားနေသည့် ညီညီလည်း ချက်ချင်း ဘာ ပြန်ပြောရမည် မှန်းမသိ ဖြစ်နေသည်။ စိန်ပြေးတမ်း ဆော့ထားသော ကြောင့် ချွေးတလုံးလုံး ရွှဲနေသည့်ကြားထဲ သင်္ဘောသီး သုပ်ကလည်း စပ်သဖြင့် နှာရည်တတွဲတွဲထွက်လျက်။ ဦးဦးမိုးမေးသည့် တစ်လုံးကောင်းကို မဖြေချင်။ သို့သော်





ပြီးပြီးတာပဲဟု လျှာရှည်ပြီး ဖြေလိုက်သည်။

"သုံးကောင်းတယ် ဦးဦးမိုး။ ကျောင်းတက်ခေါင်း လောင်းထိုးနေပြီ။ သားသွားတော့မယ်"

နောက်ဆုံးလက်ကျန် သင်္ဘောသီးသုပ်ကို ပါးစပ် ထဲ ပလုတ်ပလောင်းထိုးထည့်ရင်း ညီညီထွက်ပြေးသွား သည်။ ဦးဦးမိုးလည်း မနက်တိုးနာရီအတွက် ၃- အပါ တစ်ထောင့် ငါးရာဖိုးထိုးလိုက်ရာ မနက်ဂဏန်းသုံးပေါက် ထွက်သဖြင့် အိုကေသွားသည်။

"ညီညီပေးတာ ညီညီပေးဂဏန်း" ဟု နာမည် ကျော်သွား၏။ ထိုအချိန်မှစ၍ ညီညီလည်း အေးအေး ဆေးဆေး မနေရတော့။ ကစားသည်ပင် ဖြောင့်မအောင် မကစားရ။ "ညီညီ၊ ဒီနေ့ ဘာအာရုံရလဲ" ဆိုတာတွေ "ညီညီ၊ ဂဏန်းကလေးဘာလေး ပေးပါအုံးကွ" ဆိုတာ တွေနှင့် ကိုရွှေညီညီတို့ ကိုယ့်အတတ်ကိုယ်စူးနေသည်။

"ဘယ်လိုလဲ မောင်မိုး၊ အထုပ်အပိုးတွေနဲ့ ပါ လား"

ဦးဦးမိုး အထုပ်တွေသယ်ကာ အိမ်ပေါ်ဝင်လာ



www.burmeseclassic.com

www.burmeseclassic.com



သောကြောင့် ဦးသံသေ နှုတ်ဆက်လိုက်သည်။

"ညီညီဖို့လာပေးတာပါ။ ညီညီကော မရှိဘူးလား"

"အေး - မရှိဘူးကွာ။ လမ်းထိပ်ဘက်ထွက်သွားတယ်။ ဘောလုံးကန်တာနေမှာပေါ့။ ဒါထက် ဒါတွေက . . ."

"ညီညီပေးတဲ့ဂဏန်းပေါက်လို့ ညီညီ့ဖို့ ဝယ်လာတာပါ။ သူနဲ့ ကျွန်တော်က ကံလိုက်တယ် ဦးသံသေရ"

"မောင်မိုးရေ ခက်တော့ ခက်နေပြီ၊ မင်းတို့ နားလည်တဲ့ကံနဲ့ ဗုဒ္ဓမြတ်စွာဘုရားဟောခဲ့တဲ့ ကမ္မနိယာမကတော့ တခြားစီ ဟစ်မျိုးစီဖြစ်နေတယ်ကွ"

"ဦးသံသေကလဲ ကျွန်တော် ဗုဒ္ဓဘာသာပါ။ ကံကိုယုံပါတယ်။ ယုံလို့လဲ ကံလိုက်နေချိန်မှာ နှစ်လုံးသုံးလုံး ဖိထိုးနေတာပေါ့။ သံယာကို ပူဇော်တာဟာ ကြီးကျယ်တဲ့ စည်းစိမ်ဥစ္စာတွေ ဖြစ်စေတယ်လို့ ဆိုတယ် မဟုတ်လား။ ကျွန်တော်တော့ ရက်မပျက်အောင် သတိထားပြီး ဆွမ်းလောင်းတယ်။ ဒီနေ့ထိတော့ တစ်နေ့မှ





မရှုံးသေးဘူး။ အဲဒီအကျိုးတွေ ပေးနေမှာပေါ့ ဦးသံသေ"

"ဒီလိုရှိတယ် မောင်မိုးရ ကိုယ်က မွေးစကလေး ဆိုရင်တော့ အတိတ်ကံရဲ့ ကြိုးဆွဲရ ကရတော့မှာပဲ။ ဘာမှ ရွေးချယ်ပိုင်ခွင့် မရှိဘူး။ လက်ရှိအခြေအနေလို လုပ်နိုင်ကိုင်နိုင်၊ ပြောနိုင်ဆိုနိုင်၊ ကြံနိုင်တွေးနိုင် အနေအထားမှာတော့ အကောင်းဆုံး ဖြစ်အောင် လုပ်နိုင်မှ အတိတ်ကံဆိုးတွေကို လွှမ်းမိုးဖယ်ရှားနိုင်မှာပေါ့။ မျက်မှောက်ဘဝမှာ ပြုတဲ့ကံတွေက ပိုအရေးကြီးပါတယ် ကိုမိုးရယ်။ နှစ်လုံးသုံးလုံးပေါက်ချင်တာနဲ့ပဲ ဆွမ်းလှူတာမျိုး မလုပ်သင့်ပါဘူး။ 'မယူချင်မှရ မလှူချင်မှချော' တဲ့။ သံဃာ့ဂုဏ်ရည်ကိုပဲမှန်းပြီး လှူဒါန်းပါကွာ ဘာလောဘမှ မပါလေအကျိုးကြီးလေပေါ့"

ပြောတုန်းဆိုတုန်း ညီညီရောက်လာသည်။ သူ့ဘောလုံးသင်းကစားတိုင်းရှုံးနေ၍ စိတ်ပျက်လက်ပျက် ပြန်လာခြင်းဖြစ်သည်။

"ဟာ . . . ညီညီ၊ အတော်ပဲကွာ။ မင်းဖို့ ကစားစရာတွေရော စားစရာတွေရောငါဝယ်လာတယ်"



www.burmeseclassic.com

www.burmeseclassic.com



"သားဘာမှ မလိုချင်တော့ဘူးဦးဦးမိုး။ ခုဆို ကစားတာတောင် အကောင်း မကစားရတော့ဘူး။ ဂိုးသွင်းခါနီး ဘောလုံးကန်မယ်လုပ်ခါမှ 'ဟော့ . . . ဒီနေ့ ဘာတစ်လုံးလဲ ညီညီ၊ မင်းဘာကြိုက်လဲ၊ ဒီနေ့ ညီအစ်ကိုလား . . . နက္ခတ်လား' နဲ့ သားလဲ ဘာဖြေရမှန်းမသိဘူး။ သားကြောင့်လဲ သားအသင်းရှုံးနေပြီ။ ဦးဦးပေးတာတွေလဲ မယူချင်တော့ဘူး။ သားကိုက မှားတာပါ"

ညီညီသူငယ်ချင်းတွေက ညီညီကို မကြည်ချင်တော့။ တော်တော်စကားများတဲ့ကောင်ဟု ပြောလာကြ၍ ညီညီ နှစ်လုံးသုံးလုံးကို စိတ်ပျက်နေသည်။ လောဘသားကောင်တို့မည်သည် ကလေးရယ်ဟု ချမ်းသာမပေး။

ဆွမ်းခံကိုယ်တော်လည်း မရှောင်၊ အရှုပ်ပါ မနေရ၊ လူသေကောင်၏ အသက်သည်ပင် နှစ်လုံးသုံးလုံးထိုးစရာ ဖြစ်နေပါတော့သည်။

* * * *

"ညီညီ . . . နင်ကံနိမ့်နေတယ်၊ ယတြာချေရ





မယ်"

"သားမနိမ့်ပါဘူး၊ အတန်းထဲမှာ အမြဲပထမရနေတာပဲ"

"ယတြာချေရမှာ ဘာမှမခက်ပါဘူးဟယ်။ ညီညီနော် ဂျစ်ကန်ကန်မလုပ်နဲ့၊ လမ်းထိပ်က ဘုရားဝင်းမှာ အလင်းတိုင်သက်စေ့ထွန်းရုံပဲ။ မနက်ကိုးနာရီနဲ့ ဆယ့်နှစ်နာရီကြားတဲ့။ သားက ငယ်သေးတော့ နဲနဲကလေးထွန်းရမှာ။ အမေကြီး၊ ဝယ်ပေးလိုက်မယ်။ သားဟာသားကိုယ်တိုင်ထွန်းရမှာတဲ့၊ သားအဖေကြီးနဲ့ သွားပေါ့"

"အမေကြီးကလဲ ဒီလောက်လင်းထင်းနေတဲ့အချိန်ကြီးမှာ မှောင်လဲမမှောင်သေးဘဲနဲ့ ဖယောင်းတိုင်မီးပူဇော်ရင် လူရယ်စရာကြီး ဖြစ်နေမှာပေါ့။ မထွန်းချင်ပါဘူး"

"ညီညီ- နင်လဲ နင့်အဖေ ဦးသံသေလိုပဲ၊ လူကြည့်တော့ လက်တောက်လောက် ရှိသေးတယ်၊ ကတ်သီးကတ်ဖဲ့နဲ့၊ မရဘူး ထွန်းရမယ်၊ နင့်ကောင်းစားစေချင်လို့ ယတြာလုပ်ပေးတာဟဲ့။ ဘာရှက်စရာရှိလဲ။



www.burmeseclassic.com

www.burmeseclassic.com



ဦးသံသေ၊ တော့်သား ကြည့်ပြောအုံး”

“မယ်ပြည့်ဝရယ်၊ သားပြောတာလဲ ဟုတ်သားပဲ။ ဘုရား၊ တရား၊ သံဃာနဲ့ ပတ်သက်တဲ့ ယတြာဆိုကာ အဆင့်အမြင့်ဆုံး၊ အကောင်းဆုံး ယတြာတွေမို့ လက်ခံပါတယ်။ မိုးရွာထဲဖြိုက်တိုင်က ဆင်းတုတော်ကို ရေသပ္ပာယ်တာမျိုး၊ နေ့ခင်းနေပူကျဲကျဲမှာ မီးပူဖော်တာမျိုး ကျတော့ မြင်ရတွေ့ရတာ အရုပ်ဆိုးလွန်းတာပေါ့”

“ကျုပ်က သားအတွက် စိုးရိမ်လို့ခိုင်းတာပါ ဦးသံသေရယ်”

“နားလည်ပါတယ်။ ဗေဒင်ဆရာခိုင်းတိုင်းသာ လုပ်နေရရင် အခြောက်တိုက် ရူးကြောင်ကြောင်ကြီး ဖြစ်နေမယ်။ ကိုယ့်ဉာဏ်နဲ့လဲ စဉ်းစားအုံးမှပေါ့”

ထိုညက ဦးသံသေတို့ မိသားစု လမ်းထိပ်ရှိ ဘုရားဝင်းထဲ သွားဖြစ်ကြပါသည်။ ညီညီလည်း ဘုရားမီးပူဖော်သည်။ ဖြစ်သလို မီးပူဖော်ထားသူများကြောင့် ပေပွနေသည်များကိုလည်း သန့်ရှင်းရေးလုပ်ပေးကြသည်။





“ဦးသံသေရယ်၊ ကျွန်မ ရှင့်ကို ကျေးဇူးတင်ပါတယ်။ သားဇောနဲ့ လုပ်မိလုပ်ရာ လုပ်ခဲ့မိတာပါ။ တော်သာ ဝင်မထိန်းလိုက်ရင် သားငယ်ညီညီ ပြောသလို လူရယ်စရာကြီး ဖြစ်နေတော့မှာ”

“သဘောပေါက်ပြီးသားပါ။ ကိုယ်တစ်ခုပြောမယ်။ ဒီဘဝမှာ ချမ်းသာတာ၊ လှတာ၊ ဘုန်းကံကြီးတာ၊ အခြွေအရံပေါတာတွေဟာ ရှေးကံအကြောင်း ကောင်းလို့ပေါ့။ လူရယ်လို့ ဖြစ်လာကတည်းက နဲ့တဲ့ကံတွေမှ မဟုတ် ဘဲ။ ကိုယ့်ရဲ့ ကောင်းကံ ရလဒ်တွေကို နီးစပ်ရာမျှဝေပေး နိုင်ရမှာပေါ့။ ပျက်နေတဲ့ တံတားတွေပြင်တာ၊ ကိုင်းနေတဲ့ ညောင်ကိုင်းတို လူသွားလူလာလွယ်အောင် ထောက် ပေးတာ၊ အများသုံးသောက်ရေအိုးကို ရေဖြည့်ပေးတာ တွေဟာလဲ အတိတ်က ကောင်းကံတွေကို ရေလာမြောင်းပေးလုပ်တာပဲပေါ့”

“အဖေကြီး ဒါဆို ‘နင့်အသက်တစ်ခါလွှတ် ငါ့အသက်ဆယ်ခါလွှတ်’ ဆိုပြီး စာကလေးတွေ သင်စေ့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်တာတော . . . ”

“ဩော် . . . ညီညီရယ် ကိုယ်က တစ်ခါသာ လွှတ်ရသေးတာ။ အဲဒီစာကလေးဟာ တကယ့်ကို လွှတ်သွားလား မသိရသေးခင်မှာတောင် ငါ့အသက်ဆယ်ခါ လွှတ်လို့ ပြောနေတာဟာ လောဘကြီးသလို ဖြစ်မနေဘူးလားကွာ ”

“ဟာ အဖေကြီးကလဲ လွှတ်ဖြစ်ရင်တောင် သားကလွှတ်လပ်စေချင်တဲ့စိတ်နဲ့ လွှတ်မှာပါ။ တကယ်တမ်း လွှတ်မလွှတ်ကတော့ စာကလေးတွေရဲ့ အတိတ်ကံပေါ် နော်။ အတိတ်က မကောင်းကံတွေ ကုန်ခဲ့ရင်တော့ သူတို့လဲ ချမ်းချမ်းသာသာ ဖြစ်သွားမှာလို့ သားယုံပါတယ်”

➤ ➤ ➤



# သာသနာပြုနေသူများ၏ နယ်မြေ

တောင်ပေါ်ဒေသသည် မလေးရှားပိတောက်ပင်တို့ကြောင့် စိမ်းညို့ညို့အုပ်ဆိုင်းဆိုင်း မည်းမည်း မှောင်နေသည်။ မှုးယစ်အီဝေစေသော မလေးရှားပိတောက်ပွင့်ရနံ့တို့ သင်းပျံ့သော ထိုတောင်ပေါ်ဒေသတွင်ပင် ရွှေတိဂုံစေတီတော်ကြီးနှင့် ပုံစံတူ စေတီတော် တစ်ဆူတည်နေကြပါသည်။

ခင်မင်ရသောသက်နှီးဝတ်တစ်ပါးက တဘောင်လိုလိုဘာလိုလိုစာချိုးတစ်ခု ရွတ်ပြသည်။

“ရှစ်ဆယ်နဲ့ မဆင်းတိမ်



www.burmeseclassic.com

www.burmeseclassic.com



ကိုးဆယ်လောက်တော့ အရောက်ချိန်
ရှေ့လရယ် တထိန်ထိန်၊ စကြာမင်းတို့ အိမ်
ဒီလ ဒီအိမ်ပေါ်က
ရာတော့ရင် စာမော်ကွန်းကို
ဘုံးမင်းခေါင်ရေ

ညွှန်းခဲ့ပါအုံး . . . တဲ့၊ ဒကာကြီး သဘော ပေါက်လား"

"မပေါက်ပါဘူး ဘုရား"

"ဘယ်ပေါက်မလဲ၊ အဲဒါစကြာမင်းပေါ်တဲ့ တဘောင် ခေါ်တယ်၊ စကြာမင်းက သတ္တမ သင်္ဂါယနာ တင်မယ့်မင်းပဲ"

"တပည့်တော် မရှင်းပါဘူးဘုရား"

"ကဲ . . . ကဲ. . ရှင်းပြမယ်၊ ခုမြန်မာလို ဘယ်နှခုလဲ"

"၁၃၇၅ - ခုနှစ်ပါ ဘုရား"

"အေး ၁၃၈၀- ပြည့်အောင် နောက်ထပ်ဘယ် နှနှစ်စောင့်ရမှာလဲ ဒကာကြီး"





"ငါးနှစ်ပါဘုရား"

"နေအုံး နောက်တစ်ခုက ကိုးဆယ်လောက် တော့ အရောက်ချိန်လို့ ဆိုတယ် မဟုတ်လား၊ ၁၃၉၀- ရောက်အောင် ဘယ်လောက်လိုအုံးမလဲ"

"ဆယ့်ငါးနှစ်ပါဘုရား"

"ဒါပဲ . . . ဒကာကြီး၊ လာမယ့်ငါးနှစ်မှာ စကြာမင်းပေါ်ချင်ပေါ်၊ မပေါ်ရင်ဆယ့်ငါးနှစ်ကြာရင် ပေါ်လိမ့်မယ်၊ အဲဒီစကြာမင်းက ဒကာခံပြီး သတ္တမ သင်္ဂါယနာတင်ပွဲကို ဒီတောင်ပေါ်က ခုဆောက်လက်စ သိမ်တော်ကြီးမှာပဲ ကျင်းပလိမ့်မယ်၊ ဝေဘူဆရာတော် ဘုရားကြီးဦးဆောင်ပြီး နန္ဒမူလိုဏ်ဂူနဲ့ ဂန္ဓမာဒနတောင် တုန်းက ရဟန္တာအပါး လေးဆယ်တို့ သင်္ဂါယနာတင်မှာ နော်၊ ဆရာတော် ဘုရားကြီးက မိန့်မှာပြီးသား၊ ဆရာတော်စကားတော့ ဦးပဥ္စင်းတို့က ယုံလဲယုံတယ်၊ ဒါဆို ဒါပဲ"

"ဦးပဥ္စင်းဘုရား၊ တပည့်တော်သိထားတာက ဝေဘူဆရာတော်ဘုရားကြီး ပျံလွန်တော်မူပြီလို့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး ဒကာကြီး၊ ရုပ်ခွဲလဲတာခေါ်တယ်၊ ထကာယ်တော့ နှုန္ဓမူလိုက်ဂူမှာ ရှိနေတယ်၊ ပြောလဲ ဒကာကြီးက စာမစုံတော့ ယုံမှာမဟုတ်ဘူး၊ ဦးပဥ္စင်းတို့က ဆရာတော်ကြီးနဲ့ အနီးကပ်နေတော့ မိန့်ခဲ့သမျှ မိမိရရ မှတ်ထားတာ၊ မယုံမရှိနဲ့ ဒကာကြီး၊ ဒီကိစ္စ ဒကာကြီးတို့ ဉာဏ်မျိုးလိုက်မမီဘူး"

"လိုက်မမီဘူးလို့ ဆိုချင်ဆိုပါဘုရား၊ တပည့်တော်က ဗုဒ္ဓမြတ်စွာဘုရား ဟောတော်မူခဲ့တဲ့ ကာလာမ သုတ္တန်ကို သတိရနေမိပါတယ်ဘုရား၊ ကေသမုတ္တိနိဂုံး မှာ ကာလာမမင်းတို့ကို ဟောတော်မူခဲ့တဲ့ တရား တော်တွေပါဘုရား၊ 'ပြောသံကြားရုံနဲ့ မှန်တယ်လို့ မယူဆနဲ့၊ အစဉ်အဆက် ထုံးထမ်း စဉ်လာရှိရုံနဲ့လဲ မှန်တယ်လို့ မယူဆနဲ့၊ ကျမ်းစာတွေနဲ့ ညီညွတ်ရုံနဲ့လဲ မှန်တယ်လို့ မယူဆနဲ့၊ ငါတို့လေးစားတဲ့ ဆရာရဟန်းရဲ့ စကားကြောင့်လဲ မှန်တယ်လို့ မယူဆနဲ့' ဆိုပြီး ဆယ်ချက်တောင် ဟောတော်မူခဲ့တာပါဘုရား၊

ကာလာမမင်းတို့ ဒီတရားတို့ဟာ အပြစ်ရှိသော



တရား၊ ပညာရှိတို့ကဲ့ရဲ့အပ်သောတရား၊ ထိုတရားတို့နဲ့ ပြည့်စုံခဲ့ရင် အကျိုးမရှိ ဆင်းရဲလိမ့်မယ်၊ သင်တို့ဟာ မိမိ တို့ကိုယ်တိုင် သိကဲ့အခါမှာ ပယ်စွန့်ကြ၊ ကိုယ်တိုင်ကျင့် ကြံပြီး ကိုယ်တိုင်သိမှ ဆုံးဖြတ်ကြပါ' လို့ ဟောတော်မူ ခဲ့ပါတယ်ဘုရား"

"ဒကာကြီးက စာခံနေတာပဲ၊ ဦးပဥ္စင်းပြောတာ မယုံသလိုဖြစ်နေတယ်၊ မယုံမရှိနဲ့ ဒကာကြီး၊ ဦးပဥ္စင်းတို့ အခုတည်တဲ့ဘုရားက ကပ်ကျော်ဘုရား၊ ကပ်ကြီးသုံး ပါးမှ ကမ္ဘာသူကမ္ဘာသားတွေ ကျော်နင်းနိုင်အောင် တည် ထားတဲ့ဘုရား၊ မေတ္တာစေတနာအပြည့်နဲ့ တည်တဲ့ ဘုရား၊ စေတီကြီးတည်ရာမှာ အုတ်တစ်ချပ် သဲတစ်ပွင့် ပါဝင်သယ်တဲ့သူဟာ ကပ်ကျော်မယ့်သူပဲ၊ သတ္တဝါ ကယ် ဆယ်ရေးသက်သက်မို့ ဘုန်းကြီးတို့ ဒီလောက်ကြိုးစား နေတာပေါ့"

"တပည့်တော် သိနေတာကတော့ ကပ်ကျော် ချင်ရင် ကပ်ကျော်လောက်တဲ့ အကျင့်တရားကို ကျင့်ရ မှာလို့ သိနေပါတယ်ဘုရား၊ ထေရဝါဒဗုဒ္ဓဘာသာဟာ

www.burmeseclassic.com

www.burmeseclassic.com



ဆုတောင်းလိုက်ရုံနဲ့ လိုရာဆန္ဒတွေ လုံးဝပြည့်စုံစေနိုင်တဲ့ ဘာသာမျိုး မဟုတ်ပါဘူးဘုရား။ ထိုက်တန်တဲ့ အကျင့်အကြံပါ ယှဉ် တွဲလုပ်ဆောင်ရမယ့် ဘာသာမျိုးပါ။ လောဘကြောင့် ဒုဗ္ဘိက္ခန္တရကပ်ဖြစ်ပေါ်လာရတယ်။ အငတ်ဘေးဆိုက်တယ်ပေါ့။ ဒေါသကြောင့် သတ္ထန္တရကပ် ဖြစ်ပေါ်လာရတယ်။ စစ်ပွဲတွေ၊ သတ်ပွဲတွေ၊ သေပွဲတွေပေါ့။ မောဟကြောင့်၊ ရောဂန္တရကပ် . . . ”

“ဒကာကြီးက တော်တော်အပြောရခက်ခဲတာပဲ။ ဦးပဥ္စင်းဒီလောက်ရှင်းပြနေတာတောင် လိုရင်းရောက်အောင် နားမလည်နိုင်သေးဘူး။ အများအတွက်မို့လို့လဲ ဒီလောက်ကြိုးစား ေနတာ ဒကာကြီးအမြင်ပဲ”

* * * *

ကြိုးစားကြပါတယ်။ တကယ့်ကို ကြိုးစားပမ်းစား လုပ်ကိုင်နေကြပါတယ်။ ထင်းခုတ်တဲ့ ကိုယ်တော်က ထင်းခုတ်။ အုတ်ဖုတ်ရန် ထင်းခုတ်ကြသည်။ အုတ်ဖုတ်သည့် မြေကို ကိုယ်တိုင်တူးကြနယ်ကြသည်။ အုတ်တွေ





ကိုယ်တိုင်ရိုက်ကြသည်။ အုတ်စိမ်းတွေ ကိုယ်တိုင်လှန်းကြသည်။ အုတ်ဖိုတွေ ကိုယ်တိုင်ဖိုသည်။ ကိုယ်တိုင် မီးထိုး၍ အုတ်ဖုတ်သည်။ ကိုယ်တိုင်ပန်းရန် ကိုင်သည်။ ကိုယ်တိုင် သံချည်သံကွေးလုပ်သည်။ ကိုယ်တိုင် ဒိန်းဒေါင်းမောင်းသည်။ ဆိုင်ကယ်စီးသည်။ တားမောင်းသည်။

ကြည့်ရသည်မှာ သင်းပိုင်ကလေးတစ်ထည်ရှိနေ၍သာ ရဟန်းဟုထင်ရတော့သည်။ ကေသီမကပ်နိုင်။ အံသကိုက်ခေါ် အတွင်းခံကလေးနှင့်သာ နှစ်ပါးသွားရသည်။ မီးထိုးရသည့်ကိုယ်တော်တွေက စွပ်ကျယ် လက်ရှည်၊ နေကာမျက်မှန်၊ နီးခမောက်ပြန့်ကြီးနှင့်မို့ ရဟန်းတစ်ပါးဟု မထင်ရ။ သနပ်ခါး လိမ်းသည့် ကိုယ်တော်က လိမ်းထားသည်။

နွေကာလမှာ ဆုံကြရသည်မို့ ပြင်းပြသော နေရောင်အောက်တွင် ပင်ပန်းကြီးစွာ တစ်နေကုန် လှုပ်ရှားကြရ၍ ဝိကာလဘောဇနကိုပင် မစောင့်ထိန်းနိုင်တော့။ သမဏသာရုပ္ပမရှိတော့သော အနေအထားမှာပင်



www.burmeseclassic.com

www.burmeseclassic.com



သူတို့ကိုယ်သူတို့ သာသနာပြုနေသည်ဟု မှတ်စွဲယုံကြည်နေသူတို့ကြားထဲ ပြောခဲ့သမျှတို့ ထိုးမဖောက်နိုင်ခဲ့သည်မှာ သိပ်တော့ မဆန်းပါ။

လသာသောညတို့တွင် ရင်ပြင်တော်မှာ ခင်မင်စရာကောင်းသော အချို့သူများနှင့် ထိုင်ရင်း လွှေရာလေးပါး ပြောဖြစ်ခဲ့သည်။

"ဒကာကြီးရဲ့ ဆရာတော်က ဘိုးဘိုးအောင် ဝင်စားတာဗျ။ ရာမာယဏဇာတ်ကိုသိလား"

"သိပါတယ်ဘုရား"

"အဲဒီဇာတ်ထဲက ရာမမင်းသားဟာလဲ ဆရာတော်ပဲ။ ဘားမဲ့ဆရာတော်၊ ပလပဲ ဆင်မင်း၊ အနော်ရထာဘုရင်၊ ဗုဒ္ဓပေါင်မင်းကြီး၊ ကျစ္စာမင်း၊ ဘားမဲ့ဆရာတော်၊ အကုန်လုံးဆရာတော်ချည်းပဲ"

"နေပါအုံး၊ ဆရာတော်ကြီးက အဲဒီလို ဖွင့်ပြောလို့လား"

"ပြောတော့ ဘယ်ပြောမလဲ ဒကာကြီးရယ်။ ဟောတရားနာရင်း မှန်းယူရတာပေါ့။ ဒါပေမဲ့ တကယ့်





ကွက်တိတွေပါပဲ။ မလွဲပါဘူး။"

"တပည့်တော် တစ်ခုမေးပါရစေဘုရား။ ဌာပနာပိတ်ပွဲတုန်းက ဟန်းဖုန်းတွေနဲ့ ဌာပနာသေတ္တာကို ဓာတ်ပုံရိုက်ကြတယ်ဟုတ်လား။ အများကြီးဝိုင်းပြီးဓာတ်ပုံရိုက်ကြတဲ့အထဲမှာ လူတစ်ယောက်ရိုက်တဲ့ ပုံထဲမှာတော့ ပုံရိပ်တစ်ခုပေါ်နေတယ်လို့ ကြားပါတယ်ဘုရား။ အရှင်ဘုရားဘယ်လိုယူဆလဲ"

"အဲဒါ ဘိုးတော်သိကြား ကိုယ်တိုင်ဖန်ဆင်းတဲ့ပုံပဲဒကာကြီး။ ဒီဌာပနာမှာ သူစောင့်နေတယ်လို့ သိအောင် တန်ခိုးပြသွားတာ၊ အလကားပေါ်လာတာ မဟုတ်ဘူးနော်"

"မဖြစ်နိုင်ဘူး ထင်ပါတယ်ဘုရား။ ပေါ်လာတဲ့ပုံက လက်လေးဖက် ခေါင်းကြီးကြီး မျက်လုံးပြူးပြူးနဲ့ ကိုယ်လုံးတီးပုံလေးပါဘုရား။ ကာတွန်းဆန်ဆန်ပုံပါ။ ခလုတ်မှားနှိပ်မိပြီး ပေါ်လာတဲ့ပုံလို့ ထင်ပါတယ်ဘုရား။ ဘိုးတော်သိကြား ဖန်ဆင်းတယ်ဆိုရင် သိကြားပုံဖြစ်ဖြစ်၊ ဖြူဖွာပုံဖြစ်ဖြစ်၊ နတ်သားပုံဖြစ်ဖြစ်ပေါ်နေနိုင်ရင်

www.burmeseclassic.com

www.burmeseclassic.com



ပိုကောင်းတာပေါ့ဘုရား။ ခုတော့ ဂုဏ်မ်တက်စေတဲ့ ဂုဏ်ပျက်စရာ ဖြစ်မနေဘူးလား ဘုရား"

"ဘိုးတော်ဖန်ဆင်းရင် မဖြစ်နိုင်ဘူးဆိုတာ မရှိဘူးဒကာကြီး။ အနေကြာရင်အဖြေလာမှာပဲ စောင့်ကြည့် ဒကာကြီး"

တကယ်လည်းအနေကြာ၍ အဖြေလာခဲ့ပါသည်။ ထိုဥာပနာစောင့်သည်ဆိုသော ပုံသည်လည်း ခဏသာ ဟိုးလေးတကျော်ဖြစ်ပြီး မှေးမှိန် ပျောက်ကွယ်သွားခဲ့သည်။ ဘာမှမဖြစ်ခဲ့သလိုပင် မေ့မေ့ပျောက်ပျောက် နေလိုက်ကြတော့သည်။

ဘုရားတည်ရန် အုတ်ခဲသယ်သူသယ်၊ သဲသယ်သူသယ်၊ ကျောက်သယ်သူသယ်နှင့် တောင်ကြီးတစ်ခုလုံး လှုပ်လှုပ်ရှားရှား ရှိလှ၏။ ထိုအထဲ ဆရာတော်ဟောတရား ပြောစကားတို့ကို ကောက်ချင်သလို အဓိပ္ပာယ်ကောက်ကာ နှစ်လုံး သုံးလုံးထိုးတတ်ကြ၍ ထိသူလည်း ထိ၏။ ငြိသူလည်းငြိ၏။

သတ်၍မသေနိုင်သော ထိုနှစ်လုံးသုံးလုံးသည် စေတီကြီး တည်ရာတောင်ပေါ်မှာပင် ပြောင်းဆန်နေ



တော့၏။ ရသေ့တစ်ပါးပါးလာလျှင် ဂဏန်းမေးချင်သူတွေ ဝိုင်းဝိုင်းလည်နေတော့သည်။

ရင်ထဲမှာရှိနေတော့မည့် ဘုရားတည်ရန် မကြီးစားအား၊ သူတို့နယ်မြေသည် မလေးရှား ပိတောက်ပင်တို့ဖြင့် အုပ်ဆိုင်းမည်းမှောင်နေဆဲ။

သိကြားပွဲ၊ မယ်တော်ပွဲ၊ ရက္ခစိုးပွဲ၊ သူရဿတီမယ်တော်ပွဲ၊ နဂါးမယ်တော်ပွဲ၊ မြစိမ်းမယ်တော်ပွဲ၊ စန္ဒီမယ်တော်ပွဲ၊ ဦးရှင်ကြီးပွဲ စသည်စသည်ဖြင့် အုန်းပွဲ၊ ငှက်ပျောပွဲပေါင်း၊ ကန်တော့ပွဲပေါင်း နှစ်ရာကျော်လစဉ်အားကြီးမာန်တက် ပွဲပြင်ရင်း ပူဇော်နေကြသော သူတို့ကား သူတို့ကိုယ်သူတို့ သာသနာပြုနေသူများဟု ထင်နေကြပါသည်။

ဘုရားတည်နေကြသော သူတို့၏ ရင်ထဲရှိ လောဘ၊ ဒေါသ၊ မောဟတရားတို့ ပွားသည်ထက် ပွားမည်လား-ပါးသည်ထက် ပါးသည်လားကိုမူ သူတို့သာ အသိဆုံး ဖြစ်ပေလိမ့်မည်။

>>>

www.burmeseclassic.com

www.burmeseclassic.com

# မင်းကြီးဝေသန္တရာကို အားကျမိခြင်း

ရွှေလင်ပန်းစက်မှုဇုန်ရှိ ဆောက်လုပ်ရေး ကုမ္ပဏီ တစ်ခုတွင် အလုပ်လုပ်နေသော ကိုတောက်ထိန်ကြီး၊ တစ်ကိုယ်တော်သိုင်းသမား ဖြစ်နေပေပြီ။ ခင်မိမိနှင့် ဝေးနေရမှ ခင်မိမိတန်ဖိုး ပိုမိုနားလည်လာသလို ဖြစ်နေသည်။ "ကိုယ့်အဝတ် ကိုယ်လျှော်နေရမှ မင်းကို ပိုပြီး သတိရတယ်ကွာ" ဟု ပြောလျှင် ခင်မိမိက စိတ်ဆိုးချင် ဆိုးပေလိမ့်မည်။



ကိုတောက်ထိန်သည် ရွှေလင်ပန်းရွာ၏ လိုင်းခန်းကလေးတစ်ခုတွင် ငှားနေဖြစ်သည်။ မိသားစုနှင့် သိုက်သိုက်ဝန်းဝန်းနေခဲ့ရာမှ မသိုက်မဝန်း နေရခြင်း ရသကို လှုလှုပပ ခံစားနေရသည်။

"လျှောင်ချိုင့်စံဘဝ လွတ်မြောက်လာရ ငှက်ငယ် ပမာလို တောင်ပံခတ်ကာ xx ရွှင်မြူးနေ xx" ဟူသည့် တေးတစ်စကို သတိရနေဆဲ . . .။ ညချမ်း ချိန်ခါ တေးနားမခံသာကို စတင်ကြားလိုက်ရသည်။ ည ဆယ်နာရီပင် ခွဲတော့မည်။

"မောင်လေး၊ ရေချိုးပြီးရင် ကျောက်စည်ပြည့် အောင် ရေတုံကင်ပြန်နိုပ်ခဲ့"

ကိုတောက်ထိန်နှင့်၊ အခန်းချင်းကပ်နေသည့် အခန်းမှ မရင်ရင်၏အသံမှန်း သတိထားမိသည်။

"သူများသုံးဖို့တော့ နှိုပ်မပေးနိုင်ပါဘူး။ ကျွန်တော် စချိုးကတည်းက ကျောက်စည်ထဲ ပြည့်မှ မပြည့် ဘဲ"

"ဟဲ့ . . . တို့ပြောတာက ငါရေချိုးပြီးတုန်းက

www.burmeseclassic.com

www.burmeseclassic.com



ကျောက်စည်အပြည့် ရေနှိပ်ထည့်ခဲ့လို့ ပြောမိတာပေါ့။ တစ်ယောက်ယောက် သုံးသွားတာကို မသိလို့ ပြောမိတာပါဟယ်။ နင်ကလဲ 'ဟုတ်ကဲ့ အစ်မရေ ပြည့်အောင် ဖြည့်လိုက်မယ်' ဆိုရင် ပြီးရော မဟုတ်လား"

"ကျွန်တော် ရေချိုးကတည်းက တစ်ဝက်ပဲရှိတာ၊ တစ်ဝက်ထိတော့ ပြန်နှိပ်ပေးခဲ့မယ်။ အပြည့်နှိပ်ထည့် ရလောက်အောင်တော့ စေတနာ မကောင်းနိုင်ဘူး"

"အေးပါကွယ် . . . အေးပါ၊ မင်းရေချိုးပြီးတာနဲ့ ပြည့်အောင် အစ်မပဲ နှိပ်ထည့်ပေးလိုက်ပါ့မယ်"

ကြားနေရသည်တို့တွင် ဒေါသံ မောသံ ပါနေသည်။ အခန်းဖော်တွေမှ အားမနာ၊ စိတ်အလို လွှတ်ထားကြသည်။

ကိုတောက်ထိန် ငှားနေသည့်အဆောင်သည် ဆယ်ခန်းရှိသည့်အဆောင် ဖြစ်သည်။ မိသားစုဆယ်စု နေကြသည်။ မိသားစုဆယ်စုအတွက် ရေတုံကင်တစ်ခု သာရှိသည်။ ကျောက်စည်တစ်လုံး ချပေးထားသည်။ သုံးလိုသူက ကျောက်စည်ထဲ ရေတုံကင်နှိပ်ထည့်၍ သုံးရဲ့



သာ။

ယခုတော့မူ မိမိသုံးဖို့ပင် ရေမနှိပ်ချင်ဘဲ သူတစ်ပါးနှိပ်ထားသည့်ရေကို အသာလင့်အသင့်သုံးချင်သူ တွေ ရှိလာသောကြောင့် စကားများနေခြင်း ဖြစ်သည်။

* * * *

"ဆရာရယ်၊ ညက ကျွန်မတို့ စကားများကြတာ ဆရာရှိလား။ အဲဒီကောင်ကလေးက အမြဲ အဲဒီလိုပဲ၊ ရေချိုးချိုးပြီး မနှိပ်ဘဲသွားတတ်လွန်းလို့ သတိပေးတာကို ပဲ ဂျစ်တီးဂျစ်ကန် ပြန်ပြောတယ်"

"ဟုတ်ကဲ့၊ ကျွန်တော်သိပါတယ်"

"အဲဒါပြောမိတာ ကျွန်မ မှားလားဆရာရယ်"

"အင်း . . . အများနဲ့စုပြီး နေလာရတဲ့ ခုလို အခါမှာတော့ ဒါမျိုးကိစ္စကတော့ ရှိတတ်တာပါပဲ၊ တစ်ယောက်တစ်ယောက် ဖြည့်ကြည့်ရင်း ဒီလိုပဲ သင့်တင့်အောင် နေကြရတာပေါ့။ မရင်ရင်မှားလား . . . ဆိုတော့လဲ မမှားပါဘူး။ မှန်လား . . . ဆိုပြန်တော့လဲ

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အမြင်တော့ မမှန်သေးဘူး”

ကိုတောက်ထိန်စကားကြောင့် မရင်ရင် ယောင်လည်လည် ဖြစ်သွားသည်။

“ကျွန်မ နားမရှင်းဘူးဆရာ”

“ဪ . . . ဒီလိုပါ၊ မရင်ရင်ပဲ စဉ်းစားကြည့်လေ၊ ဆယ်အိမ်ထောင်စုသုံးတဲ့ ကျောက်စည်ထဲ မရင်ရင်က ရေအပြည့်ဖြည့်ထည့်ထားမှတော့ ဘယ်သူသုံးသုံးဆိုတဲ့ စိတ်ထားနိုင်လေ စိတ်ချမ်းသာမှုနဲ့ ပိုနီးစပ်လေဖြစ်တော့မှာပေါ့၊ အသိစိတ်ဓာတ်ရှိရှိနဲ့ သုံးပြီး ပြန်ဖြည့်ခဲ့ရင်တော့ ကျောက်စည်ဟာ တစ်ချိန်လုံး ရေပြည့်နိုင်တာပါပဲ”

“ဟုတ်တယ် . . . ဟုတ်တယ် . . . ကျွန်မ တရေလျော့နေရင်ကို မနေတတ်တာ၊ ဒါကြောင့် ရေစည်ထဲ ရေမပြည့်ပြည့်အောင်ကို နှိပ်ထားတာ”

“ဒါပေမယ့် မရင်ရင်၊ အိမ်ထောင်စုဆယ်စုနော်။ စိတ်ဓာတ်တွေ မတူနိုင်ဘူး၊ မနေ့ညတုန်းက ကောင်ကလေး မောင်ညိုဆို သူများသုံးဖို့ ရေဖြည့်မပေးနိုင်ဘူး





တောင် ပြောသွားသေးတာပဲ။ သူ ရေစချိုးတုန်းက တစ်ဝက်ပဲရှိလို့ တစ်ဝက်ပဲ ပြန်ဖြည့်ပေးနိုင်မယ်ဆိုတော့ ရေစည်ထဲ ရေတစ်ဝက်ပဲ ရှိတော့မယ်။ ဒီတော့ အပြည့်ဖြစ်ချင်တဲ့ မရင်ရင်နဲ့ ညကြီးအချိန်မတော် ပြောဟဲ့ ဆိုဟဲ့ ဖြစ်ခဲ့တာပေါ့။

“တကယ်တော့ မရင်ရင်သာ ဘယ်သူသုံးသုံး ငါကုသိုလ်လုပ်တာဆိုတဲ့စိတ် ထားခဲ့ရင်ကော . . . အဲဒီလိုမျိုး သုံးတဲ့အပေါ် ဒေါသဖြစ်စရာလိုသေးလား . . . စဉ်းစားကြည့်ပါအုံး”

“ဟာ . . . ဆရာကလဲ”

“ဆရာကလဲ မလုပ်နဲ့လေ။ စဉ်းစားကြည့်စေချင်လို့ ပြောကြည့်တာပါ၊ မရင်ရင်ကလဲ ကျောက်စည်ထဲ ရေလျော့တာ မကြည့်ချင်ဘူး၊ လျော့နေတာမြင်ရင် မနေနိုင်မထိုင်နိုင် ပြည့်အောင်ဖြည့်တယ်။ သုံးတဲ့ လူတွေလဲ တာဝန်သိစိတ် ကင်းကင်းနဲ့ သုံးမယ်လေ။ ဒီကျောက်စည် ဘယ်တော့မှ မပြည့်နိုင်ဘူး မရင်ရင်၊ ပြည့်မယ်ပြည့် မရင်ရင် ရင်ထဲမှာ ဒေါသအပူတွေပဲ ပြည့်နေတော့မှာ။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာပြောသလိုဆို ကျွန်မက ရေအလှူလုပ်တာလို့ သဘောထားပြီး ပြည့်အောင် ဖြည့်ပေးရမှာပေါ့။ ဟုတ်ပါတယ် ဆရာရယ်။ အဲဒီလိုသာ စိတ်ထားနိုင်ရင် ညတုန်းကလို အော်ကြီးဟစ်ကျယ် ပြောစရာတောင် မလိုဘူး။ ဒါကြောင့် ဆရာက မမှားပေမဲ့ မမှန်ဘူးလို့ ပြောတာကိုး။ တွေးမိရင်တောင် ညက ကိစ္စက ရှက်စရာပါ ဆရာရယ်"

"ဘယ်သူကောင်းကောင်း မကောင်းကောင်း ကိုယ်ကောင်းဖို့က အဓိက မဟုတ်လား။ ငါရေဖြည့်ထားတာ ဘယ်သူသုံးသုံးပေါ့။ သုံးပြီးပြန်မဖြည့်လို့ လိုက်ခြေရာကောက်နေရင် ကိုယ့်အလုပ်တောင် ပျက်ပါသေးတယ်။ ရေကုသိုလ်ပေါ့ မရင်ရင်ရယ်။ ငွေမကုန်ဘဲ လှူခွင့်ရတဲ့ အလှူတစ်ခုပါ"

* * * *

"အိမ်သာတက်ဖို့သာ သိပြီး အိမ်သာသုံးရေဖြည့်ဖို့ကျတော့ မသိကြတဲ့ တစ်ဘို့သမားတွေဆိုတာ လူတွေ





မဟုတ်ဘူးနော်။ ကိုယ်လဲ သုံးနေကြတာပဲ၊ ဖြည့်မှပေါ့ကွာ"

ပွမ်ခနဲ စီခနဲ အသံက ကြက်တွန်သံနှင့် ရောနှော ထွက်လာသည်။

ကိုတောက်ထိန် ငှားနေသော ဆယ်ခန်းတွဲ အဒဆောင်တွင် ရေလောင်းအိမ်သာ နှစ်လုံးရှိသည်။

ပဲပြုတ်သည်၏ ပဲပြုတ်ပူပူကလေးဟု အသံစွာစွာဖြင့် အော်သံကြားမှ ဘကြီးဦး၏ ဆူလိုက်သံတ ဖောက်ထွက်လာသည်။ ဘယ်သူကများ ဘာများ ထပြောလေမလဲဟု နားစွင့်နေသူတတော့ ကိုတောက်ထိန်ပင်။ မည်သူမှ တုတ်တုတ်မျှ မလှုပ်ကြ။ အိပ်ပျော်နေကြသည်တော့ မဟုတ်လောက်ပေ။

"အေး . . . ဒီလိုင်းခန်းမှာ ငါအသက်အကြီးဆုံးပဲ။ အိမ်သာနှစ်လုံး ရေပြည့်နေအောင် ငါဖြည့်ထားပေးမယ်။ သုံးပြီးရင်လဲ ပြည့်အောင်ပြန်ဖြည့်ရမယ်ဆိုတဲ့ စိတ်တော့ ရှိသင့်တာပေါ့။ အိမ်သာရေဖြည့်ရတာ ပင်ပန်းလို့ ပြောနေတာ မဟုတ်ဘူး။ တာဝန်သိစိတ် မထားကြလို့

www.burmeseclassic.com

www.burmeseclassic.com



ပြောနေ ဂုဏာ။

"မိသားစုကလေး ဆယ်စုရှိတာ၊ ငြိမ်းငြိမ်းချမ်းချမ်း နေနိုင်အောင် တာဝန်သိသိနဲ့ မစွမ်းဆောင်နိုင်တဲ့ သူတွေ ငုံ့ရှေ့လာပြီး နိုင်ငံအတွက် ဘယ်လိုဘယ်ညာ ကြီးကြီးကျယ်ကျယ် လာပြောလို့ကတော့ ဝါးရင်းတုတ်နဲ့ ရိုက်ယွှတ်မယ် "

ဘကြီးဦးအသံက ဟိန်းနေသည်။ ဒေါသသံ မပါ မှန်း ဆယ်အိမ်ဆောင်စလုံး သိသည်။ ကိုတောက်ထိန် အဝါအဝင် အားလုံး ဘကြီးဦးကို ခင်သည်။ လူတစ်ဖက် သားကို တတ်နိုင်သလောက် ကူသည်။ လိုအပ်သည်တို ထောင့်စုံအောင် ူ ည့်ပေးသည်။

ဘကြီးဦးသည် ဖျို့ရှယ်စဉ်ဘဝက အလုပ်မျိုးစုံ ကြုံရာကျပန်း လုပ်ခဲ့ရ၍လည်း သူမလုပ်တတ်ဟာသိပ် မရှိ။ သူ့အဘွားကြီးက အကြော်ရုံကြော်သည်။ သူက ရပ်ကွက်ထဲ လှည့်ကာ အကြော်စုံရောင်းသည်။ နံနက် လင်းလျှင် ဘကြီးဦးတို့ အကြော်ဆိုင်မှာ လူတွေ ပြည့်နေ တာသည်။



"အိမ်သာသုံး အိုးထဲထည့်ဖို့ ရေကလေးနဲ့နဲ တောင် စွန့်လွှတ်ပြီး ဒါနမလုပ်ရဲကြဘူး။ မိသားစု ဆယ်စု လောက်တောင်မှ လိုဘဖြည့်ဖို့ အားမပါရင် နိုင်ငံတော် လိုအပ်ချက်တွေ ဘယ်လိုဖြည့်မယ် လာမပြောနဲ့၊ အရင် ဆုံး တို့အိမ်ထောင်စု အုပ်အုပ်ကလေးရဲ့ အိမ်သာရေပဲ ဖြည့်အောင်ဖြည့်ဖို့ ကြိုးစားကြအုံး "

*　　*　　*　　*

"ဆရာ၊ ခုတစ်လော ငွေအရမ်းကျပ်နေလို့ ငါး ထောင်လောက် ခဏလှည့်ပါဆရာ။ ကြမ်းခင်းလောင်း ပြီးရင် အဲဒီထဲက ဖြတ်ယူပါဆရာ"

ခက်ပြီ။ အထင်တကြီး ငွေချေးသူနှင့်မှ တိုးနေ သည်။ ချေးသူမှာ ကွန်ကရစ်ကြမ်းခင်းလောင်းသည့် အဖွဲ့မှ ဖြစ်သည်။ ကြမ်းခင်းလောင်းရန် ပြင်ဆင်ပြီးနေ သော်လည်း ဘယ်နေ့ဘယ်ရက်မှာ လောင်းရမည် မကျိန်းသေသေး။ ယခုတော့ ငွေကြိုထုတ်ချင်နေသည်။

သူတို့ ဘယ်မှာနေသည်လည်း မသိ။

www.burmeseclassic.com



ကိုတောက်ထိန်ထံမှာ ထာဝရလုပ်နေသူတွေ မဟုတ်ကြ။ ကြမ်းခင်းလောင်းစရာရှိမှ လာလောင်းသူတွေသာ ဖြစ်သည်။

ပြဿနာမှာ သူတို့အင်ဂျင်နီယာ ကိုတောက်ထိန်၊ သူ့လက်ထဲ ခြောက်ထောင်လောက်သာ ရှိတော့သည်၊ လဆန်းဆယ့်ငါးရက်ပင် မပြည့်ချင်သေး။ ထမင်းလခပေးပြီး၍သာ တော်တော့သည်၊

ရင်ရင့်ကို စွန့်လွှတ်ဖို့ တွန်းအားပေးခဲ့သော ကိုတောက်ထိန်ကြီး မစွန့်သာ မလွှတ်သာ စကားတစ်ခုတော့ ပြောဖြစ်ခဲ့သည်၊

"အင်း . . ပြောရင်တော့ ယုံမှာမဟုတ်ဘူးဗျာ၊ ကျွန်တော်ဘဲ အိမ်က ဘဏ္ဍာရေးမှူးကို ပေးလိုက်ရတာနဲ့ ခုလ မချောင်တော့ဘူးဗျို့၊ မကူညီနိုင်တာ စိတ်မကောင်းပါဘူးဗျာ"

ပြားကပ်နေသော အိတ်ကပ်အား မထိတထိစမ်းရင်း လှူလွန်း၍ ဒုက္ခရောက်ကာ ဟိမဝန္တာတောကြီး မျက်မည်းထဲ နေရစဉ်မှာပင် သားတွေမယားတွေ ထပ်





စွန့်လွှတ်ရဲသော ဝေဿန္တရာမင်းကြီးအား လေးစားနေမိသည်။

ချေးငှားငွေ မပေးလိုက်နိုင်၍ ကိုတောက်ထိန် စိတ်မကောင်းမိပါ။ ဘကြီးဦးသာ သိလျှင် ဘာပြောလိမ့်မည်မသိသော်လည်း တောင်မြို့မဟာဂန္ဓာရုံ ဆရာတော်ကြီးကမူ ကဗျာတစ်ပုဒ် ရေးသားတော်မူခဲ့ပါသည်၊

"တစ်စတစ်စ
စွန့်ဝံ့မှလျှင်
ဘဝနှောင်နှောင်း
ဆက်တိုင်း ကောင်း၏"

> > >



www.burmeseclassic.com

www.burmeseclassic.com

# သတိ ဆူးစူးတတ်သည်

"သာသနာကိုစောင့်တာ အုန်းသီး၊ ငှက်ပျော သီး မဟုတ်ဘူး။ စာသင်စာချလုပ်နေတဲ့ ရဟန်းသံဃာ တွေလို့ ဟောခဲ့တဲ့ ဆရာတော်လေး၊ ကျွန်တော်တို့မြို့မှာ တရားပွဲလုပ်တော့၊ ဆရာတော် တရားဟောပလ္လင် ဘေး မှာ ကန်တော့ပွဲကြီးက ငှက်ပျောသီး၊ အုန်းသီးလှလှတွေ နဲ့ ပြင်ထားပါရောလား . . . ၊ အမြင်မတော်လိုက် တာဗျာလို့ ဆရာတောက် ပြောခဲ့တယ်လေ။ အခုတော့ အုန်းသီး၊ ငှက်ပျောသီး ဆွဲဖို့ ဘယ်ဟာ ဥစ္စာတိုင်လဲလို့ မေးလာရင် ဆရာတောက် ကိုယ်တိုင်ပြနေရပြီ မဟုတ် လား"





မြည့်စုံကိုကင်အေးက ထောက်ကွက်ရနေပြီဖြစ်၍ အသားကုန်ပြုံးရင်း ကိုတောက်ထိန်ကို ရိနေ၏၊ သူ ပြောလည်း ပြောချင်စရာ၊ ဥစ္စာတိုင်ကိုတော့ ကိုတောက် ထိန်လို ဆောက်လုပ်ရေးအင်ဂျင်နီယာအဖို့ ရှောင်လွှဲ၍ မရ။

တချို့အယူသီးသည့် အိမ်ရှင်ဆိုလျှင် ရွှေကျော့တွေ၊ ရွှေပန္နက်ငုတ်တွေလုပ်လျှက် ဥစ္စာတိုင်ကို ကိုယ်တိုင်ပန္နက် ငုတ် ရိုက်ချင်ကြ၏၊ ရွှေရည်ငွေရည်လောင်းချင်ကြ၏၊ ရွှေမိုးငွေမိုး ရွာချင်ကြ၏၊ ကိုယ့်ကိုအလုပ်အပ်ကြသူများ မို့ ယောယိမ်းလိုက် ဘသားယိမ်းလိုက်သာ လုပ်နေရ သည်၊ စိတ်မပါလှ၊ ပေါကြောင်ကြောင် အလုပ်တွေမှန်း သိနေသည်။

ထိုနေ့တွင် ကြုံရသူကတော့ လူဝတ်ကြောင် မဟုတ်၊ ဘာရယ်ကို ကိုတောက်ထိန်ကြီး မပြောတတ် သော ပုဂ္ဂိုလ် ဖြစ်နေ၏၊ မြို့ကြီးတစ်မြို့၏ နံမည်ကြီး ပုဂ္ဂိုလ်လည်း ဖြစ်နေပြန်သည်။

* * *



www.burmeseclassic.com

www.burmeseclassic.com



"ဆရာတောက်ရေ၊ နက်ဖြန်မနက်တော့ စောစောလာခဲ့နော်။ အိမ်ရှင်က ခြောက်နာရီခွဲကျော်ကျော်လောက်မှာ သူတို့ကိုးကွယ်တဲ့ ပုဂ္ဂိုလ်ကြီး ကိုယ်တိုင် ပန္နက်ရိုက်မှာတဲ့။ ဆိုက် (Site) ထဲကို မနက် ခြောက်နာရီလောက် ရောက်အောင်လာဗျာ။ တိုင်းဖို့တာဖို့ သီအိုဒိုလိုက် (THEO DOLITE)ကိုတော့ ကျွန်တော့်ကားနဲ့ သယ်လာခဲ့မယ်"

ကိုတောက်ထိန် မန်နေဂျာက ခြောက်နာရီလာခဲ့ပါ ပြော၍ ကိုတောက်ထိန်ခြောက်နာရီမှာ ရောက်ပါသည်၊ သို့သော်လည်း မန်နေဂျာကြီး ရောက်မလာသေး။ ခြောက်နာရီခွဲတွင် ပန္နက်ရိုက်မည့် ပုဂ္ဂိုလ်ကြီး ရောက်လာသည်။

"ဘယ်လိုလဲ အင်ဂျင်နီယာကြီး၊ ပန္နက်ရိုက်လို့ ရပြီလား. . ."

"မန်နေဂျာရဲ့ ကားထဲမှာ တိုင်းရတာရမယ့် မြေတိုင်းကိရိယာ (THEO DOLITE)ပါသွားလို့ပါ။ သူလာတာနဲ့ ပြင်ဆင် ပြီးရင် ပန္နက်ချလို့ ရပါပြီ"





"ဟာ- သေသေချာချာ မှာထားရက်နဲ့ အချိန်မလေးစားတဲ့ ငါ . . . မသားတွေပဲ။ (မကြားဝံ့မနာသာ ဆဲဆိုလိုက်ပါသည်။) ဒီလိုပုံစံမျိုးနဲ့ ကုမဏီ (ကုမ္ပဏီ) အလုပ် ဘယ်လိုလုပ်ကြမလဲ။ မန်နေဂျာကို မြန်မြန်လာဖို့ ဖုန်းဆက်ခေါ်ကြဗျာ "

ဆဲလည်းဆဲ ပန္နက်ရိုက်မည့် ကျွန်းသားချောင်းကလေးတွေမှာ ဘောပင်ဖြင့် ရေးလည်းရေးနေပါသည်။ ဘာတွေ မန်းမှုတ်၍ ဘာတွေ ရေးနေသည်ကိုတော့ အတိအကျမသိ။ ကွမ်းဝါးထားသည့်ပါးစပ် တလှုပ်လှုပ်ဖြင့်တော့ အလုပ်ရှုပ်နေသည်။

မနက် ၇-နာရီထိုးတော့မယ်။ မန်နေဂျာကြီးက မလာသေး။ ရှုန့်ရင်းကြမ်းတမ်းသော ဆဲဆိုသံတွေ နောက်တစ်ကြိမ် ထွက်အန်ကျလာပြီးမှ မန်နေဂျာကြီး ပေါက်ချလာသည်။ မြေရာမြေကြောင်းတောင်းပန်နေဆဲမှာပင် မြေတိုင်းကိရိယာကို သုံးချောင်းထောက်ပေါ်တင်လျက် တိုင်းရေးတာရေးအတွက် ကိုတောက်ထိန် စတင်လှုပ်ရှားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"တဲ . . . အင်ဂျင်နီယာ၊ အဆောက်အအုံ အလယ်တည့်တည့်မှာ ငုတ်တစ်ငုတ်ရိုက်ပေး"

တော်ပါသေး၏။ ထိုကိစ္စမှာ ကိုတောက်ထိန် အတွက် ဘာမျှမခက်ပေ။ ထောင့်မှန်ကျကျ ရိုက်ထားသော အဆောက်အအုံ၏ ထောင့်ဖြတ်မျဉ်းနှစ်ခုဆုံရာ အမှတ်သည် ထိုအဆောက်အအုံ၏ အလယ်ကောင် တည့်တည့်ဖြစ်သည်။ ကိုတောက်ထိန် လွယ်လွယ်ကူကူ ရိုက်ပေးလိုက်သည်။ မရှာချင်ဆုံး ဥရှူတိုင် မရှာရ၍ ဝမ်းသာသွားသည်။

" ရိုက် "

ပုဂ္ဂိုလ်ကြီးက အဆောက်အအုံအလယ်ကောင် တည့်တည့်တွင် ဆောင့်ကြောင့်ထိုင်ကာ ရိုက်ဟု အော်ပါသည်။ ထိုအခါမှ ထောင့်လေးထောင့်တွင် နေရာယူထားသူတို့က အဆောက်အအုံအတွင်း ဘက်အား ကျောပေးဆောင့်ကြောင့်ထိုင်လျက် သူပေးထားသည့် ကျွန်းသားငုတ် တစ်ထွာသာသာကလေးအား မြေကြီးထဲ ရိုက်ချလိုက်ကြပါတော့သည်။ ကင်မရာတွေ လင်းခနဲ



လင်းခနဲ ဖြစ်သွားကြသည်။

* * *

စဉ်းစားဖွယ်ရှိသည်မှာ နှင်းဆီပန်းနှင့် သူ၏ဆူး ဖြစ်၏။ ဆောက်လုပ်ရေးလုပ်ငန်းခွင်တွင် စူးမိသော သံဆူးမှာ ရှိနေမှန်းမသိ၍ စူးမိကြခြင်းဖြစ်၏။ နှင်းဆီဆူး အစူးခံရသည်မှာ ထိုသို့မဟုတ်။ စူးတတ်မှန်း သိသိကြီး ဖြင့် အစူးခံကြခြင်းဖြစ်၏။

ထိုအခါပေးပုဂ္ဂိုလ်မှာ ဆူးတွေရှိ၏။ မကြားဝံ့ မနာသာ ပြောဆိုနေသည်မှာ ဝတ်ထားသော အဝတ်၏ အသွင်ကို ဖျက်ဆီးနေသော ဆူးတစ်ဆူးဖြစ်၏။ သို့သော် ဝိုင်းဝိုင်းလည်အောင် ခစားနေသူတို့က ဆူးဟု မမြင်နိုင်ကြ။ စကားပြောတတ်စ ကလေးငယ်မပီကလာပီကလာ အဆဲအား သဘောကျ နေတတ်သည့် လူကြီးတို့၏ အပြုံးမျိုးဖြင့် ခွင့်လွှတ်နေကြဟန်တူသည်။

မိမိ၏ အဝတ်နှင့် မလျော်ကန် မသင့်မြတ်သော လူတို့၏ အမှုကိစ္စကို လုပ်ကိုင်ပေးခြင်းသည်လည်း မြင်လွယ်သည့် ဆူးတစ်ဆူးပင် ဖြစ်၏။

www.burmeseclassic.com



ဗေဒင် ယတြာ၊ ဓာတ်ရိုက်ဓာတ်ဆင် တို့ဖြင့် လူတို့၏စစ်မှန်သော သဒ္ဓါတရားကို ဖျက်ဆီးသည်ကလည်း ကုလဒူသနအမှုဟူသည် ဆူးပင်ဖြစ်၏။ ဆူးကို ဆူးဟုမမြင်၊ကြည်ညိုသူတွေ စုရုံးစုရုံး အုန်းအုန်းကျွက်ကျွက် ဖြစ်နေ၏။ ကိုတောက်ထိန် ဆိုက် (Site)တွင် ပန္နက်ရိုက် ရှိမှ မပြီးသေး။ ပင့်လိုလှ၍ ကားဖြင့်ရောက်လာသူတို့ မနည်းလှ။

ဆူးတွေမြင်လျက် အစူးခံရမည်ကို မသိနိုင်သေး၊ မိမိရှေ့တွင်ပင် ရှုန့်ရင်းကြွမ်းတမ်းစွာ ဆဲဆို၊ ဦးတွေဖွတွေမန်း၊ အခါတွေပေး၊ ဓာတ်ဆင်ဓာတ်ရိုက်တွေရေး၊ 'ရိုက်' လို့ အော်လိုအော်နေသော်လည်း ထိုအသံတွေကိုပင် သာယာနေကြ၏။ မိမိအတွက် ကောင်းကျိုးများစွာတို့ ဖန်တီးပေးနိုင်သူအဖြစ် အထင်ကြီး စွာ တွယ်မင်နေကြ၏။

ဆူးကို ဆူးမှန်းမသိ၍ ဘုရင်မဟာရာဇာ အဇာတသတ်တို့၊ အင်္ဂုလိမာလတို့ ဆူးစူးခံကြရဖူးသည်။ ဆူးကို ဆူးမှန်းသိသည့် အကျိုးကိုလည်း ခံစားခဲ့ကြသည်။





မသိသေးသူတို့က ထိုပုဂ္ဂိုလ်ကြီး၏ ကားနောက် ကားကိုယ်စီဖြင့် တသီတတန်းကြီး လိုက်သွားကြသည်။ ဟိုးတစ်မျှော်တစ်ခေါ် ထိ ရောက်နေသော်လည်း ကားတန်းကြီးက မဆုံးသေး။ ကိုတောက်ထိန် ဆိုက် (Site) ထဲတွင် လိုက်ဖို့တာစူနေသည့်ကားက တာစူနေတုန်း ရှိသေး၏။

ထိုသူတို့ မျှော်လင့်တကြီးဖြင့် ကြိုးစားပမ်းစား လိုက်နေကြခြင်းမှာ အောင်မြင်လို၍ ဖြစ်သည်။ လူသားတစ်ဦး၏ ကိုယ်ပိုင် ကံ၊ ဉာဏ်၊ ဝီရိယတို့အား ပစ်ပယ်ကာ အခြားသူတစ်ဦး၏ အရှိန်အဝါအောက် ဒူးထောက်ခံဖို့ ပြင်ဆင်နေကြခြင်း ဖြစ်၏။ ထိုသူ၏အရှိန်အဝါ၊ အစီအမံကြောင့် မိမိ၏ လုပ်စီးပွား ကိုင်စီးပွားသည် ပွင့်သစ်စပန်း စန်းသစ်စလပမာ အချိန်နှင့်အမျှ ဖွံ့ထွားပြည့်ဖြိုးလာလိမ့်မည်ဟု ယုံကြည်အားထားနေကြ၏။

ထိုသူတို့ထင်ထားသလို ဖြစ်မဖြစ်တော့ မသိ။ ဆိုနေ့တစ်နေ့လုံး ကိုတောက်ထိန် အလုပ်မဖြစ်။

* * *



www.burmeseclassic.com

www.burmeseclassic.com



ပုဂ္ဂိုလ်ကြီးထွက်သွားသည်မှစ၍ ရိုက်ခဲ့သမျှ ငုတ်တိုကို နုတ်ပယ်ကာ မြေကြီးတူးလုပ်ငန်းစပါသည်။ ငါးပေပတ်လည် တိုင်ကျင်းများအား ခုနှစ်ပေအနက်ထိ တူးရဆွရပါမည်။ နှစ်ပေလောက်သာ တူးရသေးသည်။ အောက်ရေထွက်ကာ တူးတိုင်းတူးတိုင်းပြိုနေသည်။ ထိုကျင်းအကျယ် ခြောက်ပေလောက်ဖြစ်လာသော်လည်း လိုရာအနက်ထိ မရောက်နိုင်သေး။

သံကွန်ကရစ် အဆောက်အအုံဖြစ်၍ သံချောင်းဆိုက် (Site)တွေ တွက်ခါမှ ပုံထုတ်ဌာနက မှားယွင်းတွက်ထားသည့် ချို့ယွင်းချက်များ တွေ့လာသည်။ ရှုံ့ချုပ်သွားကာ ညှိနှိုင်းရပါသည်။ အလုပ်သမားတွေ အဆင်သင့်ခေါ်ထားသော်လည်း သံထုတ်လုပ်ရေး လုပ်မရတော့။

ပန္နက်ရိုက်စဉ်က ရောက်ရှိလာသော ကိုတောက်ထိန်အထက် အင်ဂျင်နီယာက အဆောက်အအုံ ကြမ်းခင်းအမြင့်ကို လက်ရှိလမ်းအမြင့်ထက် တစ်ပေ ပိုမြင့်ရန် မှာထားသည်။ ထိုညွှန်ကြားချက်အတိုင်း အမှတ်တွေ မှတ်ထားပြီးခါမှ မန်နေဂျင်းဒါရိုက်တာရောက်လာသည်။ တစ်ပေခွဲကြမ်းမြင့်ပြီး ကြမ်းခင်းတာတ်ရန် ထပ်ဆင့်ပြောင်းပြန်သည်။ နှစ်ခါပြန်ပင်ပန်းရပါသည်။ မပြီးသေး . . .။



ပုံစံထဲတွင် အဆောက်အအုံကြမ်းခင်းနှင့် အဆောက်အအုံ ကွန်ကရစ်ရက်မ သီးခြားလောင်းထားသော်လည်း မန်နေဂျင်းဒါရိုက်တာတာ ကွန်ကရစ်ရက်မပေါ်တင်၍ ကြမ်းခင်းရှစ်လက်မ အထူ လောင်းရန်ပြောင်းလဲပြင်ဆင် သတ်မှတ်လိုက်သည်။ ထို့ကြောင့်ထိုနေ့တစ်နေ့လုံး အပြောင်းအလဲချည်း လုပ်ပြီးရင်းလုပ်နေရ၏။

အခါပေးသူကြီးကိုယ်တိုင် အစီအမံတွေဖြင့် 'ရိုက်' ဟုအော်ကာ ရိုက်ခဲ့ကြပါလျက် အဘယ်ကြောင့်အဆင်မချောမွေ့စွာ ပြောင်းပြီးရင်း ပြောင်းနေရပါသနည်း . . .။

ရှင်းပါသည်။ ထိုအစီအမံတွေ အကျိုးထိရောက်မှုမရှိ၍သာ။

ဆူး ဆူးမှန်းမသိ၊ ဘူး ဘူးမှန်းမသိ၊ လုံးထွေးလုံး

www.burmeseclassic.com

www.burmeseclassic.com



ထွေးဖြင့် အခါပေးသူကြီးနောက် လိုက်နေကြခြင်းဖြစ်သည်။ ကိုတောက်ထိန်ကမူ ထိုသူတွေကို ဘူးခါးသီးတွေဟု မြင်သည်။ ရိုးရိုးဘူးခါးသီးတွေမဟုတ်။ ဆူးကြားမှာသီးနေသည့် ဘူးခါးသီးတွေ။

ကျွန်တော်ကိုယ်တိုင် ရေးခဲ့ဖူးသည့် "ဘူးခါးနှင့်သူ၏ဆူးကား" ဟူသည့် ကဗျာ၏နောက်ဆုံးပိုဒ်ကိုပင် ကျွန်တော့်အား ကိုတောက်ထိန် ရွတ်ပြသွားသေးသည်။

"ဘူးထွားလေ အဆူးများလေမို့
ဘူးခါးရေ မဟာသတိနဲ့
အထာကြည့်နေပေါ့" တဲ့ပါ ခင်ဗျား။

ထိုနေ့က အုတ်တွေ၊ သဲတွေ၊ ဘိလပ်မြေတွေ၊ သံချောင်းတွေ (Site) ထဲ ရောက်လာခဲ့သော်လည်း စောင့်မည့် နေ့စောင့်ညစောင့်တွေ အချိန်မီရောက်မလာကြပါ။ အင်ဂျင်နီယာ ကိုတောက်ထိန်ကြီးညစောင့် မဖြစ်ရုံတစ်မည် တစ်နေကုန်သည်ထိ အဆင်မချောခဲ့သည်ကိုမူ ဆူးကြားက ဘူးခါးတွေ မသိနိုင်ပါတော့။

➤ ➤ ➤

# တကယ် နတ်မ,ခံရသူ

အရှိုးစောရင်တို့ ခြံထဲတွင် ယောက်ျားကြီးလေးယောက် လက်ချင်းဆက်ဖက်လျှင်ပင် လုံးပတ်မပြည့်အောင် မဖက်မိနိုင်သော ရောမမန်ကျည်းပင် အိုကြီးတစ်ပင်ရှိ၏။ တစ်ရွာလုံးကပင် နတ်မန်ကျည်းပင် အဖြစ်သတ်မှတ်ထားသည်။ မခုတ်ရဲ၊ မချိုင်ရဲ၊ မထိရဲ။ ယုတ်စွအဆုံး မန်ကျည်းမှည့်ချိန်တွင်ပင် လေအဝှေ့ကြောင့် ကြွေ၍ ကျသမျှသာ ကောက်ယူကြရသည်။ ဤသည်ပင်လူတိုင်းမကောက်ရဲ။ လုပ်ဝံ့သူဟူ၍ ကိုမိုးတို့၊ ကိုတောက်ထိန်တို့၊ ကိုတင်အေးတို့သာ ရှိသည်။

မန်ကျည်းကိုင်းကို ခပ်ဆတ်ဆတ်လှမ်းခုတ်လိုက်

www.burmeseclassic.com



၍ ကြော်ငြာသမျှတို့ကိုပင် အရိုးစောရင်တို့ ညီအစ်မတွေ မကောက်ရဲကြ။ ကိုတောက်ထိန်တို့အဖွဲ့ကပင် လှုပ်သူကလှုပ်၊ ယိုက်တောက်သူက တောက်ပြီး တင်းတွေတောင်းတွေ့ထဲထည့်၊ ထမ်းပိုးပြီးအိမ်တိုင်ရာရောက် ပို့ခဲ့ရသည်မှာလည်း နှစ်စဉ်လိုလို။

ပြီးခဲ့သည့်နှစ်ရက်ခန့်ကမူ ဘကြီးသာဇံခြံထဲ ကိုင်းနေသည့် နတ်မန်ကျည်းကိုင်းအား အရိုးစောရင်ခုတ်ပေးလိုက်ရ၏။ နည်းနည်းနောနော အကိုင်းကြီးမဟုတ်။ ဘကြီးသာဇံခြံထဲ နှစ်ပေါင်းများစွာ အရိပ်ထိုးကျနေသော အကိုင်းကြီးလည်း ဖြစ်၏။ တစ်ဖက်ကလည်း အရေးဆိုလာ၍ ခုတ်မပေးနိုင် ပေးချင်ဖြင့် ခုတ်ပေးရပေတော့မည်။

အရိုးစောရင်က ဖောက်ခင် မချိုင်ခင် အုန်းသီး၊ ငှက်ပျောသီး၊ ကွမ်းဆေး၊ လက်ဖက်အစုံဖြင့် ပွဲတင်ပသကာ တောင်းပန်တိုးလျှိုးချင်သေးသည်။

တကယ်တမ်း အပင်ပေါ် တက်ရမည့် ကိုမိုးကလည်း ဘာပွဲမှ မပေးနိုင်။ သူ့ဟာသူ ချိုင်မည်။ သူကျွမ်း





ကျွမ်းကျင်ကျင် ခုတ်တတ်ထစ်တတ်သည်။ ဘာနတ်အကူအညီမှ မလို။ သူ့ပညာသူယုံသည်။ သူ့အစွမ်းသူသိသည်။ နတ်သာစ်ပင်ကြီးအား လက်စုံမိုး၍ ရှိခိုးပူဇော်ခြင်းမျိုး လုံးလုံးမှမလုပ်ချင်။ ခေါင်းမာနေ၏။ အရိုးစောရင် နောက်ဆုံးတော့ လက်လျှော့လိုက်ရ၏။

ကိုမိုးကလည်း ကျွမ်းကျွမ်းကျင်ကျင် ချိုင်ပေးခဲ့ပါသည်။ ဖြတ်ဟယ်တောက်ဟယ် ခွဲဟယ်စိတ်ဟယ်ဖြင့် ဘာအန္တရာယ်မှ မကပ်ရောက်ခဲ့ပါ။ နတ်မန်ကျည်းကိုင်းကြီးကို မီးစိုက်စရာ ထင်းဘဝ လှလှပပရောက်စေခဲ့ပါသည်။

"ခင်သန္တာရယ် . . . ကယ်ပါအုံးဟယ်၊ ဟိုဇွတ်တရွတ်ကောင်လေး ငမိုးကြောင့် နတ်မန်ကျည်းပင်ကြီးကို ပွဲတွေဘာတွေနဲ့ ကျကျနန မတောင်းပန်နိုင်ဘဲ ခုတ်လိုက်ရတာ။ ငမိုးကလဲ ဇွတ်မှဇွတ်ပါပဲဟာ၊ ပွဲတွေဘာတွေနဲ့ တောင်းပန်ပြီးမှ တက်ချိုင်ရရင် သူမချိုင်နိုင်ဘူးတဲ့၊ အကျပ်ကိုင်လို့သာ လုပ်လိုက်ရတာပါအေး၊ မလုပ်လို့ကလဲ မဖြစ်နိုင်လို့ပါတော်၊ ဟို လူကပ်စီး ဦးသာဇံကလဲ



www.burmeseclassic.com

www.burmeseclassic.com



တစ်မှောင့်ပါအေ"

"အရီးစောရင်ရယ်၊ ကျွန်မဆီရောက်နေပြီပဲ၊ ဘာမှအားမငယ်နဲ့ အရီးစောရင်၊ ကိုယ်ကလက်လွှန်ထားပြီဆိုမှတော့ ပူဇော်ရ တောင်းပန်ရတော့မှာပေါ့။ အမှန်တော့ နတ်မန်ကျည်းကို မခုတ်မဖြတ်မတီခင်က ကျွန်မဆီ အယုတ်အမြတ် အရှိအမြင် ကပ်ညှိချင်ဖို့ ကောင်းကာပေါ့"

"လာတော့ လာမလို့ပါအေ၊ ငမိုးတို့၊ မောင်တောက်ထိန်တို့ဆိုတာ လူ့ခွစာကလေးတွေလေ၊ သူတို့ လုပ်ကိုင်မပေးရင်လဲ ဖြစ်မှာမဟုတ်လို့ သူတို့လက်အပ်ပြီး မလာဖြစ်ခဲ့တာ ၊"

"ကဲ . . . ကဲ . . . နံ့သာရည် လုပ်ပေးပါအုံး"

အသင့်သွေးထားသော သနပ်ခါးရည်ပျစ်ပျစ်ထဲ အမွှေးရည်များ ရောကာ ဖန်ခွက်ထဲထည့်ပြီး နတ်ပန်းခက်နှစ်၍ နတ်စင်တစ်ခုလုံးအား ဖျန်းပက်ရင်း နတ်ကတော် မိန်းမလျာ ခင်သန္တာ လုပ်ငန်းစတင်ပါတော့၏။



ဆတ်ဆတ်တုန်အောင် ပူးရင်းတပ်ရင်း မျက်လုံးစုံမှိတ်လျက် ပျဉ်ကြမ်းခင်းကို တဒုန်းဒုန်းတဒိုင်းဒိုင်း ရိုက်ခတ်ကာ အမိုက်ဇာတ် စနေပါတော့သည်။

* * *

"ဟဲ့စောရင် . . . မိစောရင်၊ မိန်းမကြမ်းကြီး မစောရင် "

" အမိန့်မှတ်စရာရှိ မှတ်တော်မူပါ"

"ငါနေတဲ့နေရာကို မရိုမသေ မလေးမစားနဲ့ အတွေးမှားကပ်လို့ တဝေးတခြားအရပ်လွဲအောင် ဖြတ်ရဲခဲ့ကြပြီပဲ။ နတ်နဲ့နဂါး မလျှည့်စားနဲ့တဲ့။ ဟင် . . . အသုံးကျဟန်မရှိ၊ ဘုန်းတံကလဲ မပြည့်မှတ်လို့၊ သတိမကပ် ယတိပြတ် စမ်းကြည့်ကာလား"

"မစမ်းဝံ့ကြောင်းပါ။ ထားရန်အခက် ကြားခံဖျက်လို့ တစ်ပါးစံ အခက်အကိုင်းကို ဖြတ်ပိုင်းခဲ့ရကြောင်းပါ။ တစ်ကြိမ်တစ်ခါအခိုက် အခက်အခဲကြားမို့ မလိမ့်မှာ အမိုက်အမဲများကို စရိုက်တလွဲ မဆင်မခြင် ဖျက်အားပိုရမလားဆိုပြီး တစ်ဖက်တခြားမှာ အခက်များပိုဖို့ မျက်

www.burmeseclassic.com

www.burmeseclassic.com



ထားသော် မညှိုပါနဲ့"

အရိုးစောရင်တို့ ညီအစ်မတွေ ကြောက်နေကြ၏၊ ဘယ်လိုက ဘယ်လို သိကုန်ကြသည်မသိ။ အရိုးစောရင်တို့ အိမ်ဝန်းကျင်က မိန်းမတွေကော ကလေးတွေပါ မိန်းမလျှာကြီးအိမ်မှာ စုပြုံကျပ်ညပ်နေကြ၏။ လူအရမ်းများလာလေ တစ်မှုဆန်းပြားတွေ၍ အကြမ်းစားတွေ ပူးနေပါတော့သည်။

"အေး . . . အေး . . . လုပ်ညည်းမညည်းပါနဲ့၊ ခုတ်ချိုင်းပြီး . . . ငြိးတာ ဘာတတ်နိုင်မှာလဲ။ အတိတ်ခိုးဝေ စိတ်ဆိုးပြေအောင် အကြောင်းမဖန် မတောင်းပန်လို့ကတော့ ခုနှစ်တန် ခုနှစ်ဖော် နင်တို့ ညီအစ်မခုနှစ်ဖော်တွေ စိတ်နေနွမ်းညှိုး စီးပွားတိုးသမျှ ထုံးအိုးအို အဝကျဉ်းသလို တစ်စတစ်စ ဖျဉ်းစပ်စပ်နဲ့ ကျဉ်းကျပ်ကျပ်ဖြစ်စေရမယ်တဲ့"

"နောက်တွန့်မတက် ကြောက်ရွံ့လျက်ပါ။ တစ်ကြိမ်အဆိုး တစ်ကြိမ်တစ်ခါမို့ မလိမ်မိုး မလိမ္မာတွေကို အကျည်းတန်တာ မတွေ့မမြင်ဘဲ သည်းခံစရာလေ့ဝင်





လို့ ဘယ်ကွေ့တွင် ဘယ်လိုတင်မြှောက်မှ အရှင်တစ်ယောက် မနေခဲ့မယ်ဆိုတာပြော၍ ပြတော်မူပါ၊ အကြောင်းအသွယ်သွယ်နဲ့ အရောင်းအဝယ်တွေမှာလဲ ဝယ်သူတစ်သောင်း ရောင်းသူတစ်ယောက် မလောက်မဖြစ်အောင် မစတော်မူပါ။ အပြစ်အမြင်မထားဘဲ အချစ်ဝင်စားတော်မူပါ"

အမှတ်မထင် ရောက်လာသော ကြီးဒေါ်မြ၏ နှုတ်နှင့်အပြန်အလှန် သဘောနဂိုဟပ် ပြောဆိုတတ်မှု ကြောင့် ပွဲတ စိုပြည်စပြုလာသည်။

"ကွယ် . . . သိတတ်သမှုနဲ့ အပြစ်တပ်ခံပြုရင်တော့ ဖြစ်တတ်တဲ့အမှု လျစ်လျူရှုရတော့မပေါ့။ တောင်တစ်ခု မှောင်ညှိုညှို မလင်းတလင်း၊ နေမင်းလည်း မဝင်တဝင်၊ အလင်းမျှင်လည်း မပျောက်တပျောက်၊ မှောင်လောက်အောင်မမည်း သဲတွဲအောင်လဲ မရှိ ညီအစ်ကို မသိတသိအချိန်မှာ ညီအစ်မ ခုနှစ်ယောက်စလုံး ရှမ္မတ်အလိုတက်ကြွစေတဲ့ ကြက်ဖိုကြက်မအကြော် ခုနှစ်ပုံ၊ မုန့်ဖြူ-မုန့်နီကြော် ခုနစ်ပွဲ၊ နှမ်းလတ်ဖက်အကြော်



www.burmeseclassic.com

www.burmeseclassic.com



ဂုံ ခုနစ်ပွဲ၊ အုန်းငှက်ပျောကန်တော့ပွဲ ခုနစ်ပွဲနဲ့ ကိုယ်တိုင် အစုံအစုံရွက်ပို့လို့၊ နတ်မန်ကျည်းရိပ်မှာ ပွဲတော်ခင်း၊ လွဲချော်ခြင်း မဆင်မခြင် အမှားတစ်ခါအတွက် သနားစရာအဖြစ် မကောင်းသန္တာန်မို့ တောင်းပန် ကြောင်း ရိုကျိုးညွတ်ခ ဝပ်ချမှ ကျေနပ်နိုင်မယ်ဟဲ့"

"ကျေပါ . . . နပ်ပါ . . . မစပါ၊ ရှောင်ဆုတ် စရာအသိပွားပြီမို့ နောင်မလုပ်ပါလို့ ကတိထားပါတယ်။ တစ်ကြိမ်အဆိုး တစ်ကြိမ်တစ်ခါမို့ မလိမ်မိုး မလိမ္မာတွေ ကို အပြစ်မပွားဘဲ အချစ်များတော်မူပါ"

"တောင်းပြီလေ၊ တစ်ခါထက်ဆက်ပွား နှစ်ဖြာ နှစ်ချက်များမှားရင်တော့ သွားရင်ကြေ၊ နားရင်လဲ သေ စေရမယ်ဟဲ့။ လုပ်သမျှပန်း လှမ်းသမျှမှားလို့ နိုးကြားသွား သမျှ ခရီးမပေါက် ကြိုးစားထားသမျှ မပြီးမမြောက်ရှိစေ မယ်၊ အယားကြီးယားရင်ယား မယားရင် အဖျားကြီးဖျား စေမယ်ဟဲ့ - သိရဲ့လား။ ကဲ . . . တဲ ဘာမေးချင်သေး လဲ "

"မေးစရာ မရှိတော့ကြောင်းပါ"





"အေးဟဲ့ . . . အေးဟဲ့၊ အကြောင်းမရှိရင် ငါ ပြန်မယ်"

မျက်လုံးစုံမှိတ်၍ နဖူးမို့မို့ကြီးကို လက်အုပ်ဖြင့် ခပ်ကြမ်းကြမ်း တစ်ချက်နှစ်ချက် တဆတ်ဆတ်တုန်ကာ ရိုက်လိုက်ပါတော့သည်။

*      *      *

အရီးစောရင်တို့ ညီအစ်မခုနှစ်ဖော်တို့ ပူဇော် ပသစရာတွေ ကိုယ်စီဖြင့် နတ်မန်းကျည်းပင်ဆီ လာနေ ကြသည်။ သူတို့မလာခင်ကပင် ကိုတင်အေးတို့၊ ကိုတောက်ထိန်တို့၊ ကိုမိုးတို့ ရောက်နှင့်နေကြသည်။ ကြက်ကြော်တွေကို ငှက်ပျောဖက်ခင်းထားသည့် တင်း တောင်းထဲ ထည့်မည်။ မုန့်ဆီကြော်ဖြူနီ၊ လက်ဖက် အကြော်စုံတွေထည့်ဖို့ ကြွပ်ကြွပ်အိတ်တွေ၊ အုန်းသီးငှက် ပျောသီးတွေအတွက် မြက်ထမ်းခြင်းတွေ ယူခဲ့ကြရင်း ဘကြီးသာဇံခြံထဲတွင် စောင့်နေကြသည်။

သူတို့တွေရှိနေမှန်း အရီးစောရင်တို့ မသိကြ။ ကြောက်တတ်သော နတ်ကတော်ခင်သန္တာက ကော့



www.burmeseclassic.com

www.burmeseclassic.com



ကော့ ကော့ကော့ဖြင့် ရှေ့ဆုံးမှလာသည်။ နတ်မန်ကျည်းပင်အောက်မှာ သတင်းစာ စက္ကူတွေခင်း လျက် သတင်းစာပေါ်မှာပင် ကန်တော့စရာတွေ ပြင်ကြသည်။ ပြင်နေစဉ်ပင် မှောင်ရီပျို့အန်လာသည်။ သစ်ရိပ် ဝါးရိပ်တွေ ကြီးစိုးနေသော တောခြုံကြီးမို့ အလင်းမစို့မပို့က စုပ်ယူခံလိုက်ရသလို အမှောင်ထဲ မြုပ်ကျသွားသည်။

ခင်သန္တာ၏ ယောက်ျားသံအောအောကြီးသာ ကြားနေရသည်။ ရှိခိုးဦးတင်ကြရင်း အမွှေးတိုင်မှန်မှန်တွေ ထွန်းညှိကြသည်။ "ကျေပါ၊ အေးပါ၊ သုံးဆောင်ပါ။ တင်ပါတယ်၊ မြှောက်ပါတယ်" ဟု ပြောဆိုနေကြပေလိမ့်မည်။

"မကောင်းသမျှဖယ်ရှားဖို့ ကောင်းအလှတွေ သွယ် ထားပေးတော်မူပါ။ အညံ့အရှော်တွေ အဝေးနှင်လို့ အသန့်အတော်တွေ အပြေးဝင်စေတော်မူပါ" ဟူ၍ အကြောင်းအမှုထိုထိုတို တောင်းဆုဆိုပေလိမ့်မည်။

ပြန်မည့်ပြန်တော့လည်း ယောက်ျားရင့်မာကြီး ခင်သန္တာက ကော့ကလန်ကော့ကလန်ဖြင့် မပြေးရုံတစ်



မည် ရှေ့ဆုံးကလှမ်းသည်။ သူ့နောက်လိုက်ကြသော အရိုးစောရင်တို့ ညီအစ်မခုနှစ်ဖော်လည်း ပြေးလုနီးပါး။ သူတို့ ခပ်လှမ်းလှမ်းရောက်မှ ကိုမိုးတို့လုပ်ငန်းစကြသည်။

ဘာမှမချန်။ ခင်းထားသော သတင်းစာပါ မကျန်ရစ်စေရ။ အကုန်လုံး သိမ်းကျုံးထမ်းပိုးခဲ့ကြသည်။ ဝက်ဝက်ကွဲအောင် စားကြသည်။ တစ်ရွာလုံးကတော့ သူတို့ကို 'နတ်ပြီး' သူတွေဟု ကွယ်ရာမှာ ပြောဖူးခဲ့လေပြီ။

* * *

"မောင်ချိတ်၊ မင်းမီးမွှေးဖို့ ထင်းပေါက်စ လိုချင်လို့ဆို၊ မန်ကျည်းသားဒုတ္တက ထင်းပေါက်စစိုစိုကြီးတွေကွ။ မီးမွှေးလို့ ရမှာမဟုတ်ဘူး။ အရိုးစောရင်ခြံထဲက နတ်မန်ကျည်းပင် အခေါက်ခွာပေးမယ်။ တစ်ခါတစ်ခါခွာရင် နဲတဲ့အခေါက်ချပ်ကြီးမဟုတ်ဘူး ရမှာ။ မီးကလဲ တောက်မှတောက်ပဲလာကွာ . . . ငါသဲတူးရှင်းနဲ့ ထိုးကလော်ပြီး အခေါက်ခွာပေးမယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ . . . ကိုမိုးရာ၊ မယူရဲပါဘူးဗျာ"

"ရော ခက်ပြီ သံတူးရွင်းနဲ့ထိုးခွာနေတာက ကျုပ်ပါ။ အဲဒါမှ မကြိုက်ရင်လဲ နတ်မန်ကျည်းကိုင်း အခြောက်တွေကို ချိတ်နဲ့ချိတ်ပြီး ချိုးပေးမယ်။ ဘယ့်နှယ်လဲ"

"အေးဗျာ . . . အိမ်မှာက ထင်းစိုက်စရာကို မရှိလို့ပါ။ ဂုန်နီအိတ်တစ်လုံးစာလောက်တော့ ရအောင် ကူပါအုံးကိုမိုးရာ။ အားတော့နာပါရဲ့။ ကျုပ်မလုပ်ရဲလို့ပါ။ ခင်ဗျားက 'နတ်ပြီး' နေတဲ့သူဆိုတော့ ကိစ္စမရှိဘူး"

"အလိုလေး . . . ဘာ အားနာစရာလိုလဲ။ တစ်ရွာထဲသားချင်းတွေပဲဗျာ။ ကဲ . . . ပြောနေကြာတယ်။ သွားကြရအောင်၊ မြက်ထမ်းခြင်းသာ ယူလာခဲ့တော့"

ထိုနေ့က ထင်းခြောက်တွေ အများကြီးကို မြက်ခြင်းထဲ ထည့်၊ တစ်ယောက်တစ်လှည့်စီထမ်းရင်း ခွဲဝေယူခဲ့ကြသည်။ ယူလာသောထင်းများ နေသားတကျထားပြီးခါမှ မောင်ချိတ်ခါးထဲ နင့်ခနဲ ဖြစ်သွားကာ ထိုင်မကောင်း ထမကောင်း နာတာတာ ထောင့်တောင့်တောင့်



ကသိကအောက်ဖြစ်နေပါတော့သည်။ ဘာအခန့်မသင့်သည်တော့မသိ။

"နတ်ကိုင်တာ နတ်မန်ကျည်းပင်မှ သွားစမ်းတာကိုး" ဟု အသံဗလံတွေ ထုံးစံအတိုင်း ဆူလာပြန်သည်။

"ကိုတောက်ထိန်၊ တော့်လူ မောင်ချိတ်တော့ ထိုင်မရထမရ ဖြစ်နေပြီတော့။ ကြားကြားဖူးပါဘူးတော်။ ဟို . . . နတ်ပြီးတဲ့ ကိုမိုးနဲ့အတူ နတ်မန်ကျည်းကိုင်းတွေ သွားချိုးရတယ်လို့"

"ဩော် . . . ဒါတလေးများဗျာ၊ အကြောမြင် ဆရာကြီး ဆရာအုန်းသာ ပြကြည့်ပါ။ ပျောက်သွားဝါလိမ့်မယ်။ နတ်ကိုင်တာ မဟုတ်လောက်ပါဘူး။ ကြားရတာက မန်ကျည်းကိုင်းတွေကို ချိုးတာက ကိုမိုးပါ။ ကိုချိတ်က ခြင်းထဲထည့်ရုံထည့်တာလေ။ နတ်ကလဲ ကိုင်မယ့်ကိုင် ကိုမိုးပဲ ကိုင်တော့မှာပေါ့"

"အမယ်လေးလေး၊ ပြောတတ်လိုက်တာ ကိုတောက်ထိန်ရယ်။ ကိုမိုးက နတ်ပြီးနေတဲ့သူတော့၊ သူ့ ဘယ်ကိုင်မလဲ။ ဖြစ်သေးပါဘူး၊ ခင်သန္တာဆီသွားပြီး

www.burmeseclassic.com

www.burmeseclassic.com



အကျိုးအကြောင်းမေးရတော့မယ်”

“အင်း . . . အကြောပြင်ဆရာအုန်းသာ ပြကြည့်၊ တစ်ထောင်လောက်အကုန်ခံရင် ကိုချိတ်အကြောကို အကောင်းအတိုင်းဖြစ်အောင် ပြင်ပေးလို့ရတယ်။ ခုပြင် ခုထိုင် ခုထ ခုလမ်းလျှောက်လို့ ရနိုင်တယ်ဗျ။ ခင်သန္တာကျတော့ ရေစင်ဖိုး၊ ကြွက်ဖိုကြွက်မဖိုး၊ မုန့်ဖြူမုန့်နီဖိုး၊ အုန်းသီး၊ ငှက်ပျောသီးဖိုးနဲ့ သောင်းချီကုန်တာတောင် မောင်ချိတ်ပြန်ကောင်းမယ်ဆိုတာ အာမ မခံနိုင်သေးဘူးနော်”

ကိုတောက်ထိန် အခါခါ အခေါက်ခေါက် အာပေါက်အောင် ပြောသော်လည်း မောင်ချိတ်ကတော်ကို ပြောမရခဲ့ပါ။ ခင်သန္တာက ပူဇော်ပသရန် အိမ်တိုင်ရာရောက် စီမံခန့်ခွဲပြင်ဆင်ပေးသည်။ ပြောဆိုတောင်းပန်သင့်တာ တောင်းပန်ပေး၍ ကျေအေးတော်မူစေရန် အသံကောင်းဟစ်ပေးသည်။

ပူဇော်ထားသမျှ ကြွက်ဖိုကြွက်မကြော်၊ မုန့်ဖြူမုန့်နီကြော်၊ လက်ဖက်ကြော်စုံနှင့် အုန်းငှက်ပျောတို့အား





“အိမ်သားများ မစားရ၊ စားကြလျှင် ခိုက်လိမ့်မည်” ဟု ခြိမ်းခြောက်ကာ သူ့အိမ်သို့သာ ခွက်ကြီးခွက်ငယ်ထဲ ထည့်ပြီး မသွားပါတော့သည်။

မောင်ချိတ်ခါးနာသည်မှာ ပျောက်သွားပါ၏။ ပွဲတင်၍ ပြေရာပြေကြောင်း တောင်းပန်လိုက်မှ ပျောက်ခြင်းမဟုတ်။ အကြောပြင်ဆရာ ဆရာအုန်း၏ ကျွမ်းကျွမ်းကျင်ကျင် တစ်ချက်နှစ်ချက်လောက် နှိပ်ပြီး ပြုပြင်ပေးလိုက်မှုကြောင့် ဂျိုးဂျက်ဂေါက်ဂက် အသံတွေ ကြားကာ ပြန်ကောင်းသွားခဲ့ပါသည်။ နှိပ်ပြီးပြီးချင်းပင် သက်သာသွားပါတော့၏။

မ- သွားသူ နတ်ကတော်ကိုမှ အကောင်းထင်တတ်သူ မောင်ချိတ်ကတော်မှာသာ တကယ်နတ်မ,ခံရသူ ဖြစ်သွားပါတော့သတည်း။

*(အဖြစ်အပျက်အမှန်တို့အား အမည်လွှဲထားပါသည်။)*

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

# အလှူတော်

ကိုတောက်ထိန် နေပူဆာလှုံနေသည်။ ရွှေတောင် ဆောင်းသည် စောစီးစွာ ချမ်းနေသည်။ နိုဝင်ဘာလမှာတောင် မကုန်ချင်သေး။ အအေးဓာတ်က သိသိသာသာ ပိုနေသည်။ မိုးအေး ဆောင်းအေးရောပြီး အေးစက်နေသည်။

မော်တော်ဆိုင်ကယ်လဲ၍ ပိမိသဖြင့် ညာခြေထောက် ပိုင်းပိုင်းကျိုးသွားသောကြောင့် ပေါင်ရင်းမှ ခြေဖျားအထိ ကျောက်ပတ်တီး အဖွေးသားနှင့် ကျွန်တော်တို့ ကိုတောက်ထိန်ကြီး အိပ်ရာထဲ ပက်လက်





နေနေရသည်။ ပက်လက် နေပူဆာ လှုံနေရသည်။

အနွေးဓာတ် ရလိုရငြား ပြတင်းတံခါးမှ မဝင်သာ ဝင်သာ ဝင်လာသော နေရောင်ခြည်နုနုကလေးကို စိတ်ပြေလက်ပျောက် အားကိုးနေစဉ် သင်္ကန်းအညိုရောင်ဝတ်တစ်ပါး အိမ်ထဲဝင်လာပါသည်။

“ဒုလ္လဘရဟန်းခံပွဲအတွက် အလှူခံပါတယ်”

“သားကြီး ကိုကိုစည်သွတ်ဘူးရေ . . အိမ်ရှေ့မှာ အလှူခံ”

“ဘယ်လောက်လှူရမှာလဲ အဖေကြီး”

“အဆင်ပြေသလို လှူလိုက်ပါကွာ”

သားကြီးက နှစ်ရာလှူလိုက်ပါသည်။ အရပ်ထောင်ထောင်မောင်းမောင်း၊ အသားအရေညိုမောင်းမောင်း ဘုန်းတော်ကြီးက ကိုကိုစည်သွတ်ဘူးထံမှ နှစ်ရာ တန်ယူပြီး ဒုလ္လဘမဲ ဖြတ်ပိုင်းကလေးပေးခဲ့ပါသည်။ နှစ်ရာတန်ကိုမူ လွယ်ထားသည့် လွယ်အိတ် အစိမ်းကလေးထဲ ထည့်ပြီး ဆက်လက်၍ တစ်အိမ်တက်ဆင်း အလှူခံနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တိုက်ဘိုက်ဆိုင်ဆိုင်ပင် ထိုအချိန်က ကိုတောက်ထိန် ဖတ်နေသော စာအုပ်မှာ ဆရာတော်ဦးယောသိက ရေးသားတော်မူသည့် အရှင်ဇနကာဘိဝံသ၏ တစ်ဘဝ သာသနာ ကျွမ်းစာအုပ်ဖြစ်ပါသည်။

မဟာဂန္ဓာရုံ ဆရာတော်ကြီးသည် အနာဂတ် သာသနာအတွက် အလွန်ကြောင့်ကြစိုက်တော်မူသော ဆရာတော်ကြီးဖြစ်ပါသည်၊ ဝိနည်းတော်ကိုလည်း အလွန်လေးစားတော်မူပါသည်။

သာသနာပြုရာတွင် ယခုအခါ၌ ငွေမပါ၍လည်း မဖြစ်။ ငွေအလှူခံမှုကိုလည်း ဗုဒ္ဓမြတ်စွာက လုံးဝ ခွင့်မပြု။ ဤငွေသည် အဆိပ်သဖွယ်ပင်၊

ဆေးသိပ္ပံထွန်းကားသော ယခုခေတ်အခါတွင် အဆိပ်ကို စနစ်တကျ သုံးစွဲလျှင် ဆေးဖြစ်သေး၏၊ အသုံးမတတ်မှ ဘေးဖြစ်သည်။ ရဟန်းတော်များနှင့် ရွှေငွေမှာလည်း ဤသဘောပင်။ မသုံးစွဲတတ်လျှင် ဝိနည်းတော်အရ ဘေးဖြစ်နိုင်သည်။ ကပ္ပိယကာရကာများဖြင့် အပ်စပ်အောင် စီမံပြန်လျှင် သုံးစွဲခွင့်ရ၏။



ရဟန်းတော်များ ရွှေငွေကို တိုက်ရိုက် လက်မခံရ။ မသာယာရ။ မသိမ်းဆည်းရ။ သို့သော် အပ်စပ်အောင် စီမံမှု ထိုငွေကြောင့်ရသော ပစ္စည်းကို သုံးစွဲခွင့် ရနိုင်သည်။

တစ်ဘဝသာသနာပါ အထက်ပါ ဖော်ပြချက်များသည် ကိုတောက်ထိန်ထံ အလှူလာခံသော သက်န်း ဝတ်နှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေပါသည်။ လွယ်ထားသော လွယ်အိတ်စိမ်းထဲသို့ ကိုကိုစည်သွတ်ဘူးလှူလိုက်သော ငွေကို ထိုးထည့်သွားသော ပုံရိပ်သည် မျက်လုံးထဲက မထွက်တော့။

* * *

ကိုတောက်ထိန် ကိုယ်တိုင်ကမူ ထိုကဲ့သို့မျိုး မလှူချင်။ ဖြစ်နိုင်လျှင် လူဖုံဂိုလ်ကိုသာ လှူလိုက်ချင်၏။ မိမိနေထိုင်ဖို့ ကျောင်းဆောက်ရန် ဆိုက်ကားတစ်စီးဖြင့် အလှူခံသော ကိုယ်တော်ကြီးတစ်ပါးနှင့် မနေ့တစ်နေ့ကပင် ဆုံသေး၏။ အိုကြီးအိုမ ကိုယ်တော်ကြီးအား ကန်တော့ပါသေးရဲ့ဟု မပြောရက်။ အပ်အပ်ငပ်စပ်ဖြစ်

www.burmeseclassic.com

www.burmeseclassic.com



အောင် လျှော့ပွိုရန်ကလည်း ကပ္ပိယက ပါမလာ။

ဝိနည်းလေးစားသော ရဟန်းတော်များ အတွက် ပုဂ္ဂိုလ်လေးမျိုးရှိကြောင်း မှတ်သားဖူး၏။

၁။ တောင်းသာတောင်းကောင်း မပေးကောင်း

၂။ ပေးသာပေးကောင်း မတောင်းကောင်း

၃။ တောင်းလည်းတောင်းကောင်း ပေးလည်း ပေးကောင်း

၄။ မတောင်းလည်း မတောင်းကောင်း မပေး လည်း မပေးကောင်း

ထိုပုဂ္ဂိုလ်လေးမျိုးတွင် ဖိတ်မန်ထားသည့် ပုဂ္ဂိုလ်တို "ပဝါရိတ" ပုဂ္ဂိုလ်ဟု ခေါ်ပါသည်။ ပစ္စည်းလေးပါး အလိုရှိသည့်အခါ တောင်းတော်မူပါဟု ဖိတ်မန်ထားသော ထိုပုဂ္ဂိုလ်မျိုးထံ ရဟန်းတော်များ တောင်းကောင်း ပါသည်။ သို့သော် ရဟန်းတော်၏ ပစ္စည်းကို မပေး ကောင်းပါ။

"ပဝါရိတ" ပုဂ္ဂိုလ်မဟုတ်သူ၊ ဆွေမျိုးမဟုတ်သူထံ တောင်းလည်းမတောင်းကောင်း၊ မိမိပိုင်ပစ္စည်းလည်း





မပေးကောင်းဟု မှတ်သားဖူးပါသည်။ ထိုပုဂ္ဂိုလ်မျိုး ပိုင်ဆိုင်သည့် သောက်ရေကလေးတစ်ခွက်တောင်မှ မတောင်းကောင်းဟု ဆိုပါသည်။

တောင်းလည်း မတောင်းကောင်း၊ ပေးလည်း မပေးကောင်း သူများထံမှ အလှူခံလိုလျှင် နှုတ်မှ မပြော ဘဲ ဆွမ်းခံသလိုသာ ရပ်သင့်သည်ဟု နားလည်ထားပါ သည်။

ကိုတောက်ထိန်၏ အတွေးများ အမျှင်မပြတ် သေး။ ဝိနည်းနှင့် မညီသော သက်န်းဝတ်များကို လှူသာ လှူနေရသော်လည်း လှူပြီးတိုင်းလှူပြီးတိုင်း ရင်ထဲ တစ်မျိုးတစ်မည် ဖြစ်နေသည်။

ခရီးသွားဟန်လွှဲ အလှူခံကြသော ပုဂ္ဂိုလ်များကို အပ်အပ်စပ်စပ်ဖြစ်အောင် လှူလိုက်ချင်၏။ အလှူခံ ပုဂ္ဂိုလ်က အသက်အရွယ်ကြီးကြီး၊ ကပ္ပိယကလည်းမပါ။ ကန်တော့ပါသေးဟုလည်း ပြောမထွက်ခဲ့။ လှူတော့လှူ ဖြစ်သည်။

တချို့ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းမှ



www.burmeseclassic.com

www.burmeseclassic.com



လူပုဂ္ဂိုလ်အလှူခံများ အဖွဲ့လိုက် လာကြပါ၏။ အများအားဖြင့် နေ့စားပုတ်ပြတ်ယူကာ အလှူခံလာကြသူများဖြစ်သည်။ တစ်လတွင် ကျောင်းအတွက် ငါးသောင်းတန်သည်၊ ခြောက်သောင်းတန်သည် သွင်းမည်ဟု ညှိနှိုင်းကာ အလှူခံထွက်လာကြသူများဖြစ်သည်။ တစ်လအလှူခံရငွေ တစ်သိန်းဖြစ်လျှင် ငါးသောင်းကို ကျောင်းအတွက်လှူ၍ ကျန်ငါးသောင်းကို အလှူခံသူများ ယူကြသည်။

ဘုန်းတော်ကြီးသင် ပညာရေးကျောင်းဂေါပကအဖွဲ့ကလည်း လယ်သမား ယာသမားတွေဖြစ်၍ အလုပ်မအားသည်က တစ်ကြောင်း၊ သူတို့လို ကြားရသူတွေ သဒ္ဓါတရားပေါက်လောက်အောင် မပြောတတ်၊ မဟောတတ်သည်က တစ်ကြောင်းတို့ကြောင့် ထိုအဖွဲ့များကို အားကိုးနေရကြောင်း ကိုတောက်ထိန် သိနေသည်။

များသောအားဖြင့် ဘုန်းတော်ကြီးသင်ပညာရေးကျောင်းသားများမှာ မိဘများ ရှိနေကြပါသည်။ မိဘမဲ့



များ မဟုတ်ကြ၊ တိုင်းရင်းသားကလေးများ မဟုတ်ကြ၊ ပြည်မတွင်ရှိနေသော မိဘများ၏ သားသမီးများသာ ဖြစ်ကြသည်။

ထိုအခြေအနေမှန်ကို မပြောကြားဘဲ သနားစရာပိုကောင်းလေအောင် မိဘမဲ့များဟု ပြော၍ အလှူခံသည့်အဖွဲ့က အလှူခံ၊ တောင်ပေါ်တိုင်းရင်းသားကလေးများဟု အလှူခံသူကခံဖြင့် ဖြစ်နေကြသည်။

သက်ဆိုင်ရာ ကျောင်းများက ထိုသို့ အလှူမခံရန် တားမြစ်နေသည့်ကြားမှ သဒ္ဓါတရားကို အလွဲသုံးစား ပြုချင်သူတို့ ရှိနေပြန်သည်။

မည်သို့ဖြစ်စေ ထိုအဖွဲ့များ၏ ထောက်ပံ့ကူညီမှုကြောင့်သာ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းတို့ အသက်ရှည်နေသည်ကို သိသဖြင့်လည်း ကိုတောက်ထိန် သိသိကြီးဖြင့် လှူနေရသည်။ မှတစ်ပါး အခြားမရှိပါ။

* * *

www.burmeseclassic.com

www.burmeseclassic.com



နေပူဆာလှုံနေရင်းမှ ဘုန်းတော်ကြီးပေးသွားသော ငါးဆယ့်ခြောက်ကြိမ်မြောက် ဒုလ္လဘရွှေကောက်ပွဲဟု အမည်တပ်ထားသည့် ဖြတ်ပိုင်းကလေးကို ကြည့်နေမိပါသည်။ ထိုဖြတ်ပိုင်းကလေးသည် ဒုလ္လဘမဲလည်းဖြစ်ပါသည်။ မဲပေါက်လျှင် ဒုလ္လဘရဟန်းအဖြစ် အရွေးခံရမည်ဟု မက်လုံးပေးထားပါသည်။

ထိုဖြတ်ပိုင်းကလေးတွင် အမည်နှင့် နေရပ်လိပ်စာရေးရန် ပါပါသည်။ သို့သော် ကိုတောက်ထိန်အား ပေးခဲ့သော ဖြတ်ပိုင်းကလေးတွင် အမည်လည်းရေးမထား။ နေရပ်လိပ်စာလည်း မေးစမ်းပြီး မှတ်မသွားပါ။ မိမိလက်ခံရရှိသော ဖြတ်ပိုင်းနံပါတ်မဲပေါက်သော် မိမိအား မည်သို့ အကြောင်းကြားမည်နည်း။

ချမ်းချမ်းဖြင့် နေဆာလှုံနေသော်လည်း ခန္ဓာကိုယ်က မပူ။ တွေးရင်းတွေးရင်း စိတ်ထဲက ပူလာပါသည်။ လုပ်စားနေတာဟု တွေးမိသွားသဖြင့် ပူလာခြင်းဖြစ်ပါသည်။ မအပ်မရာလုပ်သူက လုပ်နေ၏။

ဆဒ္ဒန်ဆင်မင်းဇာတ်ကို သွားသတိရမိသည်။





အသေသတ်၍ အစွယ်ဖြတ်ရန်လာသော မုဆိုးကျော်သောနုတ္တိုရ်က ဆဒ္ဒန်ဆင်မင်း သူ့ကို မိသောအခါ သင်္ကန်းစကို နှာမောင်း၌ တင်ပေးခဲ့ဖူး၏။ သံဃာ၏ အမှတ်သညာကို မှီလျက် မိမိအသက်ကို ကာကွယ်ခဲ့ဖူး၏။ သောနုတ္တိုရ် မသေသေးပါလားဟု ခံစားမိပါသည်။

ဒါန၊ သီလ၊ ဘာဝနာတွင် အလွယ်ဆုံးသော ဒါနကိုပင် ဒါနပီသအောင် အတော်ကြိုးစားရဦးမည် ဟုတော့ ကိုတောက်ထိန် သူ့ကိုယ်သူ နားလည်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ကျူးကျော်လာသော အိုလူးများ

ဘုရားဝင်းထဲသို့ ကိုတောက်ထိန်ရောက်လျှင် ရောက်ချင်း ကြီးတော်မြကို တွေ့ရ၍ အံ့အားသင့်သွားသည်။ ကြီးတော်မြ ခါးနာနေသည်မှာ ကြာပြီ၊ သွားသွား လာလာ သိပ်မတွေ့ရတော့။ အခု ခါးနာပျောက်သွားပြီ ထင်၏။

ကြီးတော်မြသည် ဘုရားဝတ်ပြုပြီး အထတွင် ကိုတောက်ထိန်ကို မြင်သွားသည်။



"ဟယ် မောင်တောက်ထိန်ပါလား ဘုရားလာ ဖူးတာလား"

"ဟုတ်ကဲ့ပါ ကြီးတော်မြ၊ ခင်မိမိလှူထားတဲ့ ဘုရားတစ်ဆူ ဒီကျောင်းဝင်းထဲမှာ ရှိတယ်လေ။ ဘုရား ပန်း လှူရင်း လာတာပါ။ ဒါထက် ကြီးတော်မြ ခါးနာ နေတာ၊ ဟာ ဘယ်လိုနေသေးလဲ"

"ကြီးတော်မြလဲ အစ်မတော်ဂိုဏ်းက စေတနာနဲ့ ကုပေးနေတယ်ဆိုလို့ လာတာပဲ။ စောစော ကတော့ ဆရာက ဆီမန်းမန်းပြီး လိမ်းပေးပြီးပါပြီ၊ သိပ်တော့ မထူးခြားသေးဘူးကွယ်။ နေ့လယ်ဘက် ကျမှ ဆရာရဲ့ အစ်မတော်ဂိုဏ်းဝင်တွေက ဆက်ကုပေးမယ် တဲ့"

"ကျွန်တော်တောင် စိတ်ဝင်စားလာပြီဗျာ။ ရှေးရှင် ကျော်တို့ မနောမယိဒ္ဓိဂိုဏ်းတို့သာ ကြားဖူးနေတာပါ။ အစ်မတော်ဂိုဏ်း ဆိုတာကတော့ ကြီးတော်မြနဲ့ တွေ့မှပဲ ကြားဖူးတာနော်။ ဆရာက အဲဒီဂိုဏ်းကလား"

"ဟုတ်တယ်ကွဲ့၊ ဆရာကုပြီးမှ တပည့်တွေက

www.burmeseclassic.com

www.burmeseclassic.com



ဆက်ကုတာ။ နေ့လယ်လောက်ဆို ဆက်ပြီးကုပေးမယ်တဲ့။ မောင်တောက်ထိန် စိတ်ဝင်စားရင် ခဏလောက်စောင့်နေပေါ့။ တော်ကြာ လာကြတော့မှာပါ”

* * *

တစ်ခဏအကြာ၌ ရွာထဲက အမျိုးသမီးသုံးဦးရောက်လာသည်။ သူတို့နှင့်အတူ ကတ်ဆက်တစ်လုံးပါလာသည်။ ဆေးကုပေးမည့်သူများပင် ဖြစ်လိမ့်မည်။ သူတို့က ကြီးတော်မြကို လာစောင့်ရန်ပြောပြီး ဆရာ့ကိုအရင်သွားကန်တော့သည်။ ဘာတွေတိုင်ပင်ကြသည်တော့ မသိ။ ပြီးတော့မှ ကြီးတော်မြ ခေါ်ကာ သိမ်ဘက်သွားကြသည်။

သိမ်ထဲ၌ ကတ်ဆက်တစ်လုံးဖြင့် အလုပ်ရှုပ်နေကြသည်။ ကတ်ဆက်မှ နတ်ဆိုင်းသံ ထွက်လာသည်။ အမျိုးသမီးတစ်ယောက်က ရင်ဘတ်တွင် ပဝါစည်းလျက်ခြေနှစ်ချောင်းကို ခွင်ကာ ဘီလူးကကနေသည်။ ခြေကားရား လက်ကားရား ဖြစ်နေရသည့်အထဲ လည်ပင်းရော





ဦးခေါင်းပါ တုန်နေရသည့် သူ့အဖြစ်က မလွယ်ကူလှပါတလား။

သူတို့သည် သိမ်တော်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးများကိုမှ အားမနာနိုင်ကြ။ အမိုက်တကာ့ထိပ်ခေါင်အမှောင်တကာ့ထိပ်သီးတွေ ဖြစ်နေကြသည်။

ယာလက်ထဲမှာလည်း သန်လျက်အတု တစ်လက် ဟန်ပါပါကိုင်ထားသည်။ နတ်ဆိုင်းက ဘီလူးဆိုင်းလိုလို ဘာလိုလို ပတ်ကြမ်းတိုက်လိုက်တိုင်း လက်ထဲမှ သန်လျက်တုကြီးဖြင့် ကြီးတော်မြ၏ ရင်ညွန့်ဆီမှခြေဖျားဆီသို့ သပ်သပ်ချနေသည်။

လည်ပင်း တုန်တုန် ဇက်တုန်တုန်ဖြင့် လှုပ်ခါယူနေသော သူတို့ကို ကြည့်ရင်း ကြည့်ရင်း စိတ်ပျက်ချင်လာသည်။ အမြင်မတော် ဆင်တော်နှင့် ခလောက်ပါပေတကား။

ဆေးကုခံနေရသော ကြီးတော်မြလည်း မသက်သာ။ ဆိုင်းက ပတ်ကြမ်းတိုက်လိုက်တိုင်း သန်လျက်တုဖြင့် ခုတ်လားခုတ်ရဲ့ လုပ်နေ၍ ကြီးတော်မြ အံကြိတ်ခံ



www.burmeseclassic.com

www.burmeseclassic.com



နေရသည်။

နတ်စဝင်ဝင်ချင်း ခုတ်စဥ်က သက်သောင့်သက်သာ ရှိသော်လည်း နတ်ရှိန်မြင့်လာသောအခါ အတုန်များ၏ လက်မထိန်းနိုင်သောကြောင့်လား၊ ဟန်ပါပါမာန်ပါပါ နတ်ဆိုင်းနောက် စိတ်ပါလက်ပါဖြစ်သွားသောကြောင့်လား မသိ။ ကြီးတော်မြကတော့ အမယ်လေး၊ အဘလေး အော်နေရသည်။

ကိုတောက်ထိန်တစ်သက် သည်တစ်ခါသာ ဂိုဏ်းသမားတို့ ဆေးကုသည်ကို မြင်ဖူးသည်။ တကယ့်ရှူးကြောင်ကြောင် ပေါ်တောတော ကုထုံးတွေကို နဖူးတွေ့ဒူးတွေ့ တွေ့ဖူးခြင်းလည်းဖြစ်သည်။

သူ့အရပ်နှင့် သူ့ဇာတ်တတော့ ဟုတ်နေသည်။ ကြီးတော်မြတစ်ယောက် ငယ်ငယ်တုန်းက ဖတ်စာထဲကလို "ဇော်က ကနေသည်၊ ခါးတော့ထားပါ" ဖြစ်နေသည်။

ကော့နေသောခါး ပြန်မဆန့်ရသေးပါ။ 'ဒုတ်' ခနဲ သန်လျှက်တုဖြင့် အခုတ်ခံနေရသည်။ ကြီးတော်မြလည်း





ဗေဗိန်ဗေဗိန်ထီး ဟူသော ပတ်မသံကို မကြားချင်တော့။ ဆိုင်းက ခပ်ကြမ်းကြမ်းတီးလိုက်တိုင်း သန်လျှက်တုဖြင့် အခုတ်ချည်းခံနေရ၍ ပတ်မသံကို လန့်နေသည်။

ကြည့်ရမြင်ရသည်မှာ စိတ်ကုန်လာ၍ ဘုရားဝင်း အပြင်ဘက်သို့ လှည့်ထွက်ခဲ့သည်။ ဆောင်းနေသည် မန်ကျည်းရိပ်ကို ထိုးမဖောက်နိုင်သောကြောင့် ကျောင်းဝင်းထဲမှာ အေးစိမ့်နေသော်လည်း ကိုတောက်ထိန်ရင်တွေ ပူနေပါပကောလား။

* * *

"အလို . . . ဆရာတောက်ပါလား၊ ချိန်းထားရင်တောင် လွဲနေအုံးမယ်"

"ဟာ-မောင်တင်နှအေး၊ ခင်ဗျားရဲ့ ပြည့်စုံမြင်းလှည်း ရပ်ထားတာတောင် မမြင်မိဘူး။ သိမ်တော်ကြီးဘက်က စိတ်ကုန်ကုန်နဲ့ ပြန်လာတာ"

"အင်း . . . နတ်ဆိုင်းသံတွေလဲ ကြားနေရတယ်။ ဆရာတောက်တော့ အစ်မတော်ဂိုဏ်း ဆေးကု

www.burmeseclassic.com

www.burmeseclassic.com



တာနဲ့ ကြုံလာပြီထင်တယ်”

“အစ်မတော်ဂိုဏ်းလား ဘာလားတော့ မသိဘူး။ သိမ်ထဲမှာ ကတ်ဆက်ဖွင့်ပြီး ဘီလူးက ကရင်း ဆေးကုနေကြတဲ့ အမျိုးသမီးအဖွဲ့တော့ တွေ့ခဲ့ပါရဲ့။ ကြီးတော်မြတော့ သန်လျက်နဲ့ အခုတ်ခံနေရလို့ ခါးကော့နေပြီ”

“ဟုတ်မယ် . . . ဟုတ်မယ်၊ ကျွန်တော့်ကို ကြီးတော်မြက မှာထားတာ ဆရာတောက်ရ၊ အပြန်မြင်းလှည်းနဲ့ လာကြိုပါဆိုလို့လာကြိုတာ။ ဒီနယ်မြေမှာတော့ အစ်မတော်ဂိုဏ်းက နံမည်ကြီးပဲ။ ရောဂါပျောက်အောင် ဆေးလဲကုတယ်၊ ပယောဂလဲကုတယ်။ နတ်ကော ခာတ်ကော စုံတယ်။ ဆရာတောက် ပြောသလိုဆိုရင်တော့ ကြီးတော်မြတော်တော် ခံနေရလောက်ပြီ ”

သူတို့ စကားကောင်းနေစဉ်မှာပင် ကြီးတော်မြ တစ်ယောက် ခါးတစ်ခြမ်းအား လက်ဖြင့်နှိပ်ရင်း ရှုံ့မဲ့လျက် သူတို့ဆီ တစ်လှမ်းချင်း လာနေသည်။ သူတို့ နှစ်ယောက်စလုံး ကြီးတော်မြဆီသို့ မပြေးရုံတမည် သွားကာ မြင်းလှည်းဆီသို့ ဖေးဖေးမမ တွဲခေါ် လာခဲ့ကြသည်။





မြင်းလှည်းပေါ် မတက်နိုင်တော့သဖြင့် နှစ်ယောက်သား မတင်ကြရသည်။ တိတ်ဆိတ်နေမှုကို ကိုတောက်ထိန်က ဖြိုခွင်းလိုက်သည်။

“တော်တော်များ အနေခက်နေပြီလား ကြီးတော်မြရဲ့”

“ခါးထဲမှာ တော်တော်ကြီးကို အခံရခက်နေတာပေါ့ မောင်တောက်ထိန်ရယ်။ နဂိုက ဒီလောက်နေရထိုင်ရတာ အခံရမဆိုးပါဘူး။ ဟိုမသာမတွေ နတ်ပူးပူးပြီး သန်လျက်နဲ့ ခုတ်တာကြောင့် ပိုဆိုးလာတာ”

“ကြီးတော်မြရယ်၊ နည်းမှန်လမ်းမှန်နဲ့ ကုသပေးနေတဲ့ ဆရာဝန်တွေ၊ တိုင်းရင်းသမားတော်တွေလဲ ရှိနေတာပဲ။ အစ်မတော်ဂိုဏ်းနဲ့မှ ကုရတယ်လို့ဗျာ”

“မင်းပြောလဲ ခံရမှတော့မှာပဲ မောင်တောက်ထိန်ရေ။ ကြီးတော်မြမှာက ငွေအင်အားကနဲတော့ အစ်မတော်ဂိုဏ်းက အခမဲ့ကုပေးတယ်ဆိုတာနဲ့ လာခဲ့မိတာပါ။ ဘုရားပန်းဖိုးက သုံးထောင်ရယ်၊ တန်တော့ပွဲ ထိုးရတာနဲ့ ရှိတာလေးလဲ တက်တက်ပြောင်ပါရောလား”



www.burmeseclassic.com

www.burmeseclassic.com



"ဘုရားပန်းဖိုးက သုံးထောင်တောင်ဆိုတော့ များလိုက်တာ၊ ဘယ်လိုကန်တော့ပွဲ ထိုးရတာလဲ ကြီးတော်မြရဲ့"

"ဪ . . . မောင်တောက်ထိန်ရယ်၊ တစ်ထောင်ဖိုးဆို ပန်းတွေ လှလှပပ ထိုးနိုင်တာ ကြီးတော်မြလည်းသိတာပေါ့။ သုံးထောင်ဆိုတော့ များတာပေါ့၊ ဒါပေမဲ့ ဘုရားလှူတာပဲဆိုပြီး ငြိမ်နေလိုက်တာ။ တကယ်တော့ သူတို့အိတ်ထဲ ရောက်သွားတာပါ။

"သိမ်ထဲက ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ ပြင်ထားတဲ့ ကန်တော့ပွဲသုံးပွဲ မြင်ခဲ့တယ်မဟုတ်လား။ အဲဒီပွဲပြင်ခလေး ထောင့်ငါးရာတောင် ပေးခဲ့ရတယ်တော့။ လိမ်းဆေးတို့ သောက်ဆေးတို့ ဝယ်ဖို့ထားတဲ့ ငွေကလေးတော့ သွား ပါပြီကွယ်။ ဒီလိုမှန်းသာ အစကသိရင် ဆေးကုရအောင် မလာပါဘူး။ နာလဲနာသေး၊ နံလဲနံသေး ဆိုသလို ဖြစ်နေ ပါပြီကွယ်"

"တကယ်တော့ အဲဒီဂိုဏ်းသမားတွေကလဲ ကြီးတော်မြတို့လို ရိုးသားတဲ့လူတွေကို လိမ်စားနေကြတာ



ပါ။ တချို့ဂိုဏ်းသမားတွေက ချမ်းသာတဲ့လူတွေကို လိမ်ညာကြသလို၊ တချို့ကျတော့လဲ မရှိနွမ်းပါးသူကိုမှ ရေနစ်သူ ဝါးကူထိုးပေးကြတာပါ ကြီးတော်မြရယ်။

"ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ဟာ အားကိုးရာလို့ ဆိုပေမဲ့ အားကိုးရာမှန်မှ ချမ်းသာရမှာပါ ကြီးတော်မြရယ်။ ဒါထက် ဆရာကကော ဒီဂိုဏ်းနဲ့ ဘယ်လိုပတ်သက်နေသလဲဆိုတာ သိမလား မသိဘူး"

"ကြီးတော်မြလဲ အတိအကျ မသိပါဘူးကွယ်။ ကြီးတော်မြကိုတော့ ဆရာက အရင်ကုသပြီးမှ အမျိုးသမီးတွေလက်ထဲ အပ်လိုက်တာ။ တချို့ကလဲ အစ်မတော်ဂိုဏ်းရဲ့ ဂိုဏ်းဆရာလို့ ပြောကြတယ်"

"ကဲ-ကဲ ပြည့်စုံမှောင်တင်အေးရေ တာလမ်းကြီးပုလဲဖြူဆေးခန်းက မကြီး မသန်းအိဆီပဲ မောင်းတော့ဗျာ။ ကြီးတော်မြခါးက တော်တော်နာသေးလား။ ခဏတော့အောင့်ထားပေါ့ ကြီးတော်မြရာ၊ ကျွန်တော် လဲ ဆေးကုသခ ပေးပါ့မယ်။

"မမကြီး မသန်းအိကလဲ ဘုန်းတော်ကြီးတွေ၊

www.burmeseclassic.com

www.burmeseclassic.com



သက်ကြီးရွယ်အိုတွေ၊ သီလရှင်တွေကို အခမဲ့ ကုတန်ကု၊ အခမဲ့နီးပါး ကုတန်ကုနေတာပါ။ ဟိုရောက်ရင် ကြီးတော်မြရောဂါ သက်သာသွားပါလိမ့်မယ်”

“ကျေးဇူးပါပဲ မောင်တောက်ထိန်ရယ်။ လူကို ခါး နာရတဲ့အထဲ သန်လျက်ဒဏ်ကြောင့် အောင့်ကိုနေတာ ပါကွယ်။

“အင်း . . . သက်န်းမှာ ကထိန်၊ ကျောင်းမှာ သိမ်တဲ့။ သိမ်ဆိုတာ ရဟန်းသံဃာတွေ့ မွေးထုတ်ပေးတဲ့ သာသနာဘူမိနက်သန်မို့ အမြတ်တနိုးထားကြတာပေါ့ နော်။ ခုတော့ သာသနာအတွက် အမြတ်သိမ်ထဲမှာ ဘာ တွေလုပ်နေကြသလဲ မသိပါဘူးကွယ်။ သူတို့ကို တစ်ခါ ဆက်ဆံ ဆယ်ခါလန်သွားပါပြီ”

➤ ➤ ➤



# ခေ့ခေ့တွေး၍ ရေးရေးမြင်တော်မူ

သပြေရုံရွာကလေး၏ ဇူလိုင်လသည် မိုးမရွာ သဖြင့် အိုက်စပ်စပ်နိုင်လွန်းလှ၏။ ဝါဆိုလပြည့်နား နီးသော နေ့တစ်နေ့ဖြစ်၍လည်း ရွှေဝါရောင်အလင်း မျှင်များ တစ်ရွာလုံးကို ရွှဲရွှဲစိုနေအောင် ပက်ဖျန်းထား သည်နှင့်ပင် တူနေပါသည်။ ခင်မိမိရှိနေ၍လည်း သပြေရုံ မှာ သာသောလ ပိုမိုဝင်းပနေသည်ဟု ကိုတောက်ထိန် ထင်နေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အိုက်လွန်းလှသဖြင့် တစ်အိမ်လုံးရှိ ပြတင်းပေါက်များအား ဖွင့်လိုက်ပါသည်။ ဘက်ထရီ သုံးမီးချောင်း၏ အလင်းရောင်ကိုအားပြုပြီး ၂၀၁၄-ခုနှစ်၊ ဇူလိုင်လထုတ် ရွှေမြန်မာမဂ္ဂဇင်း အမှတ်- (၉)ကိုဖတ်ရန် ကိုတောက်ထိန်ကြီး စာကြည့်စားပွဲတွင် နေရာယူလိုက်ပါသည်။

ခေတ္တခဏခွင့်ရ၍ သပြေရုံသို့ပြန်လာသည့် ကိုတောက်ထိန်အား သပြေရုံကလည်း နွေးထွေးစွာကြိုဆိုခဲ့ပါသည်။ ပူစပ်စပ်လေနှင့်အတူ စံပယ်ခြံမှ စံပယ်နံ့သင်းသင်းကလေးများပါ ရောဝင်လာပါသည်။ ကြိုက်လွန်းသော်လည်း စင်ကာပူမှာ ရှူရိုက်ခွင့်မသာသော ရနံ့ဖြစ်သဖြင့် ကြိုက်လောဘနှင့် သာယာနေချိန်ဝယ် ဆိုးဝါးပြင်းထန်လှသော သတ္တဝါ တစ်ကောင်၏ အပုပ်နံ့ကလည်း မွှေဝေပါလာပါသည်။ မကြိုက်ဒေါသဖြင့် မသာမယာဖြစ်ကာ ပြတင်းပေါက်များကို ပြန်ပိတ်လိုက်မိပါသည်။

ပူအိုက်စပ်သော ခံစားမှု၊ စံပယ်ရနံ့ကို တွယ်မင်မှု



များက ခေါင်းထောင်ထလာပြန်၍ ပြတင်းတံခါးကို ပြန်ဖွင့်လိုက်မိပြန်ပါသည်။ ယှဉ်ဖော်ယှဉ်ဖက် အခြားရနံ့ကိုဥပေက္ခာပြုကာရွှေမြန်မာမဂ္ဂဇင်းကိုပြန်ကိုင်မိကာန်ပြန်ပါသည်။ ဖတ်ရင်းဖတ်ရင်း ဦးဦးရွှေ၏ စေတနာနှင့် ပြောတာပါ .-၉ ကို နှစ်နှစ်ခြိုက်ခြိုက် ဖတ်ဖြစ်သွား တော့သည်။

အတွေးကောင်းကောင်းဖြင့် ရေးထားသော ဆောင်းပါးဖြစ်သဖြင့်လည်း ဖတ်လိုက် စဉ်းစားလိုက်နှင့် အတော်အချိန်ယူသွားပါသည်။ ကိုတောက်ထိန်မျက်လုံးထဲတွင်မူ ကဆုန်လပြည့်နေ့ပွဲတော် (visak day) ကျင်းပစဉ်က ပရိတ် ကြိုးဝါကလေးများ၊ ဘုရားဆင်းတုတော်အား ရေသပ္ပာယ်ထားသောရေများကို ထုပ်ထားသည့် ပလပ်စတစ် အထုပ်ကလေးများရရန် တန်းစီစောင့်ဆိုင်းနေကြသော ဗုဒ္ဓဘာသာ မြန်မာဘုန်းတော်ကြီးကျောင်းတော်ကြီးဝင်း အတွင်းစင်ကာပူနိုင်ငံသား တရုတ်မျိုးနွယ်စုများနှင့် မြန်မာနိုင်ငံသားများကို ပြန်လည်မြင်ယောင်နေမိပါသည်။

www.burmeseclassic.com

www.burmeseclassic.com



တစ်နာရီ နှစ်နာရီမဟုတ်၊ တစ်နေကုန်တန်းစီနေကြသော လူတန်းကြီးဖြစ်ပါသည်။ ကိုယ့်မြန်မာ ဘုန်းတော်ကြီးကျောင်း လူတွေစည်စည် ကားကားရှိနေကြပုံကို ဦးဦးရွှေရင်ထဲ ပျော်ရမလိုဖြစ်နေသော်လည်း ရွှေဝါရောင်ပရိတ်ကြိုးကလေးတွေ၊ ရေသပ္ပာယ်ထားသည့် အထုပ်ကလေးတွေမှာ သိဒ္ဓိတွေရှိသည်ထင်ပြီး တစ်နေကုန်တန်းစီပြီး မရမကယူချင်နေသည်ဆိုလျှင် တော့ တစ်ခုခုမှားနေပြီဟု ယူဆချင်နေပုံရပါသည်။

ထို့ကြောင့် အခြားသူတွေ ဗုဒ္ဓဘာသာအပေါ် ဘယ်လိုသဘောထားပြီး ဘယ်လိုကိုးကွယ်နေနေ မြန်မာလူငယ်များအား ဘာသာတရားနှင့် ပတ်သက်သော အမြင်များကို စေတနာဖြင့် ပြောပြချင်နေပုံရပါသည်။

ဖြူးဆရာတော်ကတော့ "နေ့ခင်းကြောင်တောင်နေကျဲကျဲမှာ ယတြာချေတဲ့အနေနဲ့ မွန်းနေအောင် ရေလောင်းလို့ကတော့ ဘုရားဆင်းတုတော်ကသာ အလောင်းခံမယ်၊ ဖြူးဆရာတော်သာ လာလောင်းကြည့် ဝါးရင်းတုတ်ကြီးကြီးနဲ့ကို လိုက်ရိုက်မယ်" ဟု သွေးနဲ့



ရေးတဲ့ သာသနာတရားတော်တွင် ဟောခဲ့ဖူးပါသည်။

ထိုကဲ့သို့ ဟောချင်စရာကောင်းလောက်အောင်လည်း ထေရဝါဒနိုင်ငံတော်ဟု အသံကျယ်ကျယ်ဟစ်နေကြသော ကျွန်တော်တို့ အမိမြန်မာပြည်ကြီးမှာပင် မြင်မကောင်းရှုမကောင်းလောက်အောင် ဗုဒ္ဓဘာသာ မဆန်သော အတွေးအမြင်များနှင့် ပြည့်နှက်နေပါသည်။

မှတ်မိပါသေးသည်။ စင်ကာပူနိုင်ငံ မြန်မာဗုဒ္ဓဘာသာကျောင်းတော်ကြီးတွင် ဓမ္မစကြာမရွတ်ခင် ဟောကြားသော တရားတစ်ပုဒ်လည်း ဖြစ်ပါသည်။ မူလကပင် သပ္ပာယ်နေသော ဗုဒ္ဓဆင်းတုတော်အား ယတြာရွှေချသောသဘောဖြင့် တစ်လက်မပတ်လည်ရွှေဆိုင်းကလေးဖြင့် နဖူးကပ်သူကပ်၊ ရင်ဘတ်လာကပ်သူကပ်ကြသောကြောင့် ဘုရားဆင်းတုတော် ရုပ်ပျက်ဆင်းပျက်ဖြစ်နေပုံကိုဆရာတော်က ဆင်ခြင်ဖွယ်ထောက်ပြခဲ့ပါသည်။

သစ်စေးမသုတ် ဘာမသုတ်နှင့် ကပ်သောရွှေများ ရေရှည်မခံကြောင်း ဘုရားမှာ ရွှေစများ တိုတစ်ကွက်သည်တစ်ကွက်ဖြင့် ကြည့်ညိုစရာ မဖြစ်နိုင်

www.burmeseclassic.com

www.burmeseclassic.com



တော့သောကြောင့် ကိုယ့်ကိုယ်ကိုယ် အလျှင်ကပ်ကြည့်ပြီး သင့်တော်မည်ထင်မှ ဘုရားသို့ ယတြာချွေလာချသင့်ကြောင်း ဆုံးမသွားခဲ့ပါသည်။

မြန်မာဘုန်းတော်ကြီး ကျောင်းဝင်းထဲတွင် တမာပင်ပေါက်ကလေးများ၊ ကံ့ကော်ပင်ပေါက်ကလေးများ ရှိနေပါသည်။ အပင်ပေါက်ကလေးများလည်း ယတြာဘေးမှ မလွတ်ခဲ့ပါ။ ယတြာချေလိုပါ၍ဟု ဆိုပြီး ဆရာတော်ထံ ခူးယူခွင့် လျှောက်ထားကြသည်။ "တကယ်ပြေပျောက်မယ်ဆိုရင်တော့ ခူးသွားကြပေါ့၊ ဘုန်းကြီးမတားလိုပါဘူး " လို့ပြောမှ -

"အဲဒီလိုဆိုမှတော့ မခူးတော့ပါဘူးဘုရား" တဲ့။

* * *

"တော်ကလဲတော်၊ ဒီလောက်နံ့စော်နေတာ တံခါးမကြီးတော့ ပိတ်ထားမှပေါ့။ အောက်ဆင်းပြီး လက်ဖက်ကလေး ဘာကလေးစားပါအုံး။ တော်ကလဲ အိမ်ပြန်လာတုန်း မိသားစုနဲ့ ပြောဟဲ့ဆိုဟဲ့မရှိဘူး။ စာကြည့်





ခန်းထဲ တန်းဝင်တော့တာပဲ"

ဒေါ်ခင်မိမိအသံကြားမှပင် ကိုတောက်ထိန့်အတွေးများ ရပ်တန့်သွားပါသည်။ ကြိုက်လှပါသည် ဆိုသော စံပယ်ရနံ့ကိုရော၊ မကြိုက်လှသော ရနံ့ဆိုးကိုရော ကိုတောက်ထိန် ဘာမှ မခံစားဖြစ်လိုက်ပါ။ သိကို မသိလိုက်တော့ပါ။ ဆရာဦးဦးရွှေ၏ ချပြလိုက်သော အတွေးအမျှင်များကြားတွင် တဒင်္ဂနစ်မြောသွားပါသည်။

ပြောပြောဆိုဆို ဒေါ်ခင်မိမိ အခန်းထဲဝင်လာပါသည်။ မလင်းတလင်း ဘက်ထရီမီးချောင်းနှင့် စာဖတ်နေသော ကိုတောက်ထိန်ကလည်း မင်းဘာလာရှုပ်တာလည်း ဟူသော အကြည့်မျိုးဖြင့် မျက်မှန်ပေါ်မှ ကျော်ကာ ခပ်ပြူးပြူးမျက်လုံးနှင့် မထိတထိ စိုက်ကြည့်လိုက်ပါသည်။

"သူများကို ဘုကြည့်ကြည့်မနေပါနဲ့။ ပြောတာကလေးလဲ နားထောင်ပါ ကိုတောက်ထိန်ရယ်။ အရှုယ်တွေ ငယ်တော့တာမဟုတ်တော့ပါဘူး။ နေ့လယ်နေ့ခင်းမှ စာဖတ်လဲဖြစ်တာပဲဟာ။ တော့်မျက်လုံးပျက်မှာစိုးလို့ ပြောတာနော်။ တော်ကြာ ကျုပ်တောင်ဝေ့ဆွဲပေးမှ သွား

www.burmeseclassic.com



ချင်တာသွားနေရလိမ့်မယ် ”

*　　*　　*

“ကိုတောက်ထိန်ရေ၊ ရောက်တုန်းရောက်ခိုက် တောင်ပေါ်ကျောင်းဆရာတော်ဆီ သွားတဲ့သူတွေနဲ့ လိုက်သွားပါလား။ နှစ်လုံးပေးလို့ နာမည်ကျော်နေတဲ့ ဆရာတော်လေ။ ကျောင်းကဆရာမတွေ သွားမယ်ပြော တယ်။ စက်ဘီးနဲ့ သွားရင် ခဏကလေးပါ”

“ရှုပ်ရှုပ်လွန်းလို့ကွာ။ ကိုယ့်ဟာကိုယ် အေးအေးဆေးဆေးနေပါရစေ”

မနေ့ကတည်းက ဦးဦးရွှေရင်ထဲထည့်ပေးထားသော အတွေးအမျှင်များသည် ယနေ့ထိရင်ထဲမှာ တင်းရစ်နေသေး၏။ ဆွဲဆန့်၍ မကုန်နိုင်သေး၊ ကျောင်းပိတ်ထားသဖြင့် သားတော်မောင် ကိုကိုစည်သွတ်ဘူးတို့၊ ညီညီစည်လွတ်ဘူးတို့ လွတ်လပ်ရေးရနေကြသည်။ အိမ်အလုပ်တွေ ကူလုပ်ပြီးသည်နှင့် ကျောင်းဝင်း အကျယ်ကြီးထဲတွင် ဘောလုံးကစားနေကြသည်။





ဒေါ်ခင်မိမိကတော့ ကျောင်းပိတ်သော်လည်း ဝန်ထမ်းကျင့်ဝတ်ဆိုပြီး ကျောင်းသို့ရောက်နေလေ။ ကိုတောက်ထိန်တစ်ယောက်တည်း အတွေး နယ်ချဲ့ချင်တိုင်း ချဲ့ခွင့်ရနေသည်။ ရှင်းရှင်းပြောရလျှင် ဦးဦးရွှေနှင့် နေခွင့်ပိုရခဲ့ပါသည်။

“ကိုတောက်ထိန်ရ၊ ဘုရားပန်းများတင်ရင် ဘယ်တော့မှ သစ်ခွပန်းမတင်နဲ့ဗျ။ ခင်ဗျားတို့ စင်ကာပူမှာတ သစ်ခွတွေပေါလဲပေါ၊ ကြာကြာလဲခံတယ်ဆိုတော့ တွက်ခြေကိုက်တယ်ဆိုပြီး တင်မှာစိုးရိမ်လို့ သတိပေးတာပါ။ သစ်ခွဆိုတဲ့အတိုင်း လုပ်သမျှကြံသမျှဟာ တစ်ခွပြီး ဟိုလိုလိုဒီလိုလို ဖြာထွက်တုန်ကြတာဗျနော်၊ ဘာမှ မည်မည်ရရ မအောင်မြင်တော့ဘူး။ မယုံမရှိနဲ့သိလား”

ခင်မင်ရသော သူငယ်ချင်းအသံက ကိုတောက်ထိန်နားထဲမှာ ဝေ့ဝဲနေသည်။ “ခင်ဗျားဘယ်ဘာသာကိုး ကွယ်သလဲ” ဟုမေးလျှင်တော့ “ဗုဒ္ဓဘာသာ” ဟုပင် ဖြေပေလိမ့်မည်။ သမီးရည်းစားများရှိနေလျှင် ဘုရားမှာ ကြာပန်းမလှူနဲ့။ သုံးနှစ်သုံးမိုးမက ကြာတတ်သည်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိမိအား ၁၂-နှစ်တိတိ ပိုးပန်းခဲ့ရသော ကိုတောက်ထိန်ကမူ "အမယ်လေး၊ ကြာပန်းများသာ လှူမိရင် မလွယ်ကြောပါလား" ဟု ညည်းများညည်းနေမည်လားမသိပါ။

စင်ကာပူ၏ အိမ်များမြေညီထပ်တွင် အခန်းများမဖွဲ့ဘဲ လွတ်ထားသည်က များပါသည်။ ထိုအောက်ထပ်တွင် မလေးရှားလူမျိုးတို့ မင်္ဂလာဆောင်ပွဲ ကျင်းပသလို တရုတ်အမျိုးအနွယ်များကလည်း အသုဘအခမ်းအနားပြုလုပ်တတ်ကြပါသည်။ အိမ်ပုံစံ၊ ကားပုံစံ စသည်များစက္ကူလှလှကလေးတွေနှင့် လုပ်ပြီး သေသူအတွက် ရည်စူးပြီး မီးရှို့တတ်ကြပါသည်။ ရွှေစက္ကူ၊ ငွေစက္ကူများ မီးရှို့လေ့ရှိပါသည်။

သေဆုံးသောသူများ တမလွန်တွင် အိမ် ကား ရွှေ ငွေ ပေါပေါများများနှင့် နေနိုင်ရန် ရည်ရွယ်ဟန်တူပါသည်။ ထိုဓလေ့သည်ပင် မှားယွင်းသော အစဉ်အလာ၏ ပြယုဂ်ဖြစ်ပါသည်။ အလားတူပင် မြန်မာ နိုင်ငံတွင်လည်း သေဆုံးသူများ၏ ပါးစပ်ထဲ ကူးတို့ခဆိုပြီး



တစ်မတ်စေ့ထည့်သည့်ဓလေ့ ယနေ့ထိစွဲနေပါသေးသည်။ ဖျောက်ကြရန် ဟောပြောမရသေးပါ။ ဗုဒ္ဓ၏ ကမ္မနိယာမနှင့် လွဲချော်နေသော အစဉ်အလာများအား မဖြောင့်မတ်နိုင်သေး။

သရဏဂုံဆိုသည်မှာ ထိုပုဂ္ဂိုလ်သေဆုံးခဲ့လျှင်၊ သို့မဟုတ် ဘာသာခြားတစ်ခုခုသို့ အယူပြောင်းလဲခဲ့လျှင် ပျက်သည်ဟုသိနေကြသော်လည်း သုသာန်တွင် သရဏဂုံတင်ကြသောအခါ သေဆုံးသူ၏အခေါင်းအား ခေါင်းရှင်းပိုင်းအနည်းငယ်မျှဖွင့်ဟ၍ သရဏဂုံတင်ကြသည်များကိုလည်း ယနေ့ထိတွေ့နေရဆဲ။ ဆရာတော်များက သေဆုံးသူမှာ သေသည်နှင့် သရဏဂုံပျက်ပြီးဖြစ်ကြောင်း၊ တင်၍မရတော့ကြောင်း၊ ရှင်လျက်ကျန်ရစ်သောသူများကိုသာ သရဏဂုံတင်ပေးခြင်းဖြစ်ကြောင်း စိတ်ရှည်လက်ရှည်ရှင်းပြသော်လည်း နားမဝင်ကြသေး။

သာသနာပွဲဟူသည့် နတ်ကန်တော့ပွဲလိုလို ဘာလိုလို ရွှေအုန်းသီး၊ ငွေအုန်းသီးအား ငှက်ပျောသီးများရံထားသော ကန်တော့ပွဲများကိုပင် ရွှေတိဂုံစေတီတော်

www.burmeseclassic.com

www.burmeseclassic.com



ကဲ့သို့ အထင်ကရစေတီတော်ကြီး၏ ရင်ပြင်ပေါ်တွင်မက အချို့အချို့သော ဆရာတော်များ၏ ဘုရားခန်းတွင်ပင် စိတ်မချမ်းမြေ့ဖွယ် တွေ့မြင်နေရပါသည်။

ဖြစ်စေချင်သော ဆန္ဒတွေ တစ်ပွေ့တစ်ပိုက်နှင့် ဆရာတော်ကြီးတစ်ပါးအား ကိုတောက်ထိန် လျှောက်ထားခဲ့ဖူးပါသည်။

"ဒကာကြီးရေ့ ဘုန်းကြီးတော့ ပြောရဖန်များလို့ ဘုန်းကြီးစကားတွေလဲ ထေရဝါဒချင်းမိုးမွှန်နေပြီ၊ တိုးမပေါက်တော့ဘူး။ စွမ်းဆောင်နိုင်သူများ ကူညီပြီး ဟောကြပြောကြပါ" ဟူသော စကားသာ ကြားခဲ့ရပါသည်။

ထိုကဲ့သို့ အတွေးမှား၊ အသိမှား၊ အမြင်မှားများအား တာဝန်သိ ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်များက ဟောကြားခြင်း၊ ရေးသားခြင်းများ ပြုနေကြသော်လည်း ပြောစကား ဟောတရားကိုလည်း မနာကြား၊ စာအုပ်စာပေများကလည်း တောနယ်ကျေးလက်များအထိ မပေါက်ရောက်။





ကျေးလက်ရှိ ဘာသာရေးခေါင်းဆောင်အများစုမှာလည်း စာပေလေ့လာရေးအားနည်းသော တောထွက်များဖြစ်နေကြခြင်း၊ အငယ်တန်း၊ အလတ်တန်း၊ အကြီးတန်း၊ ဓမ္မာစရိယ၊ ဗုဒ္ဓတက္ကသိုလ်မှ ဘွဲ့အဘွဲ့ရသော ဆရာတော်များကို တာဝန်သိသူများက ရည်ရွယ်ချက်ကြီးကြီးဖြင့် မွေးထုတ် ခဲ့သော်လည်း ထိုဟောနိုင်ပြောနိုင်သော ဆရာတော်များ ကျေးလက်မဆင်းကြခြင်း၊ ကျေးလက်လူထုကြီးများမှာလည်း ဟောသူပြောသူရှိခဲ့လျှင် လိုက်နာကြရန် အသင့်ရှိနေသော်လည်း ကိုယ်တိုင်ဖတ်ရှုလေ့လာရန်တိုမှု စိတ်မဝင်စားကြခြင်း၊ စာပေဝါသနာမပါကြခြင်းများနှင့် လုံးလည်ချာလည်လိုက်လျက် ထေရဝါဒဗုဒ္ဓဘာသာသည် နတ်ကိုးကွယ်မှုလောက်ပင် ကျေးလက်သားတို့ရင်ထဲ မထိုးဖောက်နိုင်တော့ပါ။ ဘာသာရေးခေါင်းဆောင်များ အထူးသတိပြုစရာဟု ကိုတောက်ထိန် တွေးမိပါသည်။

ပြောမည့်သာပြောရပါသည်၊ ကိုတောက်ထိန်တစ်ယောက် သူသေလျှင် သူ့ပါးစပ်ထဲကူးတို့သည့်မ



www.burmeseclassic.com

www.burmeseclassic.com



ပေးဖို့ ဒေါ်ခင်မိမိအား ပြော၍ ရနိုင်မည်မထင်ပါ။ ဒေါ်ခင်မိမိက မထည့်သော်လည်း အသိုင်းအဝိုင်းက "မဖြစ်ဘူး၊ ထည့်မှဖြစ်မှာပေါ့" ဆိုပြီး စေ့နေသော အသေကောင်၏ သွားများအား မရမကဖြကာ ထည့်ဖြစ်အောင် ထည့်မှာ ကျိန်းသေပါသည်။ အဲ-တစ်ခုတော့ရှိပါသည်။ တစ်မက်ခေစ့မရှိတော့၍ မထည့်နိုင်ခဲ့လျှင် တစ်ကျပ်စေ့လောက်တော့ မိုမိုမိုမိုထည့်ဖြစ်အောင် ထည့်ပေးနိုင်ပါသည်။

ကျွန်တော် ထိုသို့ပြောနိုင်လောက်အောင်လည်း ကိုတောက်ထိန်ကှင် တစ်သက်မမေ့လောက်စရာ အတွေ့အကြုံကော :တစ်ခု ရှိပါသည်။ ကိုတောက်ထိန်၏ သားတော်မောင်တိုကိုစည်သွတ်ဘူး၊ ညီညီစည်လွတ်ဘူးတို့ ဒုတိယအကြိမ်ရှင်ပြုစဉ်ကဖြစ်ပါသည်။ မောင်ရှင်လောင်းများအား နတ်စင်ရှေ့ ဦးဦးဖျားဖျားခေါ် မသွားချင်သော ကိုတောက်ထိန်က ဆရာတော်၏ ဘုန်းတော်ကြီးကျောင်းကို ညာတာပါတေး ကားဖြင့် ခေါ်သွားကာ ဆရာတော်အား ဦးချစေခဲ့ပါသည်။ ဆရာတော်က ဆုံးမ



စကားပြောကြားနေစဉ်တွင်ပင် ဒေါ်ခင်မိမိတို့အဖွဲ့က နတ်ကန်တော့ရန် အုန်းငှက်ပျော ပွဲနှင့်ကျောင်းတော်သို့ ရောက်လာပါသည်။

"ကိုတောက်ထိန်၊ တော်ဘာလုပ်တာလဲ။ ကိုရင်လောင်းတွေ နတ်မပြရသေးဘူးတော့"

"ဟဲ့-မခင်မိမိရဲ့၊ အရင်နှစ်ရှင်ပြုတုန်းကလည်း ပြပြီးပြီပဲ။ ဘာကြာသေးလို့လဲ။ ဒီနှစ်ထပ်ပြရအုံးမှာလား။ နတ်လုပ်နေပြီး ဒီလောက်ကလေးမှ မမှတ်မိရင် မင်းတို့နတ်တွေ နတ်လုပ်မနေနဲ့တော့"

အခြေအနေမဟန်သဖြင့် ဆရာတော်က ကြားထဲကဝင်ပြီး -

"ဒကာကြီးရယ်၊ ဦးဦးဖျားဖျား ဆရာတော်ကိုလဲ ကန်တော့ပြီးပြီပဲ။ ဒကာမကြီးက အစဉ်အလာအတိုင်း လုပ်ချင်လို့ ထင်ပါရဲ့။ ခွင့်ပြုလိုက်ပါ။ မောင်ရှင်လောင်းတို့ကလဲ နတ်ရုပ်တွေကို ကုန်းပြီးဦးမချခိုင်းနဲ့"

အမှတ်တမဲ့ကြည့်လျှင် ဒေါ်ခင်မိမိကို ဘာသာတရားမကိုင်းရှိုင်းသော အမျိုးသမီးတစ်ယောက်ဟု ထင်



www.burmeseclassic.com

www.burmeseclassic.com



စရာဖြစ်သွားနိုင်ပါသည်။ အမှန်မှာ ထိုသို့ မဟုတ်ပါ။ ဘုရားကျောင်းကန်များသို့ အခွင့်သင့်တိုင်း လှူမှုတန်းမှု ပြုလုပ်ပါသည်။ တရားနာသည်။ ဝါတွင်းဥပုသ်နေ့တိုင်း ၈- ပါး သီလဆောက်တည်ပါသည်။ အချိန်လုံ၍လည်း တရားထိုင်ပါသည်။ နေ့စဉ် ဘုရားရှိခိုးပါသည်။

အဘယ့်ကြောင့် ဗုဒ္ဓဘာသာနှင့် ပတ်သက်သည့် အယူအဆများ မစင်ကြယ်ဘဲ ဖြစ်နေရပါသနည်း။ မည်သူ့တွင် တာဝန်ရှိပါသနည်း။ ဆရာဦးဦးရွှေကမူ တန်းစီနေသော လူတန်းကြီးကိုကြည့်ပြီး တွေးခဲ့သည်။ ကိုတောက်ထိန်ကမူ ဘုရားအား ပန်းလှူရင်း ကျုံ့ကျုံ့ ကွေးကွေးကလေး ထိုင်ပြီး ရှိခိုးနေသော ဒေါ်ခင်မိမိအား ကြည့်ပြီး တွေးနေပါသည်။

➤ ➤ ➤

# ပျို့အလှူတော်

"ဟိုးတစ်ချိန်ကဗေဒင်ပညာကို ကိုတောက်ထိန် အလွန်ဝါသနာပါဖူး၏။"

သူ့ကြည့်လိုက်လျှင် နာမက္ခရ ဆန်းကျမ်း၊ မဟာဘုတ်အဟောကျမ်း၊ သာဝတီဆန်းကျမ်းတွေနှင့် ရှုပ်ယှက်ခတ်လုံး ထွေးနေတတ်၏။ သူက သူများတွေကို အခမဲ့ ဟောပေးသလို သူ့ကိုလည်း ဟောပြော ပေးပါရန် အခပေး၍အကူအညီ တောင်းတတ်၏။

www.burmeseclassic.com

www.burmeseclassic.com



လက္ခဏာဆရာမတစ်ဦးက "သာသနာ ပြုရမယ်"ဟု ဟောလိုက်သောအခါ သူ့ကိုယ်သူ တောကြီးမြိုင်ငူ ထုံးကျောက်ဂူတွင် လူသူမနီး သက်န်းဆီး၍ သစ်သီးသာစား ဘာဝနာပွားရ မလိုလို ထင်ထား၏။

ဘိုးတော် ဘတော်ဒီဇိုင်း(Design)ဖမ်း၍ ဘုရားစေတီတည်ရမယောင် လိုတပြည့်မယ် ခနုကြွယ်ကဲ့သို့သော ရှေးဟောင်းဆင်းတုတော်အား စိန်ရွှေရတနာစီခြယ်၍ နယ်လှည့် အပူဇော်ခံ ဒေသစာရီခရီးတစ်လျှောက်၌ အလှူခံရသူ ဖြစ်တော့လေမလားဟု ထင်ယောင်မြင်ယောင် ဖြစ်ခဲ့ဖူး၏။

အထက်ဝိဇ္ဇာများကလည်းအမိန့်ပေး၍ကန်တော့ပွဲမျိုးစုံ လူပုံစံအမျိုးမျိုး အဝတ်အစားအမျိုးမျိုးပြောင်း၍များ တစ်နယ်ပြီးတစ်နယ်သွားရဦးမှာလားဟု သူ့ကိုယ်သူမတွေးတတ်အောင် ဖြစ်နေဖူး၏။





အခြေအနေအရ တိုင်းတစ်ပါးသို့မသွားရသေးခင်မှပင် ဘာသာရေးစာပေများ အလေ့အလာများပြီး ပေဒင်စာအုပ်တွေ လှည့်မကြည့်တော့။ သာသနာပြုသည်မှာ ဘုရားတည် ကျောင်းဆောက်ရုံနှင့် သာသနာပြုမဟုတ်နိုင်ကြောင်း သဘောပေါက်သွားတော့၏။

သဘောပေါက်မည့်ပေါက်တော့လည်း ဘုန်းကြီးကျောင်းသားမရှိသော ဆရာတော့်ကျောင်းတွင် ကပ္ပိယပင်ဖြစ်နေချေပြီ။ အများကပင် သူ့ကို ကိုတောက်ထိန်တုမခေါ်ကြတော့။ ဆရာတောက်. . . ဆရာတောတ်တုနှုတ်ကျိုးနေကြတော့၏။

တိုင်းတစ်ပါးရောက် မြန်မာများ လှူချင်တန်းချင်စိတ် အလွန်ရှိကြ၏။ ဘုန်းတော်ကြီးကျောင်းတွင်း နေ့စဉ် အရုဏ်၊ နေ့ဆွမ်းများကပ်နေကြသည့်ပြင် တနင်္ဂနွေလိုနေ့မျိုး အရုဏ်ဆွမ်း၊ သို့မဟုတ် နေ့ဆွမ်းကပ်ချင်လျှင်ပင် တစ်လခန့်ကြိုတင် စာရင်းပေးထားရ၏။

ကိုတောက်ထိန်ကိုမှ ဆွမ်းစာရင်းစာအုပ် လှန်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၊ ဖုန်းဆက်လိုက်ဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူးချုပ်ထက်ပင် ညနေ ၆-နာရီ နောက်ပိုင်း အလုပ်ရှုပ်နေသည်ကို မြင်နိုင်ပါသည်။

ဒါတောင် အလုပ်သွားနေရ၍ ညနေ၆-နာရီနောက်ပိုင်းမှ ပြန်ရောက်လာသောကြောင့် တော်ပေသေး၏။ စောများရောက်ခဲ့လျှင် စော၍ အလုပ်ရှုပ်နေမည်မှန်း မှန်းဆနိုင်လိမ့်မည် ထင်ပါသည်။

* * *

"မနက်ဖြန် ဦးဘတုတ် + ဒေါ်ခင်ဖြူဖြူတို့ အရက်ဆွမ်းလှည့်ပါခင်ဗျား၊ အဲဒါလေး သတိရစေချင်လို့ ကြိုအကြောင်းကြားတာပါ"

ကိုတောက်ထိန် ကြိုပြီး အကြောင်းကြားထားသည့် အလှူရှင်မှာ တစ်ယောက်၊ အကြောင်းကြားမထားသော်လည်း ကိုယ့်ဆွမ်းအလှည့်ဟု နားလည်မှုလွဲစွာ ဆွမ်းလာကပ်သူကလည်း အခြား





တစ်ယောက် ကျောင်းတော်တွင် ထို ၂-ယောက် လာဆုံတော့သည်။

အချို့အလှူရှင်များ ဆုံပင်ဆုံကြသော်လည်း လုပ်ရင်းကိုင်ရင်း တစ်ယောက်နှင့်တစ်ယောက် ခင်မင်သွားကြပြီး အတူတူဆွမ်းကပ် သွားကြသည်လည်း ရှိ၏။

အချို့ကတော့ ၂-ယောက်ပြိုင်၍ ဆွမ်းကပ်ကြရသည်ကို သဘောမကျကြ။ မိမိ မိသားစု တစ်စုတည်းသာ ဆွမ်းကပ်ချင်ကြ၏။ တပင်တပန်း ချက်ပြုတ်လာ၍ လွတ်လွတ်လပ်လပ် မိမိတို့တစ်ဦးတည်းသာ လှူချင်ကြ၏။ ဆရာတော်အားလည်း မိမိကပ်သည်ကိုသာ ဘုဉ်းပေးစေချင်၏။ ညှိမရ၊ နှိုင်းမရ၊ ဦးနှောက်ခြောက်ရ၏။ မပြေလည်တော့။

ဒါမျိုးကြုံလျှင်တော့ ဆရာတော်သာ ဖြေရှင်းပေးရတတ်၏။ အလုပ်ထဲရောက်နေ၍ အကျဉ်းအကျပ်က လွတ်သလိုတော့ ဖြစ်သွား၏။ သို့သော်-

"ဘယ်လိုလဲ ဒကာကြီးတောက်၊ နေ့ရယ်က



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်အတော့်ကို ပေးပြောပေးလိုက်ရတယ်။ ကြည့်လဲလုပ်ပါအုံးဒကာရယ်၊ တော်ကြာ ဘုန်းကြီး လောဘကြီးပြီး ဆွမ်းအလှူရှင်နှစ်ယောက် လက်ခံတယ် ပြောသွားရင် မခက်ပေးဘူးလား။ နောင် ဒါမျိုး မဖြစ်စေနဲ့နော်"

မလွယ်။ ဆရာတောက် ခေါင်းကုတ်မိတာကလွဲလို့ ဘာမှ မလုပ်တတ်တော့။ သေသေချာချာ စီစဉ်ပါ လျက်နှင့် လွဲဖြစ်အောင် လွဲခဲ့သည်များက တစ်ခါမက တော့။

"ဩော်-လှူချင်သူတွေ၊ လှူချင်သူတွေ၊ ဆရာတော်ကမူ နိဗ္ဗာန်ကိုအာရုံပြုပြီး လှူရန် ဟောခဲ့ပါ၏။ ယခုမူ အလှူကိုပင် ပြိုင်ဆိုင်လှူချင်နေကြ၏။

မလွဲသာမရှောင်သာ အလှူရှင် ၂-ဦးဆုံး၍ လှူဖြစ်ခဲ့လျှင်လည်း မိမိတို့ဆရာတော်အတွက် ပို၍ ဝမ်းသာကြည်နူးရမည့်အစား ဝမ်းမသာတတ်သေး။ "ဘာသာတရား ကိုးကွယ်မှုရဲ့ ရည်ရွယ်ချက်ကိုတော့ စဉ်းစားသင့်တာပေါ့ဗျာ"ဟု ကိုတောက်ထိန် ညည်းဖူး





၏။

လှူဒါန်းခြင်းမှာ မိမိပိုင်ဆိုင်မှုအား နိဗ္ဗာန်ကို အာရုံပြု၍ စွန့်လွှတ်ခြင်းသာ ဖြစ်သင့်ပါ၏၊ မိမိ တစ်ဦးတည်း လှူရသောကြောင့် ကျေနပ်ခဲ့လျှင်လည်း ဝမ်းသာမှုကြောင့် ဖြစ်ရသော လောဘအရောင်၊ ၂-ဦး ဆုံနေ၍ အလိုမကျစွာ လှူရသောအခါ၌လည်း စနိုးစနောင့်ဖြစ်မှုကြောင့် ဒေါသအရောင်စသော ရောင်စုံ ရောယှက်နေသည့် ကုသိုလ်မှုများသာ ဖြစ်နိုင်မှုတို့တော့ တွေးထားဖို့ လိုပေလိမ့်မည်။

* * *

"ဆရာတော်ရေ၊ မနက်ဖြန် အလှူရှင်တို ဖုန်းဆက်ပေးပါအုံး။ တစ်ပါးစာအတွက်ပဲ လှူမှာလား။ အာဂန္တုဆရာတော်တွေအတွက်ပါ အရက်ဆွမ်း လှူမှာလား၊ ကျောင်းထိုင်ဆရာတော်တွေအတွက်ပဲ လှူမယ်ဆိုရင် အာဂန္တုကိုယ်တော်တွေအတွက် ကျွန်မ မုန့်ဟင်းခါး ဆွမ်းကပ်ချင်လို့ပါ။ ဖုန်းဆက်ပေးပါနော် ဆရာတောက် ဆရာတောက်ကို အားနာပါတယ်"



www.burmeseclassic.com

www.burmeseclassic.com



သူက ဆရာတောက် အားနာတယ်သာ ပြောတာ။ ကိုတောက်ထိန်ကလည်း အရက်ဆွမ်း အလှူရှင်တွေကို လှမ်းမေးရမှာ အားနာလှပြီ။ အချိန်ကြည့်တော့လည်း ညဆယ်နာရီခွဲပင် ကျော်နေလေပြီ။ မတတ်သာ၊ အားနာနာဖြင့် မေးရပေဦးတော့မည်။ အလှူရှင်ကလည်း ရှိရှိသမျှ သံဃာအားလုံး သူပင် တာဝန်ယူ၍ အရက်ဆွမ်းကပ်မည်ဟု ပြောလေ၏။

သူ့ကို အကျိုးအကြောင်း ဖုန်းဆက်သောအခါ-

"ဟုတ်ပြီ၊ ဒါဆို ကောင်းပြီဆရာတောက်။ အသားမစားတဲ့ ကိုယ်တော်တွေအတွက်တော့ ကျွန်မစီစဉ်ခဲ့မယ်။ မုန့်ဟင်းခါးတော့ မချက်တော့ဘူး။ ကြိုဝယ်ထားတာတွေ ဘာလုပ်ရမှန်းတောင် မသိပါဘူး။

ခုတစ်လော အာဂန္တုကိုယ်တော်တွေ ရောက်နေ၍လည်း ဘုန်းကြီးကျောင်းမှာ လှူဒါန်းသူတွေများလှစွာ၏။ မကုန်နိုင် မခန်းနိုင်။ ဆွမ်းများ၊ ဆွမ်းဟင်းများ လှီးပြီးသားအသီးများ တစ်ပုံတစ်ပင် လွင့်ပစ်နေ၏။





အမှိုက်ထည့်သည့် အိတ်အမည်းကြီးများ တစ်နေ့တစ်နေ့ ၁၅-အိတ်လောက်ကို သုံးနေရ၏။

သည်လောက်များလာတော့လည်း အမှိုက်ကားမှ သန့်ရှင်းရေးလုပ်သားများ လိုလိုလားလား သိမ်းချင်လာအောင် တစ်နေ့တစ်နေ့ ၁၀-ဒေါ်လာတန်သည် ၁၅-ဒေါ်လာတန်သည် စွန့်ကြဲရသည်ထိ ဖြစ်လာတော့၏။

ဆရာတော် ဖုန်းဆက် အကြောင်းကြား ထားသော အလှူရှင်မိန်းကလေးကလည်း ကြေးအိုးစွပ်ပြုတ်တွေယူလာ၏။

"ကျွန်မကို စိတ်ဆိုးသွားသလား ဆရာတောက်"

"ဘာကို စိတ်ဆိုးရမှာလဲဗျာ၊ မကုန်နိုင်လို့ လွှင့်ပစ်ရမှာကို နှမြောလို့ စီစဉ်ပေးရတာပါ။ စီစဉ်ပြီးတာနဲ့ ကျွန်တော့်ကိစ္စ ပြီးနေပြီပဲဗျာ။ ချင့်ချင့်ချိန်ချိန် လုပ်တာမလုပ်တာက ခင်ဗျားတို့အပိုင်းပါ"

မအီမသာပြောရင်း ဘဝနတ်ထံပျံလွန်တော်မူခဲ့သော တောင်မြို့မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာ



www.burmeseclassic.com

www.burmeseclassic.com



ဘိဝံသကို ဆရာတော် သတိရနေမိ၏။

မဟာဂန္ဓာရုံမှ ရဟန်းသာမဏေများ အရှက်ဆွမ်းကို ချဉ်ရည်ဟင်းတစ်ခွက်၊ ငပိကြော် သို့မဟုတ် ငါးခြောက်ကြော်စသည့် အငန်တစ်ခုခုနှင့်သာ ဘုဉ်းပေးလေ့ရှိကြ၏။

ဤသည်ကိုပင် အလှူရှင်ဒကာတစ်ဦးက ထိုထက်ပို၍ အသားဟင်းနှင့်သာ ကပ်ချင်ကြောင်း ဆရာတော်အား လျှောက်ဖူးခဲ့၏။ လက်မခံခဲ့။ ငွေကြေးတတ်နိုင်လျှင် တစ်နပ်စား အလျှံအပယ် ကပ်လှူမည့်အစား နှစ်နပ်ခွဲ၍ ပုံမှန်အတိုင်း လှူဒါန်းရန်ပင် မိန့်ခဲ့ဖူးပေ၏။

ဒါန၊ သီလ၊ ဘာဝနာ ၃-မျိုးတွင် ဒါနမှုကို အမျိုးသမီးထုတို့ ဦးဆောင်မှုပြုကာ တက်တက်ကြွကြွ ကိုးစားနေကြပါ၏။ လွယ်လွယ်နှင့် ပြုခွင့်ရသော ဒါနကိုပင် ဗုဒ္ဓမြတ်စွာ၏ အလိုတော်ကျဖြစ်အောင် အမျိုးသမီးများကစ၍ ပြုပြင်သင့်လှပါ၏။

စနစ်တကျပြုနိုင်အောင် စီစဉ်ပေးခဲ့ သော်လည်း





စီစဉ်တိုင်း ဖြစ်မလာသည်အထိ လွန်ကဲတက်လာသော ဒေါ်လှူချင်တို့အကြောင်းကို တောက်ထိန်သာ အသိဆုံးဖြစ်ပါသည်။

ပြုနေကျ ဒါနအမှုအား မိမိ၏စိတ်၌ လောဘ၊ ဒေါသ၊ မောဟ ရောင်စုံအလွှမ်းမခံဘဲ သန့်သန့်စင်စင် လှူဒါန်းတတ်ဖို့ လိုနေသေးကြောင်း ကိုဒေါက်ထိန်အတွေ့အကြုံများက ပြောပြနေပါ၏။

(လွန်ခဲ့သော ဆယ်နှစ်ကျော်ကာလများ၏ စင်ကာပူနိုင်ငံတွင် ကြုံတွေ့ခဲ့ရသည်များကို ခံစားဖွဲ့သီပါသည်။)

➤ ➤ ➤



www.burmeseclassic.com

www.burmeseclassic.com

# အဝင်သွတ်သွတ် အထွက်ကြမ်းကြမ်း

အဝင်အထွက်နှင့် ပတ်သက်၍ တစ်ခါမှ ဤမျှ အထိ မစဉ်းစားမိ။ စဉ်းစားလာမိခြင်းမှာလည်း ကိုတောက်ထိန်နှင့် ပတ်သက်နေသည်။ အရွယ်တော် သိသိတိုင်းမှ ဆောက်လုပ်ရေး အင်ဂျင်နီယာ အလုပ်ကို ပြန်လုပ်ဖို့ အားယူသည်။ တားမရ ဆီးမရ။

" ခင်ဗျားခြေထောက်က ကျိုးထားတာ၊ ထော့နဲ့ ထော့နဲ့ သွားနေရတုန်းဗျ၊ အမြင့်ပေါ် တက်ပြီး ကြည့်ရ မြုရ စစ်ရဆေးရတာမျိုးဆို ဘယ့်နှယ်လဲ၊ တက်နိုင် ဆင်း





နိုင်အုံးမှာလား။ သံချောင်းတွေ ချည်ထားတာ မှန်မမှန် ကျော်ခွသွားလာပြီးမှ ဆုံးဖြတ်ရမှာနော်၊ လုပ်လို့ရအုံးမှာ လား။

"စဉ်းစားအုံးကိုယ့်လူ၊ ခင်ဗျားက ဆောက်လုပ် ရေးသမားနော်၊ စီမံကိန်းအင်ဂျင်နီယာ (Project Engineer) ဖြစ်လဲ အဲဒီလိုမျိုး လုပ်စရာ မလိုဘူးလို့ ခင်ဗျား ကို ဘယ်သူပြောလဲ"

ကျွန်တော် တားပါသေး၏၊ မည်သို့မျှ နားချမရခဲ့ ပါ။ သူ့ဒေါသနှင့်သူ အလုပ်ခွင်ထဲ ဖွတ်ဝင်ခဲ့သည်။

လွယ်လွယ်ဖြင့် ရခဲ့သည်တော့မဟုတ်၊ ခဲရာခဲဆစ် ရှာဖွေရင်း၊ အင်တာဗျူးရင်း အလုပ်တစ်ခုရခဲ့သည်၊ ဝါယာမ ကြီးကြီး စိုက်ထုတ်လျက် အားရဝမ်းသာခဲ့သည်၊ သူ့အဝင် နှင့် သူတော့ နှစ်မြို့ဖွယ်ဖြစ်နေသည်။

အန်းတောင်ကြားလမ်းကဲ့သို့ ခဲရာခဲဆစ် ဖုန်တလုံး လုံးခရီးကြမ်းအား ဥပေက္ခာပြုလျက် အားအပြည့်မာန် အပြည့်ဖြင့် လုပ်ငန်းခွင်ဝင်ခဲ့သည်၊ အမှန်ဆိုရပါလျှင် ထို ခရီးသည် ကိုယ်စီးသည့်ကား၊ ဖျက်လျှင် အခြားကားလည်း

www.burmeseclassic.com

www.burmeseclassic.com



သွားမရသောခရီး၊ အခြားကားပျက်လျှင် ကိုယ့်ကားပါ သွားမရသည့်ခရီးဖြစ်သည်။

တစ်ဖက်က ချောက်ကြီးရှိ၍ အခြားတစ်ဖက်က တောင်ကြီးရှိနေသည်၊ တစ်စီးစီးပျက်လျှင် ပျက်သောကားကို မပျက်သောကားမှ ကားဆရာများက ဝိုင်းဝန်းမြင်ပေးကြမှသာ အားလုံးရှေ့ခရီးကို ဆက်၍ရနိုင်သည်၊ ပျက်လိုက်မြင်လိုက်ဖြင့် သွားရသော ခရီးဖြစ်၍ လမ်းမှာ နှစ်ညအိပ်လိုက်ရသည်၊

မနက်ရှစ်နာရီလောက် အလုပ်ခွင်သို့ ရောက်သည်။ ရောက်ရောက်ချင်း သတင်းပို့တော့ မန်နေဂျာက အလုပ်ခွင်ထဲ တန်းထည့်ပါသည်၊ နှစ်ညတိတိ လမ်းခရီးမှာ အိပ်ခဲ့ရသူဟု နားလည်မပေး။ အနားမပေး။ ကြာလေ အနားမပေးလေ ဖြစ်လာသည်၊ အိပ်ချိန်မှာပင် အနားမပေးချင်တော့။

နေ့မအား ညမအား ခိုင်းလာသည်။ အိုဗာတိုင် (Over Time) ဟု ခေါ်သည်၊ အချိန်ပိုကြေး အကြောင်းလည်း ထည့်မပြောတော့၊ ပေးလည်းမပေးပါ။ အလုပ်ပြီး





အလုပ်တွေများလာသောအခါ အလုပ်ဝင်စက ထော့နဲ့ ထော့နဲ့ဖြစ်သော ညာခြေထောက်လည်း မထော့နဲ့နိုင်တော့။ လေ့ကျင့်ခန်းယူသလို ဖြစ်သွား၍လား မသိ၊ အကောင်းနီးပါးပြန်လျှောက်လာနိုင်ခဲ့သည်၊ "ဖြစ်သမျှအကြောင်း၊ မကောင်း ကောင်းအောင်လုပ်" ဟူသော စကားကို သတိရမိသေးတော့သည်။

မအိပ်ရသော ညတွေ၊ ညစာလွတ်သွားသော ညတွေဖြင့်ရင်း၍ အားဂျင်း အားဂျင်း (ARGIN) တွေ၊ မြန်မြန် မြန်မြန်တွေ ဖြတ်ကျော်ခဲ့ရသည်၊ ဗိုက်ဖောင်းဖောင်းဖြင့် ပိုက်ကောင်းခဲ့သည့် ကိုထောက်ထိန်ကြီး တစ်ပတ်အတွင်း ဂိုက်အောက်၍ ဗိုက်ပျောက်ခဲ့ရသည်၊

ယခင်က ဖြူစင်ခဲ့သောမျက်နှာသည် တင်းတိပ်ကဲ့သို့ နေလောင်ကွက်တွေစွဲလျက် ပိန်မည်းမည်းခြောက်ကပ်ကပ် ဖြစ်လာသည်။ ထိုအနေအထားမှာပင် မန်နေဂျာနှင့် တတောက်ကဆတ်များ၍ ဝမ်းပန်းတသာ လက်ခံခဲ့သော ထိုအလုပ်မှ ပြန်ထွက်လာခဲ့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



စဉ်းစားမိသည်မှာ အဝင်နှင့် အထွက်ဖြစ်သည်။

ဖျဉ်းကတိုးသားထဲသို့ သံချောင်းတစ်ချောင်းဝင်အောင် ရိုက်ရသည်မှာ လွယ်သောကိစ္စမဟုတ်ပါ။ သံအသစ်တွေဝင် ဝင်အောင်ရိုက်၍ မရဘဲတွေးသွားတတ်သေးသည်။ ပလတ်စတစ်စတွေခံပြီးရိုက်ကြသည်လည်း တွေ့ဖူးသည်။ လွန်ဖြင့်အရာပေးပြီးမှ ရိုက်သူက ရိုက်သည်။ ဝင်သွားခဲ့လျှင်လည်း ပြန်နုတ်ရန် မလွယ်တော့။ သံသည် သစ်သားထက်မာ၍ သစ်သားက နေရာဖယ်ပေးရခြင်းဖြစ်သည်ဟု ကောက်ချက်ချသူက ချသည်။

ဝင်ပြီးထွက်၍ ထွက်ပြီးမှ ပြန်ဝင်ရန် ကြိုးစားသူမှာ ကိုတောက်ထိန်ဖြစ်သည်။ အမှတ်မရှိ။ တစ်ခါကိုးလိုးကန့်လန့်ဖြစ်၍ ပြန်လာရသော်လည်း အလုပ်သစ်ထပ်ရှာရန် ကိုတောက်ထိန် အားမလျှော့။ အိမ်မှာ တစ်ပတ်ခန့်နားပြီး ရန်ကုန်ပြန်ဆင်းကာ အလုပ်ထပ်ရှာသည်။ အလောင်းစည်သူ၏ "ငါမအိုသေး" ကို အားကျနေဟန်တူသည်။

ရန်ကုန်သို့ ပြန်အဆင်းတွင် လမ်းဘေးရောင်းသည့် အစာတွေ စားမိ၍ ထင်သည်။ ရောက်ရောက်ချင်း ဘာမျှ





မဖြစ်ဟန်ရှိသော်လည်း နံနက်မိုးသောက်မှ ထမရမှန်းသိတော့သည်။ ချာချာလည် မူးနေသည်။

"ဝေါ . . ." ခနဲ ထိုးအန်မှ ခဏတာ သက်သာရာရသည်ဟု ဆိုပါသည်။ အန်ပြီးသည်နှင့် ပြန်၍ ချာချာလည်အောင် မူးပြန်ပါသည်။ ဝမ်းထဲဝင်စဉ်က အရသာ ရှိရှိဝင်သွားကြသော အစားအစာများသည် ခါးတူးချဉ်စုတ်စွာ ပြန်အန်ထွက်လာသည်။

ကိုတောက်ထိန်ကြီး စားခဲ့စဉ်ကနှင့် လုံးဝမတူတော့၊ သီးခြားအသွင်သဏ္ဍာန်များအား ပြန်အန် ထုတ်ရင်းအထွက်၏ ခါးသီးမှုဒဏ်ကို မျက်ရည်ဝဲရင်း ကျွန်တော့်လူကြီး ခံနေရသည်။ ဝင်စဉ်က စိတ်လိုလက်ရ ဝင်စေခဲ့သော်လည်း အထွက်သည် သူ့သဘောသူဆောင်တတ်မှန်း ကိုတောက်ထိန် ပိုမိုနားလည်နေသည်။

ဘာအခါး ဘာအချဉ်မှ မစားခဲ့သော်လည်း ပြန်အန်ထွက်သော အရည်တို့က ချဉ်တစ်ခါ ခါးတစ်လှည့်ဖြင့် အန်တိုင်းအန်တိုင်း မျက်ရည်ဝိုင်းစေခဲ့သည်။ အန်လိုက်မှ ချာချာလည် မူးသည်များ ခဏတာ သက်သာ၍ အန်ခြင်းကိုပင်



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်အဝိုင်းသားဖြင့် ကိုတောက်ထိန် ခုံမင်ချင်နေသည်။ ခံစားမှုဟူသည်မှာ ဤမျှအထိ နားလည်ရခက်ပါသည်။

ဆေးခန်းရောက်အောင် ကျွန်တော်ပင် ပို့ပေးသည်။ အကြောဖ်ဆေး သွင်းလိုက်ရသည်။ သောက်ဆေးသုံးမျိုးလောက် သုံးရက်စာပေးသည်။ ကျပ်ငွေတစ်သောင်းနီးပါး ထောက်ခနဲ့ အိပ်ကပ်ထဲက ခုန်ထွက်သွားမှ ကိုရွှေအအန်လည်း ရပ်ဆိုင်းသွားတော့သည်။

* * *

စားခဲ့စဉ်က ဘာရယ်မဟုတ်၊ ဗိုက်ပြည့်ဖို့စားခဲ့ပါသည်။ သို့သော်လည်း သူ့သဘော သူဆောင်ကာ ခါးခါးတူးတူး ပြန်ထွက်မှ အန်နေရင်း မတ်တတ် သူ့မမကြီးအေးမိစံကို သူသတိရမိကြောင်း မျက်ရည်အဝိုင်းသားဖြင့် ကျွန်တော့်ကို ပြောပါသည်။ ချာချာလည်အောင် မူးနေသူမို့ စကားမပြောရန် တားသော်လည်း အရာမရောက်ခဲ့ပါ။

"ဒီလိုရှိတယ် ကိုယ့်လူရ၊ လမ်းဘေးဆိုင်က ထမင်းသုပ်တို့၊ ခေါက်ဆွဲသုပ်တို့ စားခဲ့တုန်းကတော့ ယင်နားစာတွေ၊ မသန့်ရှင်းနိုင်တာတွေ သိတော့သိနေပေမဲ့ ဗိုက်ဝချင်





လို့ သူများစားနည်းကားမှီးစားခဲ့တာဗျ။ ဗိုက်ထဲ အခန့်မသင့်ဖြစ်ပြီး အခုလိုခံစားရတော့မှ မမကြီးအေးမိစံကို ပိုသတိရမိတယ်ဗျာ"

"ဟာ . . . ခင်ဗျား အော့အန်နေတာနဲ့ မမကြီးအေးမိစံ ဘာဆိုင်လို့လဲဗျ၊ ဘာလဲ မမကြီးသာအနားမှာ ရှိနေရင် ဆေးကုပေးမှာလို့ တွေးနေတာလား"

"အဲဒီလို မဟုတ်ဘူးဗျ။ ကျွန်တော် တွေးလိုက်မိတာက ပလတ်စတစ်အကြည်အိတ်တွေနဲ့ ထုပ်ပြီး တောင်းထဲထည့်ထားတဲ့ ဘိုးတော်ရုပ်တွေနဲ့ နတ်အိုးတွေ၊ နတ်ပစ္စည်းတွေကိုဗျ"

"ခင်ဗျားနှယ် . . . ကြံကြံဖန်ဖန်ဗျာ"

"ကြံကြံဖန်ဖန် မဟုတ်ဘူး ကိုယ့်လူ၊ တကယ့်ကိုပြောတာ၊ မမကြီးဆိုတာ အစတုန်းက ဘာနတ်၊ ဘာဘိုးတော်မှ ကိုးကွယ်တာ မဟုတ်ဘူး။ သူ့အသိုင်းအဝိုင်းကလဲ ဘေးကနေ 'ရိုးရာဆိုတာ မပယ်ကောင်းဘူး၊ မိဆိုင်ဖဆိုင်ဆိုတာရှိတယ်၊ မိဘဘိုးဘွားတွေလက်ထက်ကနေ ယုံယုံကြည်ကြည် ကိုးကွယ်ခဲ့ကြတာမဟုတ်လား၊ ညည်းတို့

www.burmeseclassic.com

www.burmeseclassic.com



မလုပ်တတ် မကိုင်တတ်ရင် ရှိုးရာဖော်ပေးမယ်’ ဆိုပြီး အမြောက် အပင့်တွေ ကောင်းတာနဲ့ နတ်ကိုးကွယ်တဲ့အထဲ ဝင်ခဲ့တာ ဗျ။

“မမကြီးဟာ ဓမ္မရံသီ၊ ဓမ္မရတနာ၊ မြတ်ပန်းရဂုံတို့ တို လစဉ်ထုတ်တွေ တစ်ဖက်ကလဲ ဖတ်ရင်း၊ တစ်ဖက်ကလဲ ဆရာတော်တွေရဲ့ စစ်မှန်တဲ့ ဟောပြောမှုတွေ နာယူရင်း အတွေးမှန် အမြင်မှန်တော့ အများတွေ စွန့်ပစ်ဖို့ လုပ်တာ ပေါ့။ သူ့မှာက ဆေးခန်းရှိတယ်လေ၊ ပလတ်စတစ် အကြည်နဲ့ ထုပ်ထားတဲ့ ပယ်စွန့်ပစ္စည်းတွေကို တောင်းထဲ ထည့်ပြီး ဆေးခန်းဝမှာထားတော့ ဟိုလူမြင် သည်လူမြင်ပေါ့။

“မြင်တဲ့လူဟွေကလဲ ငြိမ်မနေကြဘူး၊ ‘မလုပ်တောင်း လုပ်တောင်း ဆရာမကြီးရယ်၊ ခိုက်တတ်တယ်၊ သူတို့က နတ်စိမ်းတွေ၊ ကောင်းကျိုးသာ မပေးရှိရမယ်၊ ဆိုးကျိုးကိုတော့ လက်ငင်းဗိဠ ပေးနိုင်တာ’ လို့ ပြောတဲ့သူတွေက ပြောရောဗျ”

သူပြောမှ မြန်စဉ်းစား မြင်ယောင်လာမိသည်။ မမကြီး၏ ပယ်စွန့်ပစ္စည်းများသည် အကောင်းစားချည်း



ဖြစ်သည်။ ဈေးကြီးပေးပြီး ဝယ်ထားရသော ပစ္စည်းများနှင့် တကယ်တမ်းစွန့်ပစ်ရမည်ဆိုတော့ နှမြောလိုလျှင်လည်း နှမြောချင်စရာ။

တချို့ရေနွက်တွေ၊ ရေခွက်အောက်မှ ခံသည့်ကြွေပန်းကန်ပြားကလေးတွေမှာလည်း အကောင်းစားတွေ ဖြစ်သည်။ တောင်းသူရှိလျှင် ပေးလိုက်ဖို့ပင် အသင့်ရှိနေဟန်တူပါသည်။

သို့သော် မြင်မိသူများက မတောင်းသည့်ပြင်၊ ကိုးကွယ်မှုကို မဖျက်ကောင်းကြောင်း ကြောက်လန့်ဖွယ်ရာ စီကာ ပတ်ကုံးပြောရင်း မမကြီးစိတ်ကို ယိုင်နဲ့စေမြန်ဝါသည်။ နတ်ကိုးကွယ်မှု၏ ဘေးထွက်ဆိုးကျိုးများမှာ ပြော၍ တုန်နိုင်ဖွယ်မရှိပါ။ ပြောရင်းဆိုရင်း ကိုတောက်ထိန် ကြွပ်ကြွပ်အိတ်ထဲ အန်ချနေမြန်ပြီ။ ကုန်မကုန်နိုင်။ အအန်ရပ်မှ စကားဆက်ပြောရသည်။

“ကိုယ့်လူပြောတာ သဘောပေါက်ပြီဗျာ။ နတ်ကိုးကွယ်တယ်ဆိုတာ ကိုးကွယ်ရလွယ်သလောင် ကိုးကွယ်မှုတာ ခွဲထွက်တဲ့အခါမှာတော့ အခြောက်စကားမလွှကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အကြောက်များပြီး မှောက်မှောက်မှားမှား ဖြစ်တတ်တယ်။ အပင်သွက်သွက် အထွက်ကြမ်းကြမ်း ထိုးအန်ပြီးရင်း အန်နေရင်းအတွက် ဒုက္ခခါးတူးချဉ်စူးနဲ့ နိုင်းပြီးပြောချင်နေတာ မဟုတ်လား"

"ဟုတ်ပါဗျာ၊ အနိုင်းရခက်တဲ့ ဒုက္ခပဲဗျ။ ဟိုလူက ဟိုလိုပြော၊ သည်လူက သည်လိုပြောနဲ့ မမကြီးခမျာ မနဲ့စွန့်စားရတာ။ အဲဒီအပြောဒဏ်တွေ ကိုခါးခါးသီးသီးခံခဲ့ရတာနော်။ စပြီးကိုကွယ်ဘုန်းက မစဉ်းစားထားမိတဲ့ ဒဏ်တွေဗျ။

"အသုပ်ဘွေစားခဲ့တုန်းကတော့ ကြိုက်ကြိုက်နဲ့ စားခဲ့တာပဲ။ ခုလိုမျိုး အခါးရည်တွေ ပြန်အန်မယ်မှန်းသိ ဘယ်စားခဲ့မလဲဗျ။ ကြီးအေးမိစံလဲ ဒီလိုပဲပေါ့။ ဒါပေမဲ့ မမကြီးက ခေသူမဟုတ်တာ ခင်ဗျားသိနေတာပဲ။ ဘယ်သူဘာပြောပြော သူစွန့်ရမယ့်ဟာ ငွန့်ဖြစ်ခဲ့တာပဲ ဝမ်းသာနေရတာပါ။ အဲဒါတွေ ပြန်တွေးမိလို့ပျို့"

"ခင်ဗျားကတော့ တကယ့်စံပါပဲ ကိုတောက်ထိန်။ ကျွန်တော်က မမကြီးအေးမိစံ ဆေးကုတာခံချင်လို့ မမကြီးကို သတိရနေတာလို့ ထင်ထားမိတာ။ မမကြီးသာ သိရင်





မောင်လေးရယ် ဒီလောက်ပဲ နတ်ကိုးကွယ်မှု ကိစ္စတွေမှာ အစွဲလမ်းကြီးရလားလို့ ပြောရင်း ခင်ဗျားကို သနားနေမလားတောင် မသိဘူးနော်"

ကျွန်တော့်စကားပင် မဆုံးသေး၊ 'ဝေါ့' ခနဲထိုးအန်၍ ကြွပ်ကြွပ်အိတ်တစ်လုံး အမြန်ခံပေးလိုက်ရပါသည်။

## မောင်သုဆွေ (သပြေရှဲ)

➤ ➤ ➤



www.burmeseclassic.com